စိတ်ကူးချိုချိုအနုပညာ

# မအိ
# အယ်ဒီတာ
# ကွက်စိပ်

ဟစ်တိုင်ဂျာနယ်အယ်ဒီတာချုပ်မအိ၏
၂၀၁၄ မြန်မာအရေးမှတ်စုများ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

အယ်ဒီတာကွက်စိပ်
မအိ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
စာမျက်နှာ ၉၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) အယ်ဒီတာကွက်စိပ်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

အယ်ဒီတာကွက်စိပ်
မအိ - နေကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၉၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) အယ်ဒီတာကွက်စိပ်

စိတ်ကူးချိုချိုစာအုပ်

# အယ်ဒီတာကွက်စိပ်

မအိ

ပထမအကြိမ်

၂၀၁၄ ခုနှစ် စဆုံး မြန်မာနိုင်ငံ၏ ဖြစ်ပျက်မှုများကို ရက်သတ္တတစ်ပတ်ပြီးတစ်ပတ် တစေ့တစောင်း သုံးသပ်ခံစား ကြည့်မိရာက ပွင့်ထွက်လာသော ဂျာနယ်အယ်ဒီတာဘဝ၏ တစ်နှစ်စာလက်ရာကို စာဖတ်သူများအတွက် တင်ဆက်လိုက်ရပေကြောင်း . . .

မအိ
အယ်ဒီတာချုပ်
ဟစ်တိုင်ဂျာနယ်

တစ်နှစ်ကုန်လို့ တစ်နှစ်ဆန်းပြန်တော့မယ်။ Happy New Year ဆိုတဲ့ အသံကြားရင် **ဟစ်တိုင်**ကနားခါးတယ်။ အဲဒီအသံတွေဟာ မြန်မာနိုင်ငံနေရာ အနှံ့အပြားမှာ။ သူများပျော်လို့ မပျော်နိုင် ... ဟစ်တိုင်က ဘာပျောက်လို့ မှိုင်သတဲ့ . . . လဲ။ နောင်လာနောက်သားတွေ သိနိုင်ခွင့်မရှိလောက်အောင် မြန်မာနိုင်ငံဟာ အမှောင်ထုအောက် နှစ်မြုပ်ခဲ့ရ ... နှစ်မြုပ်ဆဲပါ။ အမှောင်ထုထဲက တစ်ဦးစီ ... တစ်ဦးစီ ကိုယ်စီကိုယ်င ရုန်းထွက်ကြရမယ်။ မထူနိုင်... မထနိုင်တွေကိုလည်း လက်ဆင့်ကမ်းတွဲခေါ်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ် ... လို့ မှတ်ယူကြပါ။

ဟော ... ကြားရပြန်ပါပြီ။ Happy New Year တဲ့။ ဒီဇင်ဘာ ၃၁ ရက်နေ့က အသံတွေကို နှစ်ဟောင်းမှာ အပြီးအပိုင် မြေမြှုပ်ထားခဲ့ကြပါတော့။ လူငယ်အချို့ဟာ မသိနားမလည်လို့ ပျော်ရွှင်မြူးတူးနေဖြစ်ကြတာ။ အဲသလို မသိနားမလည်အောင်လည်း ခေတ်အဆက်ဆက် အမှောင်ချဖန်တီးခဲ့ကြပေသကိုး။ ဇန်နဝါရီ ၁ ရက်နေ့မှာ ကမ္ဘာ့နိုင်ငံတော်တော်များများက ပျော်ရွှင်ဖွယ်နှစ်သစ်ဖြစ်ပါစေ ... လို့ ပြည်တမ်းကျူးရင့်နိုင်ကြပေမယ့် မြန်မာနိုင်ငံ

အနေနဲ့တော့ **Sorry** ပါ။ ဘာကြောင့်လဲဆိုတော့ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလမှာ မြန်မာ့နောက်ဆုံးဘုရင် သီပေါမင်းကို ဗြိတိသျှအစိုးရက ကြက်ငှက်ကလေးကို ဖမ်းယူသလို လွယ်လင့်တကူဖမ်းယူပြီး အိန္ဒိယနိုင်ငံ၊ ရတနာဂီရိမြို့လေးဆီ သုံ့ပန်းအဖြစ် ပို့ဆောင်လိုက်ပါတယ်။ အင်္ဂလိပ်–မြန်မာပထမစစ်ပွဲ၊ အင်္ဂလိပ်–မြန်မာဒုတိယစစ်ပွဲအပြီး နောက်ဆုံးမှာတော့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူခဲ့တာလေ။

၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ရောက်တဲ့အခါမှာ မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရရဲ့အင်ပါယာထဲ ကိုလိုနီ(ကျွန်နိုင်ငံ)အဖြစ် တရားဝင်သွတ်သွင်းလိုက်ပြီဖြစ်ကြောင်းကို အင်္ဂလိပ်အစိုးရက တစ်ကမ္ဘာလုံးသိအောင် ပြန်တမ်းထုတ်ပြီး ကြေညာခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း အဲဒီနေ့ရက်မှာ မြန်မာတစ်နိုင်ငံလုံး ပျော်ရွှင်သင့်ပါရဲ့လား။ တစ်ညလုံးလုံး မအိပ်စက်ကြဘဲ မြူးတူးဟစ်အော်ခုန်ပေါက်ကာ ကျွန်နိုင်ငံအဖြစ် စာအကပ်ခံခဲ့ရတာကို မနာကြည်း မရှက်ရွံ့ကြဘဲ ပျော်မဆုံးမော်မဆုံးဖြစ်သင့်ကြပါသလား။ မြန်မာတွေမှာ မြန်မာ့နှစ်ကူးဆိုတာ အခိုင်အမာ ရှေးအစဉ်အဆက်ရှိခဲ့ပြီးပြီပဲ။ ကိုယ့်ထုံးတမ်းစဉ်လာနဲ့အတူ ပျော်စရာတွေ ၄၊ ၅ ရက်တိတိ ပြည့်လို့။

အဲဒီတော့ နှစ်တစ်နှစ်ရဲ့ ဇန်နဝါရီ ၁ ရက်နေ့တိုင်းမှာ ဘာလုပ်သင့်ကြသလဲ။ သူ့ကျွန်ဘဝရောက်ခဲ့ရပုံအဆင့်ဆင့်နဲ့ အဲသည်ခေတ်အခါက အုပ်ချုပ်ရေးယန္တရားတွေ၊ သူ့ကျွန်ဘဝက လွတ်မြောက်ဖို့ အသက်စွန့်ကြိုးပမ်းခဲ့ကြတဲ့ မြန်မာ့သူရဲကောင်းအထောင်အသောင်းတွေ၊ မျိုးချစ်စိတ်ရှိသူတွေနဲ့ အမျိုးသားသစ္စာဖောက်တွေ ... စသဖြင့် စသဖြင့် ကွဲကွဲပြားပြား ခြားနားပိုင်းဖြတ်ပြီးတော့ လေ့လာဆွေးနွေးစည်းဝေးကြကာ သက်ကြီးစကား သက်ငယ်ကြားစေကြရမယ်။ မိမိနိုင်ငံတွင်းရှိ တိုင်းရင်းသားပေါင်းစုံရဲ့ ဇာတိသွေးဇာတိမာန်စိတ်တွေကို လူငယ်ထုဆီ လက်ဆင့်ကမ်း သွေးသွင်းပေးစေချင်တာပါပဲ။

ယခု ခေတ်ပြောင်းစပြုပြီ ပြောလို့ရတဲ့အစိုးရသစ်လက်ထက်မှာလည်း မြန်မာနိုင်ငံကို အကျိုးလိုလို့ ညောင်ရေလောင်းမယ့်သူတွေဟာ အနောက်နိုင်ငံ

ကသာမက အာရုဝိုက်တွင်းမှာပါ အလုအယက်ဖြစ်နေကြပါပြီ။ အသားဖြူ၊ အသားဝါတွေရဲ့ စားကျက်မြေမဖြစ်ရလေအောင် အားလုံးဝိုင်းဝန်းကာကွယ်ကြပါစို့လို့ ဟစ်တိုင်ကနေ **ဟစ်တိုင်** ကိုယ်တိုင်ကိုယ်ကျ နှစ်သစ်မှာ ဟစ်လိုက်ရပါကြောင်း ...။

* * *

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်က ကောသမ္ဗီပြည်မှာ သံဃာသင်းကွဲမှုဖြစ်ပေါ်ပါတယ်။ ဝိနည်းရဟန်းနဲ့ ဓမ္မကထိကရဟန်းတို့ သင်းကွဲမှုပါ။ အဲဒီအရေးအခင်းဟာ ဘယ်လောက်ထိကြီးကျယ်သွားလဲဆိုတော့ ကိုးကွယ်ဆည်းကပ်ရာ ရဟန်းအလိုက် ဒကာ၊ ဒကာမတွေကအစ နတ်ပြဟ္မာအဆုံး ကွဲပါတော့တယ်။ အကျယ်ကျယ်မငြိမ်းဖွယ် ဖြစ်လာတဲ့အခါ မြတ်စွာဘုရားကဝင်ပြီး ဖျန်ဖြေတော်မူတယ်။ ဒါပေမဲ့ ဘယ်လိုမှ ပြေလည်မှုမရကြပါဘူး။ ကွဲမြဲကွဲနေကြတော့တယ်။ ပြောမရ၊ ဟောမရဆိုတော့ ဘုရားရှင်လည်း စိတ်ပျက်တော်မူပြီး 'ပလဲလည်းတော' (ပါလိလေယျကတော) မှာသွားပြီး အကွဲအပြဲကိုရှောင်ရင်း သီတင်းသုံးနေတော်မူပါတယ်။ သံဃာထုမညီညွတ်တော့ရင် ပစ္စည်းလေးပါး ဒကာ၊ ဒကာမတွေက သံဃာတော်တွေကို သပိတ်မှောက်တော့တာပေါ့။ သပိတ်မှောက်တယ်ဆိုတာ ဆွမ်းမလောင်းလှူတော့တာပါ။ သံဃာတွေက ကတိကဝတ်တွေပေးပေမယ့် သပိတ်မှောက်မြဲပဲတဲ့။ အဲဒီမှာ ဘုရားရဲ့ လက်ဝဲရံနဲ့ လက်ယာရံဖြစ်တဲ့ ရှင်သာရိပုတ္တရာနဲ့ အရှင်အာနန္ဒာတို့ကနေ ဘုရားရှင် ပြန်ကြွလာတော်မူဖို့ သွားရောက်လျှောက်ထားပင့်ဆောင်တော့မှ မြတ်စွာဘုရားလည်း ပြန်ကြွတော်မူလာပါတယ်။ အဲသည် ဘုရားရှင်လက်ထက်တော်ကစလို့ သံဃာက ဒကာကို သပိတ်မှောက်၊ ဒကာက သံဃာကို သပိတ်မှောက်တဲ့ဖြစ်စဉ်ကို အခွင့်အရေးအဖြစ်ရရှိလာခဲ့တာပါ။

ရဟန်းဖြစ်ဖို့ဆိုရင်လည်း ရဟန်းလောင်းဟာ သိမ်ထဲမှာ အခြားရဟန်း (၅)ပါးက သဘောတူညီမှုရသည်အထိ မေးမြန်းဖြေဆိုပြီးမှသာ ရဟန်းအဖြစ်

ကို ရရှိနိုင်မှာဖြစ်တယ်။ သိမ်ဟာ လွှတ်တော်နဲ့ အလားသဏ္ဌာန်တူပြီး၊ ဗုဒ္ဓဘာသာဆိုတာ ဒီမိုကရေစီလုပ်ငန်းစဉ်နဲ့သွားကာ ကွန်မြူနစ်လိုကျင့်ကြံနေထိုင်ရကြောင်း သီတဂူဆရာတော်ရဲ့ဆရာရင်း (အနီး စခန်းဆရာတော်)က မိန့်ကြားကြောင်း မှတ်သားဖူးပါတယ်။ ဒီမိုကရေစီရှိတဲ့ ဘုရားလက်ထက်တော်ကပင် သံဃာအား ဘုရားမလွန်ဆန်သာဆိုသလိုပဲ ယနေ့လက်ရှိ မြန်မာနိုင်ငံမှာ မြစ်ဆုံကိစ္စ၊ လက်ပံတောင်းတောင်ကိစ္စ၊ မိကျောင်းကန်အရေးအခင်းကိစ္စတွေမှာ ပြည်သူလူထုကြီးတစ်ရပ်လုံး သိကြတဲ့အတိုင်း တောင်းဆိုဆန္ဒပြမှုတွေအောက်မှာ အုပ်ချုပ်သူတွေဘက်က မလွှဲမရှောင်သာ လိုက်လျောပေးခဲ့ရတာတွေ ရှိနေပါတယ်။ တစ်ယောက်အားနဲ့ယူသော်မရ၊ တစ်သိန်းအားနဲ့ယူသော်ရ၏ ဆိုတဲ့စကားရှိအတိုင်း တစ်ဦးချင်းစီ၊ တစ်ဦးချင်းစီဖြစ်စေ တစ်ချိန်မှာ တစ်သိန်းအားဖြစ်လာပါလိမ့်မယ် . . . . .။

**(အကိုးအကား – ဓမ္မပဒဘာသာပြန်)**

* * *

"ဟစ်တိုင်"ဆိုတာ ရှေးရှေးခေတ်ကတည်းက ရှိလာခဲ့တာပါ။ 'ဟစ်'နဲ့ 'တိုင်' စကားလုံးမှာ စာလုံးတစ်လုံးစီရဲ့ အဓိပ္ပာယ်တစ်မျိုးစီရှိပြီး စာလုံးနှစ်လုံးပေါင်းတော့ ခိုင်မာတဲ့ Target တစ်ခုဆီ ဦးတည်သွားပါတယ်။

ဟစ် . . . ဆိုတာက တိုးတိုးပြောခြင်းမဟုတ်ပါ။ တစ်ယောက်မက အများသိအောင် ပြောကြားလိုက်ခြင်းပါပဲ။

တိုင် . . . ဆိုတာကတော့ မိမိပြောလိုတဲ့စကားကို သိကြားသူက Action မယူသည့်တိုင် နားလည်သဘောပေါက်ပြီး ဘာလုပ်သင့်တယ် ဆိုတာ စဉ်းစားမိစေဖို့ပါ။ တိုင်တည်တယ်ပေ့ါ။ နောက်အဓိပ္ပာယ်တစ်ခုက အဆောက်အဦတွေမှာ အရင်ဆုံးတိုင်ထူရပါတယ်။ သိစေကြားစေချင်တဲ့ အကြောင်းအရာကို တိုင်တည်တဲ့နေရာဆိုတာ "ဟစ်တိုင်"လောက် ခိုင်မာသေချာတာ မရှိပါ။

ကဲ . . . ဘယ်သူ ဘယ်ဝါတွေကို ဘာတွေသိစေချင်ပါသလဲ . . .

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ နံနက်အရုဏ် ၄း၂၀ နာရီမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီဖြစ်ကြောင်း စတင်ကြေညာခွင့်ရခဲ့ပါတယ်။ သူ့ကျွန်ဘဝမှာ အနှစ်နှစ်အလလ နှံ့နှစ်ခဲ့ရပြီးနောက် မြန်မာနိုင်ငံ၏ သားကောင်းရတနာများဖြစ်သော မျိုးချစ်ပုဂ္ဂိုလ်များဦးဆောင်လျက် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုတို့ဖြင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြတယ်။ တစ်စုံတစ်ခုကိုရရှိဖို့ ကြိုးပမ်းရတာ တော်ရုံလုံ့လဉဿဟနဲ့ မရနိုင်ပါဘူး။ အဲဒီအရာကို တည်မြဲအောင် ထိန်းသိမ်းနိုင်ဖို့ဆိုတာ ပိုမိုခက်ခဲလှပါတယ်။ တိုင်းရင်းသားမျိုးနွယ်ပေါင်းများစွာ စုစည်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံမှာ သူတစ်လူငါတစ်မင်းမဖြစ်ရအောင် သွေးစည်းညီညွတ်စွာ နေထိုင်သွားနိုင်ကြဖို့ဆိုရင် ငြိမ်းချမ်းရေး၊ တန်းတူရေး၊ သွေးစည်းရေးတွေ မုချလိုအပ်ပါတယ်။ ကိုလိုနီလက်အောက်က လွတ်လပ်ရေးရဖို့ ၆၃ နှစ်တိုင်တိုင် တိုက်ပွဲဝင်ခဲ့ကြရသလို ဒီမိုကရေစီဖော်ဆောင်နေတဲ့ ယခုလိုခေတ်ကြီးမှာ ဒီမိုကရေစီရဖို့ကိုလည်း နှစ်ပေါင်းများစွာ၊ အသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ ရင်းခဲ့ကြရ၊ ရင်းနေရဆဲပါ။

လွတ်လပ်ရေးအတွက် ကြိုးပမ်းစဉ်ကာလမှာ ဂျပန်အကူအညီကို မလွဲမရှောင်သာ ယူခဲ့ကြဖူးတယ်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်က လွတ်မြောက်ပြီးတဲ့အချိန်မှာ မြန်မာတစ်မျိုးသားလုံးက လွတ်လပ်ရေးမရမချင်း တိုက်ယူကြမယ့်အရေးကိုမြင်တဲ့အခါ ဂျပန်က လွတ်လပ်ရေးအတုကို ပထမပေးခဲ့ကြတယ်။ ဒီလွတ်လပ်ရေးဟာ ရွှေရည်စိမ်လွတ်လပ်ရေးလို့ အမည်တွင်သွားတယ်။ နောက်ဆုံးတော့ လွတ်လပ်ရေးစစ်စစ်ကို နယ်ချဲ့တွေက မဖြစ်မနေပေးရပါတော့တယ်။ ယခုလည်း မြန်မာတစ်နိုင်ငံလုံးက ဒီမိုကရေစီကို ငတ်မွတ်နေကြတာ ကာလကြာရှည်ခဲ့ပြီ။ အဆင်တူအရောင်ကွဲတဲ့ ဒီမိုကရေစီယောင်ယောင်ကို ပြည်သူလူထုက လုံးဝအလိုမရှိပါ။ ဒီမိုကရေစီစစ်စစ်ကိုသာလျှင် ရင်ဖွင့်တောင်းဆိုနေကြပါပြီ။

ပြီးခဲ့သောနှစ်ကာလများကို ပြန်လှည့်မကြည့်လိုပါသော်လည်း နောင်လာမည့်နှစ် ၂၀၁၄–၂၀၁၅ ရှေ့လုပ်ငန်းစဉ်အတွက် ဆောင်ရန် ရှောင်

ရန်ပဲဖြစ်စေ အတိတ်ကို သင်ခန်းစာယူရမည်သာ။ ၂၀၁၃ မှာ ဘာတွေ ဆုံးရှုံးပြီး ဘာတွေ မြတ်စွန်းခဲ့ပါသလဲ။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လယ်သမားရေး၊ အလုပ်သမားအရေး၊ ငြိမ်းချမ်းရေး၊ မြေပိုင်နက်၊ လယ်ပိုင်နက်၊ လူကုန်ကူးမှု၊ ဆန္ဒပြဖော်ထုတ်မှု၊ မူးယစ်ဆေးဝါးမှု၊ မုဒိမ်းမှု စသဖြင့်၊ တိုင်းနိုင်ငံတစ်ခု၏ အနာဘယများကို ဆေးမြီးတိုဖြင့် ကုသမရနိုင်ပါ။ အနာသိလျှင် ဆေးရှိရမည်ဆိုသော်လည်း ထိုဆေးတော်ကြီးကို ဖော်စပ်ရန် ဘယဆေးမြစ်၊ သစ်ဥသစ်ဖုနှင့် အရွက်၊ အခေါက်တို့ လိုအပ်ပါလိမ့်မည်။ စစ်စစ်မည်သော ဆေးဖက်ဝင် အရာခပ်သိမ်းပါဝင်ရမည့် အချိုးအစားပမာဏလည်း တိကျဖို့လိုသေးသည်။ ကဲ.. ပစ္စည်းပစ္စယတွေ စုံလင်ကုံလုံပါပြီတဲ့။ ရှေးသမားတော်ကြီးများကတော့ အချိန်အခါကိုလည်းရွေးသေး၏။ သို့မှသာလျှင် ဆေးစွမ်းပြနိုင်သည်ဟုအယူ ရှိကြလေသည်။ အဘယ်မည်သော နေ့နာမ်မပါဝင်ရ...၊ အဘယ်မည်သောနေ့နာမ်ကသာ ပါဝင်ဆောင်ရွက်ရမည်...ဟူလို။ အဓိကဦးတည်သည်မှာ ရောဂါပျောက်ရေးပင်ဖြစ်သည်။

ထို့အတူပင် မြန်မာနိုင်ငံတွင်း၌ ဆန္ဒပြကြ...ဖြိုခွဲကြ...၊ အခွင့်အရေးတောင်းဆိုကြ...ဖမ်းဆီးထောင်သွင်းအကျဉ်းချ၊ ကုမ္ပဏီတွေဖျက်သိမ်းတော့ နစ်နာကြေးတွေတောင်းခံကြ၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတွေ ဖမ်းလေဆီးလေ တိုးပွားလေ...၊ ကာ႔ဇရောင်းရေးဝယ်တာကိစ္စ လွှတ်တော်ကတောင် မနေရ၊ စတုတ္ထမဏ္ဍိုင်ဖွံ့ဖြိုးရေး.. စာပေလွတ်လပ်ခွင့်၊ ...မီဒီယာလောကလင်းပွင့်မှု အတိုင်းအတာအရ သတင်းထောက်မခိုင်ထောင်(၃)လ၊ လက်ပံတောင်းတောင်က မီးလောင်ဖုံးသင့် သံဃာတော်တွေဒဏ်ရာကျက်ပြီလား၊ အမြော်အမြင်နည်းစွာနဲ့ စီးပွားရေးသောင်းကျန်းမှု စီမံကိန်းအဆာကျယ်မှုတွေကြောင့် သူတစ်လူငါတစ်မင်းနဲ့ အချင်းချင်းတွေ စိတ်ဝမ်းကွဲရ၊ လွှတ်တော်ထဲက စိတ်ဝမ်းကွဲမှုတွေကို စိတ်မချလက်မချ ဖာတ်ညွှန်းအရလား၊ အမှန်အကန်လား၊ တို့ဘုရားမှ သိပေလိမ့်။ စွယ်စုံရပ်ရှင်မင်းသားအဆိုတော် စာရေးဆရာ ဗိုလ်ကြီးဝင်းဦးလို၊ ဆရာဝန် သရုပ်ဆောင် စာရေးဆရာမောင်သင်လို စွယ်စုံရအနုပညာရှင်မျိုးတွေ ကျောင်းသား

အာဇာနည်တွေယဲ ပေါ်ထွန်းနေတာ ဝမ်းသာရမလား.. ဝမ်းနည်းရမလား။ ပန်းတိုင်ပျောက်သွားကြမှာ စိုးကြောက်လှပါဘိတော့။

အိမ်ယဲကအိမ်ပြင်ထွက်လိုက်တာနဲ့ သံဝေဂယူစရာတွေ မကုန်ခန်းနိုင်အောင်မြင်တွေ့.. ကြားနေရတဲ့ အမိမြန်မာနိုင်ငံတော်ဟာ ပဝါနှစ်စ အသာမချနိုင်တော့ပါကလား။ ပဝါလေးတစ်စောင်းချ.. ကျောင်းအစ်မခမျာ အလှည့်အပြောင်း ရေကြောင်းကြည့် စုန်ရ.. ရေဆန်လေထန် ပွက်ပွက် အန်လှိုင်းဂယက်မှာ တက်မရှိလည်း လက်ထိုးလှော်ရ... ခတ်ရ။ ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖျားခတ် မိခင်ရောဝတီ မတ်တတ်က လဲပြိုလုလု။ မြစ်ဆုံကို ဟိုဒင်းဟိုဝါ ပြန်ပြုကြမတဲ့။ ဒါကြောင့် ရှေးလူကြီးသူမများ ပြောခဲ့တာ။ ပဝါပါးနဲ့ ကြက်သားမထုပ်နဲ့... လို့။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘဝ လွတ်လွတ်ကျွတ်ကျွတ် ရောက်ခဲ့တဲ့အခါမှာ ဆိုဗီယက်ထံ ကြက်ဥကအစ စရွေးကိုက်ပြီး အကြွေးပြန်ဆပ်ခဲ့ရတာ ပုံပြင်မဟုတ်ဘူး...။ တကယ့်အဖြစ်။ သူစိမ်းတစ်ရံဆံတွေဆီက နှောင်ကြိုးမဲ့ အကူအညီဆိုတာ ရှာမှရှား မဟုတ်လား။ ငါးစာကိုသာကြည့်ပြီး ဟပ်မိရင် ငါးမျှားချိတ်က ဘာသိဘာသာနေမယ်မထင်ပါ။

ရွှေကို ယူသည့်...

ငွေကို ယူသည့်...

လယ်ကို ယူသည့်..

မြေကို ယူသည့်...

ပြီးတော့ လူကိုပါယူသည့်... ဆိုတဲ့ ကိုလိုနီဘဝက ဗမာပြည်သူလူထု ကျော့မွဲများ၏ အတိတ်သမိုင်းသည် နယ်ချဲ့လက်ပါးစေ ချစ်တီးများလက်အောက်မှာ ဒဏ်ရာဗရပွ။ မျက်စိပေါက်ကျဉ်းကျဉ်း ဆွတ်ဆွတ်ဖြူ ချစ်တီးသစ်များ၏ ငါးစာကို ရှောင်ကြရှားကြ။ ခေတ်အဆက်ဆက်က ကျော့မွဲမှာ ယခုအခါ ဦးခေါင်းဆံဖျားမှ ခြေဖျားထိ မွဲစုတ်ဖြူဖျော့ မြော့နေတော့ပြီ။ အရေးကြီးလည်း သွေးမနီးကြလျှင် အမျိုးပျောက်မှာ စိုးကြောက်စရာ။ နိုင်ငံတော်သမ္မတကြီးက နိုင်ငံရပ်ခြားဆုတံဆိပ်တွေ၊ ဒေါ်အောင်ဆန်းစုကြည်က ရေတွက်မနိုင်သော

ဘွဲ့တွေနဲ့ မြန်မာနိုင်ငံဂုဏ်ကို ဆောင်နေသည်ဆိုပါလျှင် မြန်မာနိုင်ငံ ပြည်သူလူထုကိုလည်း ကမ္ဘာ့ကုလသမဂ္ဂကဖြစ်စေ၊ စကြဝဠာသမဂ္ဂက ဖြစ်စေ 'နှင်းပြား' ဆုပေးစေချင်လှပါသည်။

နှင်းလေ. . . . . ပြားလေဘဝများမှာ မနှင်းခင်ဖြစ်စေ. . . နှင်းပြီးပြားပြီးဖြစ်စေခဲ့။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ စတင်ကာ မြန်မာနိုင်ငံတော်တစ်ဝန်းရှိ အမြို့မြို့ အနယ်နယ်တို့တွင် လွတ်လပ်ရေး၏အနှစ်သာရကို တန်ဖိုးထားသောအားဖြင့် အထိမ်းအမှတ်သင်္ကေတတစ်ခုခုတော့ ဖော်ဆောင်ခဲ့ကြသည်ချည်းပင်။ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ပဲဖြစ်ဖြစ်၊ မုန့်လက်ကောက်ကြော်နှင့် ရေနွေးကြမ်းပဲဖြစ်ဖြစ် တစ်အိမ်နှင့်တစ်အိမ် ဝမ်းမြောက်ဝမ်းသာ အလှူအတန်းပြုကြကြောင်း သက်ကြီးစကား သက်ငယ်ကြားဖူးခဲ့ရပေပြီ။ တစ်နှစ်လုံးပဲ . . . . ပျော်ကြသတဲ့။

* * *

မြန်မာနိုင်ငံနှင့်ထိစပ်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် ယူနန်ပြည်နယ်၏ သည်ဘက်၌ ဖီမော်ဆိုသော ကချင်ရွာကြီးတစ်ရွာရှိသည်။ ဖဆပလ အစိုးရလက်ထက်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနှင့် တစ်ဖက်နိုင်ငံတို့ အလဲအထပ်ပြုကြစဉ် မြန်မာနိုင်ငံဘက်မှပေးအပ်ခဲ့သော ဖီမော်၊ ဂေါ်လန်၊ ကန့်ဖန်ဆိုသော ရွာ (၃) ရွာ။ နှစ်နိုင်ငံနယ်စပ်နှင့် တစ်မိုင်ခန့်အကွာတွင် ၁၅ ပေပတ်လည်ခန့်ရှိသော အုတ်ခုံပိုင်းကြီးကို ယနေ့တိုင် ရှာဖွေတွေ့ရှိနိုင်ပါသေးသည်။ ယခုအခါ မြက်ပင်၊ ပေါင်းပင်တို့ နွယ်တက်နေသော မွေးနေ့ကိတ်မုန့်သဏ္ဍာန် ထိုအုတ်ခုံပိုင်းကြီးသည် တစ်ချိန်က လွတ်လပ်ရေးကျောက်တိုင်ဖြစ်ခဲ့ပါသတဲ့။ ဖီမော်၊ ဂေါ်လန်၊ ကန့်ဖန်ဟူ၍ တစ်ဖက်နိုင်ငံသို့ပေးမည့် ရွာ ၃ ရွာအနက် ဖီမော်ရွာတွင်းရှိ ထိုလွတ်လပ်ရေးကျောက်တိုင်ကြောင့်သာ နယ်နိမိတ်မြေ သတ်မှတ်မှုအရ တရုတ်နိုင်ငံက အလျှော့ပေးခဲ့ဖူးသည်။ လွတ်လပ်ရေးကျောက်တိုင်မပြိုပျက်ရန် ကချင်မျိုးနွယ်လာချိဒ်တို့

တစ်တွေ မည်သို့မည်ပုံ ရင်ဆိုင်ခဲ့ကြသလဲ။ ထိုဒေသနှင့် နှစ်မြို့ခြား (ဖျင်းမာ၊ လုဆွေ)ပြီးလျှင် သံလွင်မြစ် (တရုတ်အခေါ် နူကျန်း) ကို ခွတည်ထားသော လုခိုးမြို့ (နံပါတ် ၆ တံခါးမြို့) တည်ရှိသည်။

ဗီမော်ရွာကြီးတစ်ဝိုက်နှင့် အခြား ဖဲကျိုးတီး၊ ဘာဟူခိုး၊ ဆာဒေါလော စသည့် ရွာစဉ်ရွာဆက်သည် အိမောဘွန်းတောင်ခြေသို့တိုင်၏။ ထိုဒေသကို လရှီချောင်ဟု ခေါ်ဝေါ်သမုတ်သည်။ လရှီ(လာချိဒ်) ငွေ့ချမ်းမျိုးနွယ်စုများနေ ထိုင်ရာ အရပ်ဆိုလျှင် မမှားပါ။ လီဆူးလူမျိုးများလည်း ရောနှောနေထိုင်ကြ သည်။ ပြည်တွင်းစစ်မီးကြောင့် နိုင်ငံတော်နှင့် KIO၊ KIO နှင့် ကွန်မြူနစ် တပ်များ ပတ်လည်တိုက်ပွဲများကြောင့် မီးလောင်ပြင်ဖြစ်ခဲ့ဖူးသော အတိတ် သမိုင်းရှိဖူး၏။ ငြိမ်းချမ်းရေး ကချင်အထူးဒေသ(၁) အဖြစ်တည်ရှိစဉ်က ဖွံ့ဖြိုးမယောင်ယောင် ဟန်ရေးပြခဲ့ပါသော်လည်း မကြာမတင်က KIO(ခ) KIA နှင့် အစိုးရတပ်အပါအဝင် ငြိမ်းချမ်းရေးတပ်ဖွဲ့ အသွင်ပြောင်းနယ် ခြားစောင့်တပ်တို့ တိုက်ပွဲများထပ်မံဖြစ်ပွားရာ မီးလောင်ပြင် တစ်ဖန်ဖြစ် ရပြန်ပါသည်။

လွတ်လပ်ရေးကျောက်တိုင်ကြီးကြောင့် နယ်မြေပါသင့်သလောက် ပါမသွားခြင်းကို လာချိဒ်အမျိုးသားတို့ တဖွဖွပြောဆဲဖြစ်သည်။ ထိုဒေသရှိ ငွေ့ချမ်းခအပါအဝင် ကန့်ဖန်ချောင်း စသည်တို့သည် တရုတ်နိုင်ငံရှိ နူကျန်း မြစ်(သံလွင်) နှင့် နယ်မြေပိုမိုနီးစပ်ပါသော်လည်း နူကျန်းဆီ မစီးဝင်ခဲ့ကြပါ။ တောင်များ၊ စိုက်ခင်းများ၊ လူနေကျေးရွာများကို ကွေ့ကာပတ်ကာဖြင့် နူကျန်း (ခ) သံလွင်မြစ်ထက် လေးငါးဆခရီးဝေးကွာသော ချီဖွေ အထိ စီးဆင်းကာ အင်မိုင်ခဆီမှတစ်ဆင့် မြစ်ဆုံဆီဦးတည်မိကြသည်။ ထိုမှ ဧရာဝတီ ဟူ၍ ဖြစ်ပေါ်လာခြင်းပင်။

ဤကဲ့သို့ အမျိုးအနွယ်ကို စောင့်သိသော ရေမြေဒေသတိုင်းတွင် ဟစ်တိုင်တစ်ခုစီ ထားရှိလိုလှပါသည်။ မြစ်ဆုံတွင် "ဟစ်တိုင်" တစ်ခု၊ သံလွင်တွင် ဟစ်တိုင်တစ်ခု၊ လက်ပံတောင်းတောင်တွင် ဟစ်တိုင်တစ်ခု၊ ယူနန်မြန်မာနယ်စပ်ရှိ ဗီမော်ရွာ လွတ်လပ်ရေးကျောက်တိုင်ကြီးပေါ်တွင်

တစ်ခုစီမြင်ကြည့်မိသည်။

ခေတ်အဆက်ဆက် နှစ်နှစ် အလလ ခံစားခဲ့ရသမျှ နိုင်ငံသားတိုင်း ဟစ်တိုင်မှာ ရင်ဖွင့်နိုင်ပါတယ် . . . မိတ်ဆွေများ . . . . ။

(မှတ်ချက်။ ခ= မြစ်)

* * *

နှစ်တစ်နှစ်၏ အဦးဆုံးလသည် ထိုနှစ်တစ်နှစ်တာကာလ၏ အရုဏ် ဦးဆိုသော် မမှား။ အရုဏ်ဦးဆိုရာ၌ ရောင်နီလာစပင်ရှိသေး၏။ ငှက်ကလေး များက စိုးစိုးစီစီအသံမြည်လျက် အိပ်တန်းမှထရန် ဟန်ပြင်သည်။ အတောင် ကိုဆန့်၏ ... ကိုယ်လုံးကို ခါသည်။ နှင်းကြွင်းဖြင့် စိုစွတ်သောအမွေး အတောင်တို့အတွက် နေရောင်ခြည်ကို မျှော်လင့်သည်။ နေမင်းသည် ကမ္ဘာ လောကအား ခိုးကြည့်ရုံသာရှိသေး၏။ အလင်းဓာတ်ကို ရက်ရက်ရောရော မဖြန့်ဝေသေး။ မပေး၏ သို့ ... ပေး၏။ သို့ ... နှင့် တွန့်တွန့်ဆုတ်ဆုတ်ရှိ လှပေတောင်း။ နေရောင်ခြည်ဝင့်ပါမှ အဘာယ်အရပ်သို့ ပျံသန်းကာ အစာ ရှာထွက်မည်။ လင်းလင်းချင်းချင်းရှိပြီဆိုမှ အန္တရာယ်ရန်အသွယ်သွယ်ကို ရှောင်နိုင်တိမ်းနိုင်ကာ တစ်နေ့တာပျံသန်းလှုပ်ရှားကြပြီးသကာလ နေဝင် ဆည်းဆာအချိန်လေးမှာ အိပ်တန်းဆီ ဘေးမသီရန်မခ အရောက်ပြန်နိုင်ကြ ပေမည်။

မြန်မာနိုင်ငံ၏ ၂၀၁၄ ဇန်နဝါရီလ ကုန်ဆုံးနိဂုံးချုပ်လုနီးပေပြီ။ နှစ် အသစ်၏ ဖွေဆော်ဦးလတွင် ဒီမိုကရေစီအရုဏ်ဦးကို ရောင်နီပျပျမြင်ကြရ သလိုပင်၊ စိတ်အစဉ်ကို တောင်ပံဆန့် ပျံသန်းရန် မျှော်လင့်စောင့်စားကုန်သော ပြည်သူပြည်သားအပေါင်းတို့သည် ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုတို့ဖြင့် အေးစက်တုန်ခိုက်နေခဲ့ရ ကာလကြာ ညောင်းခဲ့ပါပြီ၊ ဒီမိုကရေစီ နေရောင်နွေးနွေး ခိုလှုံလိုလှပါပြီ။ ပွင့်လင်းလာမည့် နေရောင်ခြည်သစ်ထဲတွင် သံလွင်ခက်ကို ကိုက်ချီပျံသန်းလာမည့် ချိုးငှက်ဖြူ လေးကိုလည်း အတွေးထဲမြင်ယောင်ကြည့်ရုံဖြင့်ပင် အရသာရှိလှပါဘိ ...။

၂၀၁၄ ခုနှစ်ရဲ့ အရုဏ်ဦး ရောင်နီပျပျဟာ ဇန်နဝါရီလမှာစတင်လို့ တစ်လတာကုန်ဆုံးခဲ့ပြန်ပါပြီ။ ဖေဖော်ဝါရီလ...တဲ့။ အဲ့ဒီလဟာ မြန်မာ နိုင်ငံသားတွေအဖို့ ဂုဏ်ယူဖွယ်ရာ လတစ်လဖြစ်တယ်။ ချစ်သူများနေ့ရှိလို့ ဆိုပြီးအယူမမှားကြပါနဲ့။ မြန်မာနိုင်ငံလွတ်လပ်ရေး ဗိသုကာကြီးဗိုလ်ချုပ် အောင်ဆန်းရဲ့ မွေးလဖြစ်လို့ပါ။ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် (၁၂၇၆ ခု၊ တပေါင်းလဆန်း ၁ ရက်) စနေနေ့မှာ အဘ ဦးဖာ၊ အမိဒေါ်စုက နေ ဗိုလ်ချုပ်အောင်ဆန်းကိုမွေးဖွားခဲ့ပါတယ်။ ဗိုလ်ချုပ်ရဲ့ဇာတိဖြစ်တဲ့ တောင် တွင်းကြီးခရိုင် နတ်မောက်မြို့ဟာလည်း မြန်မာနိုင်ငံလွတ်လပ်ရေး သူရဲ ကောင်းမွေးဖွားရာ ဘူမိနက်သန်မြေအဖြစ် ရာဇဝင်တွင်ရစ်ခဲ့ပါပြီ။ ဗိုလ်ချုပ် အဘိုး ဦးမင်းရောင်လည်းပဲ သူ့ကျွန်မခံလိုတဲ့ မျိုးချစ်ခေါင်းဆောင်တစ်ဦးပေမို့ မျိုးနဲ့ရိုးနဲ့ မတရားအုပ်ချုပ်သူများကို တော်လှန်ခဲ့ကြ၊ ပြည်သူ့အရေးကို အသက်သွေး စတေးပေးလှူခဲ့တဲ့ အာဇာနည်များပေပဲ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တစ်မိတည်းဖွား အစ်ကိုအကြီးဆုံး ဦးဘဝင်းဟာလည်း နယ်ချဲ့လက်ပါးစေတို့ လုပ်ကြံမှုအတွင်း အာဇာနည်အဖြစ် အသက်ပေးခဲ့ရသူ တစ်ဦးအပါအဝင်ဖြစ် တယ်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နေသူရိန်အစည်းအဝေး၊ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ရွှေတိဂုံအလယ်ပစ္စယံ ပြည်လုံးကျွတ် ဖဆပလ ညီလာခံ၊ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ တိုင်းရင်းသားများ ပင်လုံညီလာခံ၊ မေလ ၁၉ ရက်နေ့ ဖဆပလညီလာခံ၊ ဇွန်လ ၁၆ ရက် နေ့ တိုင်းပြုပြည်ပြုလွှတ်တော်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမ လူထုအစည်းအဝေးပွဲ ...စတဲ့ မိန့်ခွန်းများမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အာဘော်များကို မြန်မာတစ်နိုင်ငံလုံး အကြိမ်ကြိမ်အဖန်ဖန် ကြားနာ ဖူးကြပါတယ်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးဖြစ်တဲ့ စစ်သေနာပတိ ဗိုလ်ချုပ် အောင်ဆန်းဟာ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ကစပြီး စစ်ဝန်ကြီး အဖြစ်လည်း တာဝန်ယူခဲ့ဖူးသူဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ညီအစ်ကို တစ်တွေဟာ အညာသားများပေမို့ ရိုးရိုးရှင်းရှင်းဘွင်းဘွင်း ပြောတတ်ကြပါ ပေ့။ နိုင်ငံရေးဗိသုကာစာရေးဆရာ၊ ကဗျာဆရာကြီး ဒဂုန်တာရာက သူ့ရုပ်ပုံ

လွှာစာအုပ်မှာ 'အောင်ဆန်း(သို့မဟုတ်)အရိုင်း' လို့ စာပန်းချီခြယ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရိုင်းဆန်ပုံကို ဆရာကြီးဒဂုန်တာရာ မရေးသည့်တိုင် တစ်နိုင်ငံလုံးက သိရှိပြီးသားဖြစ်ပါတယ်။ သူ့ရဲ့အရိုးခံသဘာဝ၊ လိုရင်းတိုရှင်း တုတ်ထိုးအိုးပေါက် ပြောတတ်မှုတွေက သူ့ကို ကြမ်းရိုင်းသယောင်ထင် မှတ်စေရတာမျိုးပါ။ မည်သို့ဖြစ်စေ သူဟာ ပြည်သူကိုချစ်တဲ့သူ၊ နိုင်ငံရေး သမားတွေကို လေးစားတဲ့သူ။ ပြည်သူတွေ၊ နိုင်ငံရေးသမားတွေအပေါ် မကြမ်းခဲ့၊ မရိုင်းခဲ့ဘူး။ မြန်မာနိုင်ငံကို သူ့ကျွန်ဘဝက လွတ်မြောက်ဖို့ အရပ်သား ပြည်သူလူထုနဲ့တပ်တွေဖွဲ့ပြီးသကာလ လွတ်လပ်ရေးကို တိုက်ပြီး မှသာ ရယူနိုင်ခဲ့ကြတာပါ။ အဲ့ဒီခေတ်က တပ်မတော်သားတွေဟာ သင်တန်း တွေ စနစ်တကျမတက်ရလည်း ပြည်သူကိုချစ်စိတ်၊ လေးစားစိတ်ပြင်း ထန်ကြသူတွေမို့ ပြည်သူ့အချစ်ကို ဖောဖောသီသီရခဲ့ကြသပ။

မနေ့တစ်နေ့က ဗိုလ်ချုပ်အုန်းမြင့် (DSA ဆင်း)ရဲ့ ပြောကြားချက် ကိုတော့ တစ်ဖန်ပြန်ရေးပြဖို့တောင် ကိုယ့်လက်ကိုကိုယ် ခွင့်မပြုလိုတော့ပါ။ ပြည်သူလူထုကို ဘယ်လိုသဘောထားနေသလဲ။ နိုင်ငံရေးသမားတွေကို ဘယ်လိုသဘောထားနေတာလဲ။ တစ်ခေတ်တစ်ခါတစ်ချိန်က ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုငွေးမြိုင် (ဒဂုန်တာရာ)၊ ကိုထွန်းရွှေ(နဂါးနီ)၊ ကိုလှရွှေ၊ ကိုသန်း ထွန်း၊ ကိုသိန်းဖေ(သိန်းဖေမြင့်)၊ ကိုညိုမြ၊ ကိုအောင်ကျော်၊ ကိုရွှေ(ဗိုလ်ချုပ် ကျော်ဇော)တို့ဟာ တက္ကသိုလ်ကျောင်းသား နိုင်ငံရေးသမားများဆိုတာ မေ့ သွားကြပြီလား ... လို့ တပ်မတော်ခေါင်းဆောင်များကို သတိပေးချင်တာ ပါပဲ။

ဖေဖော်ဝါရီလ ၇ ရက်နေ့က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရှမ်းပြည်နယ် နေ့ကို ကျင်းပသွားခဲ့သည်။ ယခင့်ယခင်နှစ်များကဆိုလျှင် ၎င်းနေ့ကို ရှမ်း အမျိုးသားနေ့အဖြစ် သတ်မှတ်ပြီးဖြစ်သော်လည်း ပဒေသာကပွဲများသာ ကျင်းပခွင့်ပြုခဲ့ပြီး ရှမ်းအမျိုးသားနေ့သဘောအဓိပ္ပာယ်ကို အပြည့်အဝဖော် ဆောင်ခွင့်မပြုခဲ့ပါ။ တကယ်စင်စစ် ရှမ်းအမျိုးသားနေ့ဆိုသည်မှာ ရှမ်းအမျိုး သားများသက်သက်ကသာ အရေးထားရမည့်နေ့တစ်နေ့ထက် မြန်မာတစ်

နိုင်ငံလုံး အလေးအနက်ရှိရမည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပင်လုံစာချုပ်ချုပ်ဆိုရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ဖို့အရေးတွင် ဖေဖော်ဝါရီလ ၇ ရက်သည် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ခဲ့လေသည်။

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာတစ်နိုင်ငံလုံး အပြည့်အဝလွတ်လပ်ရေးရရန် တိုင်းရင်းသားတို့ကို ပြည်နယ်ပြည်မ မကျန် စည်းလုံးညီနွှီးခဲ့ပါသော်လည်း ရှမ်းပြည်နယ်ပြည်သူလူထုအားလုံးအတွက် လွတ်မြောက်ငြိမ်းချမ်းရန် အရေးကို မစဉ်းစားမတွေးတောသော ရှမ်းစော်ဘွားစော်ခံအချို့သည် ပြိတိန်တွင် အောင်ဆန်းအက်တလီစာချုပ် ချုပ်ရန် ဗိုလ်ချုပ်အောင်ဆန်းက လုံ့လတကြီးအင်အားစိုက်နေဆဲမှာပင် မြန်မာနိုင်ငံ လွတ်လပ်ရေးသည် မိမိတို့ရှမ်းပြည်နှင့်မသက်ဆိုင်ကြောင်း၊ ရှမ်းပြည်နယ်အဖြစ် သီးခြားလွတ်လပ်ခွင့်ကိုသာ သီးသန့်အရေးဆိုမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် မိမိတို့ သဘောထား တစ်သားတည်းမရှိကြောင်းကို လန်ဒန်သို့ ကြေးနန်းရိုက် အကြောင်းကြားခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအဖို့ အတူပါလာသည့် သခင်ဗစိန်နှင့် ဦးစော၏ ကဖျက်ယဖျက် ပြုမူများအပြင် ရှမ်းပြည်နယ်ပဒေသရာဇ်အလွှာမှ ပို့သောကြေးနန်းကြောင့် ဗျာများခဲ့ရ၏။ သို့သော်လည်း တို့ဗိုလ်ချုပ်က ဗိုလ်ချုပ်အစစ်ဖြစ်ပါပေသည်။

မြန်မာနိုင်ငံသို့ အလျင်အမြန် ပြန်လာခဲ့ပြီး ပြိတိသျှတို့က တစ်နိုင်ငံလုံး လွတ်လပ်ရေးပေးရန် ထစ်ထားသော လှည့်ကွက်ကို အချိန်မီလာရောက်ကာ ဖြေရှင်းနိုင်ခဲ့သည်။ ရေရှည်နိုင်ငံရေးအမြင်ရှိသူ ရှမ်းအမျိုးသား မျိုးချစ်ခေါင်းဆောင်များ၏ အင်တိုက်အားတိုက် ထောက်ခံမှုကြောင့် အရာရာပြီးမြောက်အောင်မြင်ခဲ့ရသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့သည် ရှမ်းခေါင်းဆောင်များ၊ စော်ဘွားများတို့က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော နိုင်ငံသားတိုင်းရပိုင်ခွင့်ရှိသည့် လွတ်လပ်ရေးကို ဗိုလ်ချုပ်စီစဉ်သည့်အတိုင်း အတူတကွလက်ခံရယူကြဖို့ သဘောတူခဲ့သည့်နေ့ ဖြစ်ပါသည်။ အဲသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့နောက်ပိုင်းမှ ပင်လုံစာချုပ်

ဖြစ်ပေါ်လာသည်အထိ တိုင်းရင်းသားများက ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုနောက်တွင် တစည်းတလုံးတည်း လိုက်ပါကြသဖြင့်သာလျှင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရခဲ့ခြင်းဖြစ်ပေသည်။ သူတစ်ကွဲ၊ ငါတစ်ကွဲ ကွဲနေပါက ဆက်လက် ကျွန်သက်ရှည်နေဦးမည်မှာ မုချပင်။ ထိုနေ့ထူးနေ့မြတ်ကို ရှမ်းအမျိုးသားတို့က ခေတ်အဆက်ဆက်၊ လူ့သက်တမ်းတစ်သက်ပြီးတစ်သက် မည်ရွေ့မည်မျှဆက်သည့်တိုင် မမေ့နိုင်ကြစေရန် ယင်းဖေဖော်ဝါရီလ ၇ ရက်နေ့ကစတင်၍ ရှမ်းအမျိုးသားနေ့အဖြစ်လည်းကောင်း၊ ရှမ်းအလံနှင့် ရှမ်းအမျိုးသားသီချင်းတို့ကိုပါ အထိမ်းအမှတ် ပြုတည်ရှိစေခဲ့သည်။

လွတ်လပ်သောမြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတသည် စဝ်ရွှေသိုက်ဖြစ်သလို ယနေ့ခေတ် ဒုတိယသမ္မတသည်လည်း စိုင်းမောက်ခမ်းဖြစ်နေသည်။ မြန်မာနိုင်ငံသားအားလုံး သတိချပ်သင့်သည်မှာ လူမျိုး၊ ဘာသာ၊ အယူဝါဒ အရောင်အသွေးများသည် ပညတ်သဘောဆောင်ပြီး တကယ့်အရှိပကတိ တရားသည်သာ ပရမတ်မည်ကြောင်း။ မည်သည့်ခေတ်အခါမဆို အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံဟူ၍သာရှိပြီး၊ ဘဝတူများမညီညွတ်လျှင် ကျွန်သက်ရှည်ခဲ့သော သင်ခန်းစာအရ ပြည်ထောင်စုကြီး သာယာဝပြောရန်နှင့် ခေတ်မီငြိမ်းချမ်းသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုသားတိုင်း၌ ထာဝစဉ်လက်တွဲဖြုတ်မရနိုင်သော သွေးစည်းညီညွတ်ရေးတာဝန်ရှိပေသည်။

"ငါတို့အခု ဗမာနိုင်ငံဟာ ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံဖြစ်တယ်။ တို့တပ်မတော်ဟာ တစ်နိုင်ငံလုံးတစ်မျိုးသားလုံးရဲ့အတွက် ဖြစ်တယ်။ ဒီတပ်မတော်ဟာ လူတစ်ဦးတစ်ယောက်အတွက် တည်ထောင်ထားတာမဟုတ်ဘူး။ တစ်ဖွဲ့ တစ်ပါတီ လူတစ်စုအတွက် တည်ထောင်ထားတာမဟုတ်။

ဒါကြောင့် ဒီတပ်မတော်ဟာ နိုင်ငံနှင့်လူမျိုး၏ သစ္စာကို အမြဲစောင့်ရမယ်။ ရှေးတုန်းကလို တခြားနိုင်ငံ၊ တခြားလူမျိုးကို သစ္စာစောင့်တာမဟုတ်ဘူး။ အဲဒီလို သစ္စာဟာ ဝတ်ကျေတန်းကျေစောင့်တဲ့ သစ္စာဖြစ်တယ်။

အခုဆို ငါတို့ဟာ ငါတို့အမျိုး၊ ငါတို့နိုင်ငံကို သစ္စာစောင့်ရမယ်။ ဒါကြောင့် ငါတို့ စောင့်တဲ့သစ္စာဟာ တကယ့်သစ္စာဖြစ်ရမယ်။ အပေါ်ယံသာဖြစ်တဲ့ သစ္စာမဖြစ်ရဘူး။ ဘယ်လိုစောင့်ရမလဲ။ ယခုအခါ ရဲဘော်တို့အပေါ်မှာ နည်းလမ်းအတိုင်း အဆင့်ဆင့်ခန့်အပ်ထားတဲ့ အကြီးအမှူးအားလုံးတွေဟာ ဒီနိုင်ငံရဲ့ ဒီအမျိုးရဲ့ကိုယ်စားတွေပဲ။ အဲဒီကိုယ်စား နိုင်ငံနှင့် အမျိုးကို သစ္စာစောင့်ခြင်းဟာ ကိုယ့်နိုင်ငံနှင့် ကိုယ့်အမျိုးကို သစ္စာစောင့်တာပဲ။ ဒီတော့ . .

ရဲဘော်တို့ . . . .

ရဲဘော်တို့ မေးစရာစကားရှိတယ်။ တကယ်လို့ ဒီအကြီးမှူးတွေထဲက ဘယ်သူ ဖြစ်ဖြစ် ကိုယ်ကျိုးငဲ့ပြီး လူမျိုးရဲ့အကျိုးနဲ့ ကိုယ့်နိုင်ငံ ဆန့်ကျင်တဲ့ အကြီးအမှူးတွေဟာ ကြာကြာမနေနိုင်ပါဘူး။ အချိန်တန်တဲ့အခါ ပြုတ်ကျမှာပဲ။ ရာဇဝင်မှာကြည့်လို့ရှိရင် ဘယ်လောက်ကြီးတဲ့လူဖြစ်ဖြစ်၊ မတရား လုပ်တဲ့အခါ ပြုတ်ကျတာချည်းပဲ။ ဒီလိုမတရားတဲ့ အကြီးအမှူးတွေရှိရင် ရဲဘော်တို့အပေါ်မှာလည်း တည်တယ်။ ဥပမာ – မတရားတဲ့ အကြီးအမှူး တစ်ယောက်က ဝတ္တရားနှင့်မဆိုင်တဲ့၊ နိုင်ငံနှင့်လူမျိုးအကျိုးနှင့် မပတ်သက် တဲ့ အမိန့်မျိုးပေးတဲ့အခါ အမိန့်ဟာ နည်းကျ မကျ၊ တရား၊ မတရား၊ နိုင်ငံနှင့်အမျိုးမှာ အကျိုးရှိမရှိကြည့်ရမယ်။ အဲသလိုကြည့်တဲ့အခါ ကိုယ့်စိတ် ထဲမှာ မရှင်းရင် သူ့ထက်ကြီးတဲ့ အကြီးအမှူးကိုဖြစ်စေ၊ အခြားအကြီးအမှူး တစ်ယောက်ယောက်ဖြစ်ဖြစ် သွားမေးရမယ်။ ဒီအခါမှာ ရဲဘော်တို့ဟာ ဘယ်ဒင်းမှန်တယ်။ မှားတယ် သိနိုင်မယ် . . . . ”

တခြား မှာကြားလိုတဲ့အချက်ကတော့ ပြောနေကျစကားပဲ။ ဒါပေမဲ့ ထပ်ပြီး အဓိပ္ပာယ်လေးနက်အောင် ပြောပြလိုက်ဦးမယ်။ ငါတို့စစ်တပ်ဟာ နိုင်ငံသူနိုင်ငံသားတွေကို ညှဉ်းဖို့မဟုတ်၊ လက်နက်အားကိုး တန်ခိုးပြဖို့မဟုတ် စစ်တပ်ဟာ နိုင်ငံရဲ့ အစေခံ ဖြစ်ရမယ်။ နိုင်ငံဟာစစ်တပ်ရဲ့ အစေခံမဖြစ် ရဘူး။ ဒါက စကားရိုင်းရိုင်းနှင့် နားလည်အောင် ပြောပြတာပဲ။ ဒီစကားကို ကျုပ်ပြောတာဟာ စစ်တပ်ကို ကျုပ် ပြန်နှိမ်ချင်တဲ့သဘောနဲ့ ပြောတာ

မဟုတ်ဘူး။ ငါတို့ဟာ လက်နက်ကိုင်လူတွေဖြစ်ကြသော်လည်း မတရား မလုပ်၊ နိုင်ငံရဲ့ရန်သူတွေမဟုတ်၊ နိုင်ငံရဲ့ မိတ်ဆွေတွေဖြစ်တယ်ဆိုတာ အားလုံးသဘောပေါက်အောင် ပြောပြခြင်းပဲ . . . .”

ဗမာနိုင်ငံတော်စစ်ကျောင်း ၁၃၀၄–၁၃၀၅ ခုနှစ် ဗမာ့တပ်မတော် ဗိုလ်သင်တန်း ဆင်းပွဲနှင့် ဘွဲ့နှင်းသဘင်နှင်းအပ်ပွဲ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့က ဗမာနိုင်ငံတော်စစ်သေနာပတိ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ဖော်ပြလိုက်ရပေသည်။ ဇန်နဝါရီ လတွင်လည်းကောင်း၊ ဖေဖော်ဝါရီလတွင် လည်းကောင်း၊ မတ်လတွင်လည်း လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်ကင်းအောင် ကျွန်ုပ်တို့ တွေးတောကြံဆခြင်းငှာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြပေ။

* * *

ဒုတိယကမ္ဘာစစ်က ကမ္ဘာ့အနောက်ခြမ်းမှာ ပျံ့နှံ့နေချိန်ကာလမှာပေါ့။ ‘အင်္ဂလိပ်အခက်. . ဗမာ့အချက်. . ’လို့ တဘောင်လိုလို ခေတ်ပေါ်စကား တစ်ခွန်းနဲ့အတူ ဗမာတွေကလည်း ကြိတ်ကြိ၊ အင်္ဂလိပ်တွေကလည်း သိပ်မ ဟန်တော့တဲ့သူတို့ အခြေအနေကြားမှာတောင် သူတို့အတွက် ရန်သူ တော်စာရင်းကို ပြုစုခဲ့ကြသေးတဲ့။ ဘယ်လောက် စနစ်တကျရှိလိုက် ပါဘိသလဲ။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီဆိုရင် ဘယ်အကြောင်းအရာမျှ သူတို့မှာ မသိ. . မရှိ. . ဆိုတာ No ပေါ့။ အဲဒီရန်သူတော်စာရင်းမှာ ငြိမ်းချမ်းရေး ဖခင်ကြီး အဘိုးသခင်ကိုယ်တော်မှိုင်းက သူတို့ရဲ့ရန်သူတော် နံပါတ်(၁)ပါ။ သခင်ဗဟိန်းက နံပါတ်(၂)စာရင်းပေါက်ပြီး သခင်အောင်ဆန်းက နံပါတ်(၅)၊ သခင်စိုးက နံပါတ်(၉)၊ သခင်သန်းထွန်းက နံပါတ်(၁၂)နဲ့ သခင်နုက နံပါတ် (၁၅)ဖြစ်ပါသတဲ့။ အဲဒီလို စာရင်းပေါက်ပြီးတော့ သူတို့က အစိုးရအရာရှိတွေ ထဲဖြန့်ဝေခဲ့တာ ၁–၁–၁၉၄၂ နေ့ရက်မှာပါ။ အနောက်နိုင်ငံသားတွေရဲ့ မပေါ့မဆသော ‘နိုင်ငံရေးသတိ’ ရှိမှုကို အာရှသားတွေ အတုယူရတော့ မလား. . ဆိုတာ စဉ်းစားစရာဖြစ်နေပါပြီ။

ဖေဖော်ဝါရီ ၂၈ ရက်နေ့၊ ၁၉၄၂မှာ အင်္ဂလိပ်အစိုးရအရာရှိအရာခံအား လုံး ရန်ကုန်ကနေ ဆုတ်ခွာခဲ့ကြတယ်။ ဖေဖော်ဝါရီလဟာ တို့ဗိုလ်ချုပ်မွေးနေ့ အထင်ကရနဲ့ ကမ္ဘာ့ချစ်သူများနေ့ကို အသိအမှတ်ပြုရမှာဖြစ်သလို ၂၈ ရက် နေ့ကိုလည်း အသည်းထဲထိ စွဲစွဲမှတ်မှတ်ဖြစ်အောင် မမေ့သင့်ကြပါ။ ဗိုလ်ချုပ် အောင်ဆန်းမွေးနေ့မှာ ကဗျာတွေရွတ်ကြ၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဟောပြောပို့ချကြ၊ ချစ်သူများနေ့မှာကျတော့ နှင်းဆီနီတွေ တစ်ဦးနဲ့တစ်ဦး ပို့ကြ၊ ချောကလက်တွေ လက်ဆောင်ပေးကြရှိတတ်သလို ၂၈ ရက် ဖေဖော် ဝါရီလရောက်တိုင်း ဗမာပီပီ တောမထုတ်သင့်ကြဘူးလား။ မကောင်းဆိုးဝါး တွေ ပြေးပြီ၊ တို့နိုင်ငံရဲ့ ဘုရင်ကိုဖမ်းပြီး သုံ့ပန်းပြု၊ တို့သယံဇာတမှန်သမျှ အကုန်အစင်ယူ၊ တို့ပြည်သူတွေကို သခင်က ကျွန်ကို ဆက်ဆံသလို ဖိနှိပ်အုပ် ချုပ်ခဲ့သူတွေ မြန်မာ့မြေပေါ်ကနေ ဆုတ်ခွာရတဲ့ နေ့ကောင်းနေ့မြတ်အဖြစ် အဲဒီနေ့ရက်ရောက်တဲ့အခါ တစ်နိုင်ငံလုံး သံပုံးတီးသင့်လှပါကြောင်း။

အင်္ဂလိပ်… ပဲ၊ ဗမာ… ပဲဆိုတာ ပညတ်နဲ့ ပရမတ်တွေမဟုတ်လား။ လောကပါလတရားအရ လောကဓံတရားအရဆိုပြီး ခံပြင်းဖွယ်ပြဿနာတွေ ကို တရားနဲ့ ရှုမြင်ဆင်ခြင်တတ်လေ့ရှိတာ မြန်မာနိုင်ငံသားတွေပါပဲ။ ခုလည်း ကိုယ့်မင်းကိုယ့်ချင်းကိုယ့်အစိုးရနဲ့ ကြိမ်းရင်လည်း အပြုံးမပျက်… ဟောက်ရင် လည်း အမုန်းမဖက်…။ ချော့ပြီဆိုရင်တော့ ဖယောင်းလို အရည်ပျော်ချင် ချင်။ အခါးပေါ် သကြားအုပ်သလား၊ ဝက်ပါထဲ လမ်းပျောက်နေသလား၊ ဘယ်လိုမှိုင်းမိခဲ့ကြပြီးပြီလဲ၊ အဆိပ်… လား၊ အပင်း… လား။ ဆေး ချက်မိပါဦးမလား။ ပြည်သူပြည်သားအားလုံးဟာ ကိသာဂေါတမီလို လူမသေ ဖူးတဲ့အိမ်က မုန်ညင်းဆီကိုပဲ ရှာဖွေနေကြဆဲလား။ ဘယ်အချိန်ကာလထိ ရှာရင်းဖွေရင်း ဘယ်သူဘယ်ဝါတွေကို ထပ်ပြီးအရင်းအနှီးပေးဆပ်ရဦးမလဲ။

အချိန်ဆွဲ… ဖြုံခွဲ… ချော့မှုန်… အစိမ်းကြွေ… ပြီးတော့ အမှည့် ခြွေ။ နေမြင့်လေ အရှုးရင့်လေ။ ဒီမိုကရေစီကို ရှူးမတတ်မျှော်မောကြ။ ဆောင်းတွင်းအိပ်မက်ကယောက်ကယက်ဆိုလည်း ဆောင်းကုန်လို့ နွေဦးရာသီ ကျူးခဲ့ပြီ။ ဥဩသံဟာ ခါတိုင်းထက် နာကျင်ပန်းလျနေဟန်ကြားကြရ။ ဥဩ

ငှက်ငယ်က ဘယ်အရာကို တမ်းတနေသလဲ..။

မြန်မာပြည်သူလူထုအပေါင်းကတော့ဖြင့် ......။ ။

မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့လို့ မြန်မာနိုင်ငံပြက္ခဒိန်မှာ မှတ်သားတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀% ဟာ လယ်ယာနှင့် အသက်မွေးဝမ်းကျောင်းသူများ ဖြစ်ပါသတဲ့၊ ကမ္ဘာ့အလယ်မှာဆိုရင်လည်း မြန်မာနိုင်ငံဟာ ဆန်စပါးကို အရောင်းအဝယ်ပြုနိုင်တဲ့ နိုင်ငံအဖြစ်ထင်ရှား ပြီးဖြစ်ကြောင်းသိကြပါတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းကစပြီး 'လယ်သမား ဦးကြီးရယ်လို့' တခုတ်တရ ဂုဏ်ကျူးဖွဲ့နွဲ့သံတွေ ညံခဲ့ပါသကော။ ခပေါင်း နီးနှောဖလှယ်ပွဲ၊ ဒူးယားနီးနှောဖလှယ်ပွဲ၊ အုန်းတောနီးနှောဖလှယ်ပွဲ .... ကဲ့သို့ လယ်သမားများကို အရေးပေးချီးမြှောက်မှုတွေက အတိုင်းအတာ တစ်ခုထိ ရောက်ရှိခဲ့ပေမယ့် အနှစ်မပါ၊ အကာနဲ့ ဟန်သဏ္ဍာန်ပဲဆိုတာ ကာလ၊ ဒေသ၊ ပယောဂက အဖြေပေးခဲ့ပါပြီ။

"အလုပ်သမား၊ လယ်သမား ခေတ်ရောက်ပြီ .....

လယ်သမား၊ အလုပ်သမား ခေတ်ရောက်ပြီ .....

စနစ်ဟောင်းကို ခေတ်ပြောင်းတော်လှန်ခဲ့ပါပြီ ...."

မခိုမကပ်ကြနဲ့ အတည် × × ×

အဆိုရှင် မာမာအေး၏ အသံက လွင်နေခဲ့သလို သောတရှင် ပြည်သူလူ ထုတစ်ရပ်လုံးကလည်း တကယ့်တော်လှန်ရေးခေတ်ရောက်ပြီ .....တော် လှန်ရေး၊ အစိုးရအမှန်ပီသလိမ့်မည်လို့ ယုံကြည်မျှော်လင့်ခဲ့ကြဖူးပါတယ်။ ဆိုရှယ်လစ် ဘောဂဗေဒများ၊ ဆိုရှယ်လစ်သဘောတရားများ လှိုင်လှိုင်ထကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဟူ၍ တစ်စင်ထောင်ဖို့ ကနဦးခြေလှမ်းသည်လည်း ထိုမတ်လ ၂ ရက်နေ့ပဲဖြစ်ပါပေရဲ့။ သည်တောင်သူလယ်သမား နေ့ထူးနေ့မြတ် ကိုမှ ပ၊ ထ၊ ဆ အစိုးရ။ ဖ၊ဆ၊ပ၊လ ဝန်ကြီးချုပ် ဦးနုနှင့် အပေါင်းပါ များထံမှ ဒီမိုကရေစီကို စစ်အာဏာဖြင့်သိမ်းရန် နေ့ရက်အဖြစ် ဘယ်လိုစိတ် ကူးစိတ်သန်းနှင့်များ ရွေးချယ်သတ်မှတ်ခဲ့ကြပါလိမ့်။ ဘယ်သူကများ အခါ တော်ပေးခဲ့ပါလိမ့်။ လုပ်ရက်ကြပါပေ့.... လို့ ညြချရမယ့် စိတ်မသက်သာ

ဖွယ်အရေးအခင်းဟာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ရက်မှာမှ သေနတ်သံ တစ်ချက်နှစ်ချက်ဖောက်ပြီး ရောက်လာရက်ပလေ။ အဲဒီခေတ်ကို မီခဲ့သူများ အနေနဲ့တော့ ဖက်ဒရယ်တွေ၊ ပြည်တွင်းစစ်တွေကနေ UNFC အထိ၊ လော်ဒီးလာက ဖားစည်သံနဲ့ ပြည်ထောင်စုတပ်မတော်ဆိုတဲ့ တိုင်းရင်းသား စစ်သည်တွေရဲ့ လက်မောင်းနှစ်ဖက်ပေါ်က တူညီတံဆိပ်တွေ။

ဟော .... လယ်ယာမြေ ပြန်လည်ရရှိရေးဆန္ဒဖော်ထုတ်ပွဲ ... တဲ့။ တပ်ပိုင်မြေသိမ်းဆည်းမှု ရှုတ်ချပွဲ ....၊ လယ်သိမ်းယာသိမ်း ... ကြေးနီစီမံ ကိန်း .. မြစ်ဆုံအရေးအခင်း .... ရောဝတီ၊ သံလွင်ပေါ်က ရေကာတာ တည်ဆောက်ရေးလုပ်ငန်းများ အခုရပ် .... စသဖြင့် ....

တော်လှန်ရေးအစိုးရဟာ ၁၉၆၂ ခုနှစ်ကစတင်ပြီး ပြည်သူလူထုတစ်ရပ် လုံးကို ဖိလာကန့်လန့် တော်လှန်လာခဲ့တာ ကြာပဲကြာလှပါပေ့။ တစ်နိုင်ငံလုံး အသိမှာတော့ မတ်လ ၂ ရက်က တောင်သူလယ်သမားနေ့ .... တဲ့။ သူတို့အတွင်းပိုင်းမှာသူတို့ အောင်ပွဲခံခဲ့တဲ့ မတ်လ ၂ ရက်နေ့ကို သီးခြား ဂုဏ်ပြုကျင်းပတာရှိ ... မရှိ သိချင်စမ်းပါဘိတော့ ။ ။

* * *

နွေဦးပေမယ့် ရာသီဥတုမှာ ပူမှန်းသိသိ ပူပြင်းလာနေချေပြီ။ အရုဏ်ဦး တွင် အေးစိမ့်သလိုလိုရှိနေသေး၏။ နံနက်ခင်းလမ်းလျှောက်ချိန်၌ အနွေးထည်ပါး ပါးတစ်ထည်၏ အကာအကွယ်ကိုယူနေရဆဲ။ အနွေးဓာတ်ကြောင့် လုံခြုံသလို ရှိခိုက် အလင်းဓာတ်က အရှိန်အဟုန်ဖြင့် ချီတက်လာနေပြီဖြစ်သည်။ ဆောင်း .. ကို နှုတ်ဆက်ပြီး နွေကိုကြိုသင့်ပြီလား။

အစိုးရဟောင်း၏ အာဏာစက်အောက်ဝယ် ဒဏ်ရာဗရပွ မျက်ရည်၊ သောက၊ မြေပြင်မီးလောင်ပုံ၊ ဝေဟင် မီးသင့်ပုံးနှင့် အသက်အိုးအိမ်စည်းစိမ် တို့ မွမွကြေခဲ့ရပြီးနောက် ပဥ္စလက်ဆန်ဆန် အစိုးရသစ်ရင်ခွင်ထဲမှာ ပြည်သူ တွေစမ်းတဝါးဝါး ...။ ဝမ်းသာရတော့မလား ..၊ ဝမ်းနည်းကြေကွဲနေဖို့ပဲ လား ..။ အဆိုးကို ဆိုးမှန်း သိသိလက်ခံနေရသည်မှာ စိတ်လုံခြုံမှုရှိသေး၏။

ကောင်းတော့မှာလား.. တကယ့်တကယ် အပြောင်းအလဲလား..။ ဆရာကြီးမင်းသုဝဏ်၏ "ဘကြီးအောင် ညာတယ်.."ပုံပြင်ကို အမှတ်မရ ချင်ပါ။ ၂၀၁၂ ခုနှစ်ကစ၍ ယမင်းရုပ်ကလေးကို ခေတ်သစ် ဘကြီးအောင် စတင် ပန်းပုထုနေလေရော့လား။

* လက်ပံတောင်းအရေး မအေးပါ..။

* မြစ်ဆုံ.. ရွှက်ကုန်ဖွင့်ရန် အလှည့်အပြောင်း ချက်ကောင်းကိုမျှော်..

* လယ်သိမ်းယာသိမ်း တပ်မြေသိမ်းအမှုများကြောင့် ၇၀% လူထုရင်ထဲ မငြိမ်း

* နားလှည့်ပါးရိုက်.. ဗိုက်လှန်စားမြဲပြုပြန် အချင်းချင်း အသည်းအသန် ဖာထေးဖုံးဖိကြ

* အချိန်ဆွဲ.. ဖြုံခွဲ.. ချေမှုန်း လူ့ပုံး မလှ လူထုခမျာ ဘယ်သူ့ဘယ်ဝါ အဖေ ခေါ်ရမှန်းမသိတဲ့ဘဝတွေ..

ပထွေးတော်က ကင်ဂျံအီလား၊ ၇၂ နှစ်မြောက်မွေးနေ့ကျင်းပရေးဆိုင်ရာ ပြင်ဆင်ရေးကော်မတီတစ်ရပ်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးအောင်သိန်းလင်း ဦးစီးပြီး (တောက်ပကြယ်နေ့) အဖြစ် ကျင်းပဦးမတဲ့ လေ။ အမေကျော်ဒွေးတော်လွှမ်း၊ မရောင်ရာဆီလူး၊ သူဌေးကြေးပ၊ ဒင်းဘဝ ဘယ်လောက်တန်ကြေးရှိသလဲဆိုတာ ကလေးကစ.. ခွေးကစသိကြပေရဲ့။

ဆရာစံ၊ ဦးဝိစာရ၊ ဦးဥတ္တမ၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ကိုယ်တော်မှိုင်း၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ ဗန်းမော်တင်အောင်၊ သခင်မြသန်း၊ သခင်စိုး.. အမျိုးမျိုး စွန့်လွှတ်တိုက်ပွဲဝင်ခဲ့လေသူအပေါင်းကို နှောင်းလူတို့က ခေါင်းမဖော်ဝံ့အောင်ပင် ရက်ရွဲ့အားနာမိပေကြောင်း။ ။

* * *

နှစ်စဉ်မတ်လ ၁၄ ရက်နေ့ကို နိုင်ငံတကာမြစ်ချောင်းများနေ့လို့ သတ် မှတ်ပါသတဲ့။ မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးလေးစင်းသည် တစ်ခုနှင့်တစ်ခု ပူးပူးကပ်ကပ်မဟုတ်ဘဲ ခပ်ခွာခွာအနေထားဖြင့် တစ်နိုင်ငံလုံးသို့ မြောက်နှင့်

တောင် ဖြတ်သန်းစီးဆင်းနေသည်။ မြစ်ရိုးတစ်လျှောက် တိုင်းရင်းသားများ သူ့အစုနှင့်သူသော်လည်းကောင်း၊ မျိုးနွယ်ပေါင်းစုံသော်လည်းကောင်း ရော နှောစုစည်းနေထိုင်ခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒကြာညောင်းခဲ့ချေပြီ။ မြေနု မြစ်ဝှမ်းများတွင် သီးနှံယာခင်းများကို မြင်တွေ့နိုင်သည်။ ဘုရားစေတီပုထိုးနှင့် သိမ်ကျောင်းဇရပ်များမှ ခေါင်းလောင်းထိုးသံတို့ကို ကြည်နူးဖွယ်နားဆင်ရ မည်။ အထက်အညာမှာဆိုလျှင် မြစ်ရေစီးသံနှင့်အတူ ရက်ကန်းသံ တညံညံ ရှိမည်။ အောက်ဘက်သို့ စုန်ဆင်းလာပါက စိမ်းမြသောလယ်ကွင်း၊ ကောက်ပဲ သီးနှံယာခင်းနှင့် စပါးမှဆန်အဖြစ်ကြိတ်ခွဲစက်တို့မှ မီးခိုးငွေ့တလူလူနှင့်အတူ ပိုက်ကွန်ဖြန့်ကာ ဝမ်းစာရှာသူကိုတံငါတို့ကိုလည်း မြစ်ချောင်းဆိုင်ရာ သယံ ဇာတများအဖြစ် မျက်နှာမလွှဲသာအောင် ရှုမြင်ရမည် ဖြစ်သည်။

သို့သော် ..... ယခုအခါ မြန်မာနိုင်ငံ၏အကြီးကျယ်ဆုံးမြစ်ကြီးဖြစ်သော ဧရာဝတီမြစ်ဆုံမှစတင်ကာ ဘင်္ဂလားပင်လယ်အော်ထဲ စီးဝင်သည်အထိ မဖြောင့်ဖြူးတော့ပြီဖြစ်သော မြစ်ချောင်းတို့၏ အသက်ဖုတ်လိုက် ... ဖုတ်လိုက် မချိမဆံ့ရှူရှိုက်သံကို နိုင်ငံနှင့်အဝန်း နားဆင်နေကြရပေပြီ။ ဧရာဝတီမြစ်နှင့် သံလွင်မြစ်ပေါ်တွင် ရေကာတာများ အပြိုင်းအရိုင်းတည် ဆောက်သွားရန် အကြံကြီးသူတို့ ကြံစည်ရက်ကြပြီ။ တိုင်းသူပြည်သားများ အား ဒီမိုကရေစီအရောင်ပြကာ မြန်မာနိုင်ငံကို အရေဆုတ်ကြတော့မည်။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာသော ကိစ္စမျိုးမဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ ဆိုသည်ကား မြေကြောရေကြောဆက်နေသလို တိုင်းရင်းသားမျိုးနွယ်ပေါင်းစုံ မှီတင်းနေထိုင်ရာ။ လက်သည်းဆိတ်၍ လက်ထိပ်နာခြင်းမဟုတ်။ တစ်သွေး တည်းတစ်သားတည်းပေမို့ လိုက်စားရင်း နိုင်ငံပျောက်မည်။ လူမျိုးတုံးမည်။ ဧရာဝတီမြစ်ဆုံမှ ရေကာတာ တစ်ခုပြို့ပျက်လျှင် မြစ်ကြောအတိုင်းဆင့်ကဲဆင့် ကဲပြိုမည် ....... ပျက်မည်။ ကချင်ပြည်နယ် မေခ၊ မလိခမှ စသော အကျိုးဆက်သည် မြန်မာပြည်အလယ်ဗဟိုကို မြောက်မှတောင် တောက် လျှောက်ဖြတ်သန်းရင်း အတိဒုက္ခတို့က ဘင်္ဂလားအော်ပင်လယ်အထိ သက် ဝင်ရောက်ရှိချိမ့်မည်။ သံလွင်မြစ်စတင်စီးဆင်းလာရာမှ မြန်မာနိုင်ငံ ရှမ်းပြည်

မြောက်ပိုင်းတစ်ခွင်ရှိ တည်ဆောက်မည့် ရေကာတာများ၏ အကျိုးဆက်ကြောင့် ရှမ်းပြည်နယ်သာမက ကယားပြည်နယ်၊ ကရင်ပြည်နယ်အပြင် ရေကာတာလုံးဝအထိုင်မချသော အောက်ဘက်ဆုံးရှိ မွန်ပြည်နယ်အထိပါ ဘေးအန္တရာယ်အတိရှိနေ၏။

ရေကာတာများ မပြုစကောင်းပြုခဲ့သော် .... ဆိုသော Second Thought ကိုထည့်သွင်း မစဉ်းစားကြပြီလား။ နိုင်ငံပိုင်၊ တပ်ပိုင် အစရှိသဖြင့် ရေ၊ မြေတို့ကို ဖွတ်အမွေခွဲယူနေသည်မှာ လွန်လွန်းလှချေ၏။ ထိုထိုသော ရေမြေတို့ကို နိုင်ငံခြားကုမ္ပဏီတစ်ခုခုထံ ရောင်းစား၊ ငှားစားနေသည်မှာလည်း လက်ညှိုးထိုးမလွဲအောင်ပင် ရှိ၏။ ပြည်သူပြည်သားဖြစ်ပါက မည်သည့်မျိုးနွယ်မဆို လူအဖြစ် သတ်မှတ်ကြမည်ဆိုပါလျှင် ပျက်စီးရာပျက်စီးကြောင်းကို မကြံသင့်ပါချေ။ မင်းကျင့်တရား ၁၀ ပါးကို ပြန်လည်သင်အံ့လေ့ကျက်ကြပါ .... လို့ပဲပြောရမလား။ သို့တည်းမဟုတ် အာဆီယံ ၁၀ နိုင်ငံ အနက် ၉ နိုင်ငံထံ အလှည့်ကျသင်တန်းတက်ပါ ... ဟုပင် အကြံပေးရမည်လား ..... ဆိုတာ ဝိုင်းဝန်းစဉ်းစားသင့်ပြီထင်၏၊ စဉ်းစားပင် စဉ်းစားရပေငြားလည်း မယ်ထွေးပုံပြင်ထဲကလို သမက်ကလေးအား ချစ်၍ ကျီစားပုံမှာ လည်ပင်းထိရောက်အောင် မြွေမျိုခံနေရပြီဖြစ်သည်။ နိုင်ငံတကာ မြစ်ချောင်းနေ့တွင် မြန်မာနိုင်ငံသားများ ဂိမာန်စုဝေးကာ ဧရာဝတီနှင့် သံလွင်မြစ်ကြီးများအတွက် ယေင်ကျူးသင့်ပါကြောင်း။ ။

* * *

၂၃-၃-၂၀၁၄ ရက်နေ့ဟာ ငြိမ်းချမ်းရေးအဘိုး သခင်ကိုယ်တော်မှိုင်း၊ ကဗျာ့ဝိဇ္ဇာဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ မျိုးချစ်ရှေ့ဆောင်ပုဂ္ဂိုလ်အဘိုးမှိုင်းရဲ့ ၁၃၈ နှစ်မြောက် မွေးနေ့ဖြစ်ပါတယ်။ အဘိုးသခင်ကိုယ်တော်မှိုင်းဆိုတာ သီပေါမင်းပါတော်မူစဉ် ကလေးဘဝအရွယ်ကပင် မျိုးချစ်စိတ်ပြင်းခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်စဉ်များအတွင်း အစဉ်တစိုက်ဆိုသလို တက်ကြွစွာ ရှေ့ဆောင်လမ်းပြအဖြစ် ရှပ်ရှပ်ချွံချွံ ဆောင်ရွက်လှုပ်ရှားခဲ့ပုံဟာ ကမ္ဘာက

တောင် အသိအမှတ်ပြုခဲ့ရသူပါ။ နိုင်ငံ့ခေါင်းဆောင်များဖြစ်ကြတဲ့ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့ရဲ့ ဆရာသခင်ကြီးလည်း မှန်ပါရဲ့။ မြန်မာပြည်သမိုင်းခေတ်အဆက်ဆက်မှာ အဖိနှိပ်ခံ ပြည်သူလူထုဘက်ကနေ တောက်လျှောက် ရင်စည်း ရပ်တည်လာခဲ့တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးလို့ခေါ်မှ သူ့ဂုဏ်ပုဒ်က ပြည့်စုံမှာပါ။ အဲဒီပုဂ္ဂိုလ်ကြီးအပေါ်မှာ နယ်ချဲ့တွေက မကြည်လင်သလို ကိုယ့်မင်းကိုယ့်ချင်း အစိုးရတွေကလည်း ငြိုးမာန်ဖွဲ့ခဲ့ကြတယ်ဆိုရင် ယခုခေတ်ကလေးတွေ အံ့ဩကြမှာပါပဲ။ ၁၉၆၂ ခုနှစ်ကစပြီး သခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ဆန်း၊ ဦးသန့်တို့လို ပုဂ္ဂိုလ်တွေအကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ရေးမိရင်ပဲ ထုတ်ဝေဖြန့်ချိခွင့်မရရုံမက ရေးသူကိုပါ ငြိုးတဲ့အဖြစ်ဆိုးတွေရှိခဲ့တယ်။ ဘာကြောင့် နောင်းခေတ်အုပ်စိုးသူတွေကမကြည်ဖြူနိုင်ကြတာလဲဆိုတော့ အစစအရာရာ သူတို့တွေနဲ့ခြားနားနေလွန်းလို့များလား။ အတွေးအခေါ် အနှစ်သာရကိုယ်ရည်ကိုယ်သွေး အမူအကျင့်က အစပေါ့။

ဟော . . . ဟိုတလောက ဖတ်လိုက်ရပါတယ်။ မြို့တော်ဝန်ဟောင်း ဦးအောင်သိန်းလင်း ကမကထ ပြုလုပ်ပြီး မြောက်ကိုရီးယားခေါင်းဆောင်ဟောင်းရဲ့မွေးနေ့ကို မြန်မာနိုင်ငံမှာ ကျင်းပဖို့ စီစဉ်နေတယ်ဆိုပါလား။ အမေကျော် ဒွေးတော်လွမ်းတာလား၊ သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ . . . လို့ပဲ ကောက်ချက်ချရတော့မလား၊ လုပ်ရဲကြတာ။ လုပ်ရက်ကြတာကိုပဲ အံ့ဩလို့မဆုံးတော့ပါ။

ဂိမ္မာန်နွေသရုပ်ကို ပြချိန်ရောက်ပေပြီ။ ဥဩကတွန်၍ ကောင်းလှပေသလို၊ မြန်မာနိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှာလည်း ၂၀၀၈ ဖွဲ့စည်းပုံ ၅၉(ဃ) ဖျက်သိမ်းပေး၊ ပုဒ်မ ၄၃၆ ပြင်ဆင်ပေး စသဖြင့် ဖွဲ့စည်းပုံအခြေခံနှင့်အညီ ပြင်ဆင်ပေး၊ မြေသိမ်း၊ ယာသိမ်းပြန်လည်ရယူရေး ဒို့အရေး၊ ပြည်သူ့ဆန္ဒလျစ်လျူရှုသော အစိုးရ . . . အလိုမရှိ။

ဥဩငှက်က အရိပ်ကြီးသော သစ်ပင်၏ သစ်ကိုင်းထက်မှ သာသာလေး အော်မြည်နေသရွေ့ မြန်မာနိုင်ငံ လယ်မဲ့၊ ယာမဲ့၊ အိမ်ရာမဲ့များနှင့် ၂၀၀၈

ဖွဲ့စည်းပုံအခြေခံဥပဒေကိုအစာမကြေသူများ၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ကောက်ခံမှုအပေါ်မကျေနပ်၍ ဆန္ဒပြသူများသည် တပေါင်းနွေ၏ နေရှိန်အောက်ဝယ် သဘာဝရာသီဥတုအနေအထားကို မမှုအားနိုင်ကြရာပေ။ ပြည်သူလူထု၏အပူက နေဆယ်စင်းထက်သာသည်ဟုပင် မှတ်ချက်ချရတော့မည်။ နေပူကျဲကျဲဝယ် သိမ်းယူခံခဲ့ရသော လယ်မြေ ဧက ၆၀၀ အား ပြန်လည်ရယူလိုမှုဖြင့် ထွန်တုံးတိုက်ပွဲဆင်နွှဲနေကြသူ မတ္တရာမြို့နယ်တွင်းက ဒေသခံတောင်သူများမှာ ကျော့ပူသလို ရင်လည်း ပူနေကြမည်ပင်။ ဘယ်မှာ ကျော့တစ်ခင်းစာရမယ်၊ မနက်ထမင်း၊ ညထမင်းကို ဘယ်လိုရှင်းရမယ်၊ တရားဥပဒေကိုရင်ဆိုင်နိုင်ဖို့ ဝေးစွ၊ တရားလိုက တရားခံဖြစ်နေသော မိမိဘဝများကိုကြိုတင်မတွေးတတ်နိုင်။ ထိခနဲဆိုမှ ကွဲကြပြဲကြပြန်တော့ ထမ်းပိုးထက်လက်ခကြီးရော့မည်။

မရှိတာထက် မသိတာခက်တယ် ... ဆိုသောစကားကို ဆရာတော်ဦးဥညယျက လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ကြိုတင်ဟောပြောမိန့်ကြားခဲ့ဖူးသည်။ မသိတာ ... အပြစ်လားဆိုပြန်တော့ အပြစ်ရှိသူမှာ ပြည်သူများမဟုတ်ကြောင်းနှင့် မသိအောင်၊ အသိကန်း၊ ပညာကန်းအောင် ပြုမူစီရင်ခဲ့ကြသူများကို သမိုင်းတရားခံအဖြစ် အထင်းသားကြီး မြင်နေကြရသည်။ မကြုံဖူးသော ကိစ္စ၊ မကြားဖူးသောအရာ၊ မမြင်ဖူးသော မြင်ကွင်းတွေ...။

ငယ်ငယ်တုန်းက (လွန်ခဲ့သော နှစ် ၅၀ ခန့်) သန်းခေါင်စာရင်းအရမှတ်ပုံတင်တွေကောက်ယူစဉ်ကာလကို အမှတ်မထင်ပြန်စဉ်းစားကြည့်မိတော့ ယနေ့ခေတ်သန်းခေါင်စာရင်းကောက်ဖို့ အုန်းအုန်းကျွက်ကျွက် ဖြစ်သလိုမဖြစ်ခဲ့ကြသည်ကို ကောင်းစွာမှတ်မိသည်။ ယနေ့ခေတ်မှာ ဘယ်ပုံ ... ဘာကြောင့်များ ... အမျိုးမျိုးရှင်းပြနားချ ... ချော့မြှူနေရတော့သနည်း။ ကျိန်ဆိုရင် ကျိန်ပြပါ့မယ်အထိဖြစ်နေသည်မှာ ခေတ်စကားနှင့် ပြောရလျှင်နည်းနည်းတော့များသလား ... လို့။

မီးလောင်ဗုံးကို မီးခိုးဗုံးလို့ပြောခဲ့၊ မြစ်ဆုံကို ရပ်ပါမယ်ဆိုပြီး ခုတော့ဘာလိုလို၊ လျှပ်စစ်မီတာခတွေ မတက်စေရပါ ... ဆိုပြီး လွှတ်တော်က

မိတ္တာခတိုးမြှင့်ကောက်ခံဖို့ အမတ်တွေက ထောက်ခံပြန်သတဲ့။ နိုင်ငံတကာက ပေးတာတွေ ယူပြီးတဲ့အခါ ပြဿနာကြုံတော့ ပြတ်ပြတ်သားသားရပ်ဖို့ ခက်ခဲဝန်လေး ပင်ပန်း ....။ သန်းခေါင်စာရင်းအတွက် ဘုရားစူး ... မိုးကြိုးပစ် ... မြွေပွေးကိုက် ... ကာလနာတိုက်စသဖြင့် အနယ်နယ် အရပ်ရပ် လှည့်လည်ကာ ပြည်သူထံ ကျိန်တွယ်ကတိကဝတ်ပြုနေရသော အစိုးရသည် ဤဘဒ္ဒကမ္ဘာတွင် ရှိခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာနှစ်ကူးချိန်ရောက်လုနီးပါပြီ။ မြန်မာတို့ခလေ့ထုံးစံပောင်းများ အရဆိုရင်တော့ သိကြားမင်းဟာ ဒီအချိန်မှာ ခွေးသားရေပုရပိုက်ကို ဖုန်ခါ နေလောက်ပြီပေါ့။ ပြီးခဲ့တဲ့နှစ်က ဘယ်သူဘယ်ဝါတွေမကောင်းမှုအကုသိုလ် ဘယ်ရွေ့ဘယ်မျှများခဲ့သလဲဆိုတာ စာရင်းအသစ်လုပ်ပြန်ဦးတော့မယ်။ ဒါပေမဲ့ သိချင်နေတာ မကောင်းမှုမှန်သမျှ သိကြားမင်းကြီးက အရေးယူ.. မယူ ဆိုတာပါပဲ။ သိကြားမင်းလာဘ်စားမယ်လို့ ထင်မထားပါဘူး။ ဒါမျိုးက လူ့ပြည်မှာသာ ရေပန်းစားပေသကိုး။ တစ်နှစ်မှာ တစ်ခါ သိကြားမင်းကြီးဟာ လူ့ပြည်ဆင်းသက်ပြီး သူတော်ကောင်းနဲ့သူယုတ်မာကို ခွဲခြား စာရင်းမှတ် တယ်ဆိုရင် ... အဲဒီစာရင်းတွေကို တစ်နှစ်တစ်ခါမှန်မှန် အရေးမယူခဲ့တာ သေချာတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၆၂ ခုနှစ်ကတည်းက အခြေကျ သွားသူတွေဟာ ဘယ်လိုမကောင်းမှုတွေဘယ်လောက်လုပ်လုပ် ... OK မှာ ဆက်လက် စိုပြည်မြဲစိုပြည်ပြီး တစ်နှစ်ထက်တစ်နှစ် မင်းမူနေနိုင်ခဲ့တာ သူတို့သီလကောင်းလို့တော့ မဖြစ်နိုင်ချေဘူး။ သိကြားမင်းက သူ့အလုပ်သူ မလုပ်တာလား။ ဒါမှမဟုတ် သိကြားမင်းဟာ အစစ်မဟုတ်ဘဲ (Clone) ကလုံးကြီးလား။ ကလုံး(Clone) ဆိုရင်လည်း အဲဒီကလုံးက ၁၉၆၂ ခုနှစ် ကတည်းက စစ်အစိုးရပဲ မွေးထုတ်ခဲ့တဲ့ ယူနီဖောင်းဝတ် သိကြားမင်းလား ဆိုတာ အတွေးပွားစရာတော့ ဖြစ်နေပါပြီ။

ဘာပဲဖြစ်ဖြစ်လေ..။ ယနေ့ထက်တိုင် လက်ပံတောင်းတောင်က လယ်တီ သိမ်ကျောင်းဇရပ်များ အခြေမပျက်သေးတာ၊ ပိနန်ဆရာတော်ကြီး သန္တိသုခ ကျောင်းတော်ကြီးမှာ ဆက်လက်ကျိန်းမြဲကျိန်းနေနိုင်သေးတာ သမ္မတကြီးရဲ့

အစွမ်းအစ အာဏာစက်ကြောင့်ဆိုရင် သမ္မတကြီးတစ်ယောက်တော့ ခွေးသားရေပုရပိုက်ထဲ စာရင်းမဝင်ဘဲ လွတ်ကင်းနိုင်ပါပေရဲ့။ ဟစ်တိုင်ဟာ ပြည်သူလူထုဘက်ကသာ တောက်လျှောက်ရပ်တည်ခဲ့တာမို့ သိကြားမင်း မကောင်းရင်လည်း ချမ်းသာပေးဖို့မရှိဘူးလေ . ။ တစ်နှစ်တာ ဘယ်လို ဘယ်လိုအမှုတွေမှာ စီရင်မှုမရှိဘဲ ရေငုံနှုတ်ပိတ်နေလို့ မသမာသူတွေ ဆက်လက်အောင်ပွဲခံမယ့်အနေအထားအတိုင်း ရှိမြဲရှိကြောင်း ဟစ်တိုင်ကနေ အော်ရဟစ်ရမှာပဲပေါ့။ နောင်လာမယ့်နှစ်တွေလည်း ဒီအတိုင်းပဲ ချဉ်ဖတ် အိုးကြီးလို ဘာပဲထည့်ထည့် ချဉ်မြဲချဉ်သွားမယ့်အဖြစ်ကို ဟစ်တိုင်ကတော့ ရေငုံနှုတ်ပိတ်ပြီး လက်ပိုက်ကြည့်မနေနိုင်ကြောင်းပါ။

* * *

ပေရယ်အရူး(April Fool) ဆိုတာ ဧပြီလ ၁ ရက်၏သင်္ကေတဆိုလျှင် ကျွန်ုပ်တို့ ညီညီညာညာငြင်းကြရမည်။ အဘယ်ကြောင့်ဆိုသော် ၁၉၇၆ ခုနှစ် ဧပြီလ ၃ ရက် သတင်းစာမှာ ကျောင်းသားခေါင်းဆောင် ကိုတင်မောင် ဦးကို အထူးခုံရုံးက သေဒဏ်စီရင်ချက်ချကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်း ကြောင့် ဖြစ်သည်။ ယင်းအမိန့်ကို ထုတ်ပြန်ကြေညာသူတွေက အရူးတွေလား။ ဧပြီလသည် မြန်မာလိုတန်ခူးလ။ နှစ်သစ်၏အစဦးဖြစ်သော မြန်မာတို့ မင်္ဂလာ ယူရာ အချိန်အခါသမယလည်းဖြစ်ပါပေသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ပြောင်းရက်များကို 'အခါတွင်း'ဟု ပြောစမှတ်ပြုကြသည်။ အခါတွင်းကြီးမှာ အပြုအမူအပြောအဆိုများသာမက တစ်ဦးနှင့်တစ်ဦး ဈေးရောင်းဈေးဝယ်ပင် မပြုရန် သတိထားရှောင်ရှားကြလေသည်။ တစ်ကျပ်တစ်ပြား အမြတ်ယူရန် ဝန်လေးကြ၏။ ကိုယ့်ကြောင့် သူတစ်ပါးမှာ မထိခိုက်မပွန်းပဲ့အောင် သတိထား လေ့ရှိသည်။ မေတ္တာထားနိုင်သမျှ မေတ္တာထားကာ ကူးလူးဆက်ဆံကြသည်။ သတ်ဖြတ်ညှဉ်းပန်းမှုတွေ ရှောင်ကြ . . . ရှားကြ။ အခါတွင်းမတိုင်မီကပင် ဟင်းလျာအတွက် အခြောက်အခြမ်းတွေ ကြိုတင်စုဆောင်းသိုမှီးထားကြ သည်။ ကိုယ်စိတ်အေးချမ်းစွာ တရားစခန်းဝင် သူတို့ဝင်၊ ဘုရားဖူးထွက်သူတို့

ထွက်၊ ရေကစားသူ ရေကစား၊ စတုဒိသာကျွေးသူ ကျွေးကြ၊ တစ်ယောက်နှင့် တစ်ယောက် မငြိုငြင်၊ မထိပါးရအောင် အထူးသတိထားနေကြလေ့ရှိသော ကြောင့် ထိုအခါရက်များမတိုင်မီကပင် လူတိုင်းလူတိုင်း မိမိတို့စိတ်ကို ဖြူစင် သည်ထက် ဖြူစင်အောင် ခဝါချထားကြသည်ချည်းပင်။ လူကိုသာမက အဝတ်အစား၊ စောင်၊ ခြင်ထောင် အသုံးအဆောင်တို့ကအစ လျှော်ဟယ်၊ ဖွပ်ဟယ် သန့်ရှင်းကြ၊ အိမ်အတွင်းအပြင် ကြမ်းခင်းကအစ ကြေးညှော် တိုက်ချွတ်ကြသည်။ နှစ်ဟောင်းက အညစ်အကြေးတွေ၊ မသတီစရာတွေကို နှစ်သစ်ဆီသို့ အကူးမခံကြ။ ထိုအခါတွင်းရက်များ၌ ကိုယ်စိတ်နှစ်ပါး ဖြူစင်စွာဖြင့် မင်္ဂလာရှိအောင်သာ နေထိုင်ပြုမူလေ့ ရှိကြသည်။ သို့မှသာလျှင် နောင်လာမည့် နှစ်အတွက် ကောင်းသောအတွေ့အကြုံ၊ အဖြစ်အပျက်တို့နှင့် ကြုံဆုံလက်ခံ နိုင်ရဖွယ်ရှိသည်ဟု မြန်မာနိုင်ငံသားတို့ အယူရှိကြလေသည်။

ထိုအခါတွင်း ရက်မတိုင်မီ တစ်ပတ်ဆယ်ရက်ခန့်အလိုမှာပင် ကျောင်း သားခေါင်းဆောင် တင်မောင်ဦးအား နိုင်ငံတော်ပုန်ကန်မှုကြောင့် သေဒဏ် ပေးလိုက်သည်ဆိုသော အမိန့်အာဏာစက်ကို သူတို့မှီလို့ ချရက်ကြပလေ။ ကျောင်းသားဆိုသည်မှာ အညွန့်အဖူးကလေးပင်ဖြစ်ပါပေသည်။ ၁၉၇၆ ခုနှစ်၊ မတ်လ ၂၂ ရက် နံနက်ပိုင်းမှာဖမ်းဆီးပြီး နေ့လယ်တစ်နာရီမှာ မြန်မာ့အသံ က ကြေညာသဖြင့် တစ်နိုင်ငံလုံးက စိတ်ထိခိုက်ဖွယ်သတင်းအဖြစ် မနာယူ သော်လည်း လက်ခံလိုက်ကြရသည်။ တကယ်တမ်းတွင် ၁၉၇၆ခုနှစ်၊ ဖွန်လ ၂၂ ရက်တွင် ချင်းအမျိုးသား ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင် ဦးအား ကြိုးပေးကွပ်မျက်ခဲ့သည်။ ကျောင်းသားအညွန့်အဖူးအား ဗြိတိသျှ နယ်ချဲ့အစိုးရက လယ်သမားသူပုန်ခေါင်းဆောင်ဆရာစံကို မသေမချင်း ကြိုးပေးသတ်သည့်နှယ် စီရင်ခဲ့ကြသည်။ စစ်အစိုးရသည် သူတို့ဘက်တွင် ဖျက်မရအောင် စွန်းထင်စေမည့် သမိုင်းအမည်းကွက်ကြီးကို ယခုလို အခါကြီး ရက်ကြီး မတိုင်မီရက်အတွင်း နောက်ရက်လများတိုင်အောင် မစောင့်ဆိုင်းနိုင် သည်အထိ အာဏာရမှုက်ကြီးစွာ လက်တုံ့ပြန်ခဲ့ပေသည်။ ပိတောက်ပန်းတွေ ကြိုကြိုတင်တင် ငိုကြွေးခဲ့ရသော ထိုနှစ်သစ် အခါသမယကို ကျွန်ုပ်တို့မမေ့နိုင်။

ယခုနှစ်အခါကြီးရက်ကြီးများအတွင်းမှာလည်း သမီးကလေးကျေးရွာသူရွာသား ၃၀၀ ကျော်အတွက် ပိတောက်ဖူးတို့ မျက်ရည်စို့ရဦးမည်ပင်။

* * *

နာဂစ် – ကျန်ရစ်ပြီဖြစ်သော်လည်း အတိတ်ကိုမေ့မရနိုင်ပါ။ ကမ္ဘာပေါ်တွင် နံပါတ်(၈)ဖြစ်သော လူအသေအပျောက် အများဆုံး နာဂစ်မုန်တိုင်းကြီး။ ပင်လယ်မှာမွေး၍ ပင်လယ်မှာပျော်သော အသက်မွေးဝမ်းကျောင်းကြသူ ဧရာဝတီမြစ်ဝကျွန်းပေါ်သားတို့သည် မုန်တိုင်းကို အတွေ့အကြုံမရှိကြ။ မုန်တိုင်းအကြိမ် (၈၀)ကျော် ဒဏ်ခံဖူးရာ ရခိုင်ပြည်နယ်က မုန်တိုင်းဒဏ်အသား သေနေပြီ။ ထို့ကြောင့်ပင် မုန်တိုင်းမဝင်ခင် ၄ နာရီခန့်က ကြိုတင်သတင်းရပါသော်လည်း မြစ်ဝကျွန်းပေါ်သားတို့ သတိလက်လွတ် ဖြစ်ခဲ့ကြသည်။ ဟုတ် . . . မထင်ပါဘူးလေ ဆိုသည့်မျိုး။ သဘာဝဖြစ်စဉ်ဆိုသည်ကား ကြိုတင်မှန်းဆကြည့်ခွင့်ရချိန်မှာ နှစ်ဆယ့်လေးနာရီ အလွန်ဆုံးဖြစ်ပေမည်။ နွေနှောင်းရာသီတွင် သုံးလေးရက်ခန့် ပူပြင်းလွန်းမက ပူပြင်းလာနေပါလျှင် မိုးရွာတော့မည်ဟု ခန့်မှန်းရတတ်လေသည်။ မိုးဖြိုမစဲ . . မိုးမည်းမရွာဆိုသည်က တစ်မျိုး။

ရှေးလူကြီးတွေကတော့ မိုးနဲ့နွားသို့၊ အစိုးမရ . . . ဟု ဆိုရိုးရှိသော်ငြားလည်း အထက်ကပမာ မိုးရွာမရွာ ခန့်မှန်း၍ရသေး၏။ ရွာသင့်ပါလျက်မရွာလျှင်သော်လည်းကောင်း၊ ရွာစေချင်လွန်းလျှင်သော်လည်းကောင်း မြန်မာတို့လုပ်ရိုးလုပ်စဉ်အတိုင်း သွေးရူးသွေးတန်းပဲဆိုဆို လွန်ဆွဲပွဲများ ကျင်းပကြလေတော့သတည်း။

သို့သော်လည်း . . . တဲ့၊ စိန်ကဲ . . . ရွှေကဲထက် လူကဲခတ်ရန် ခက်ပါ၏။ ထိုထက်ပို၍ အစိုးရမင်း၏ အကဲကိုခတ်ရန်ကား ပို၍ ပို၍ခက်ခဲပါဘိတောင်း။ တစ်သက်လုံး စိမ်းခဲ့လေသမျှ ဘာအဝတ်ကို ဘာကြောင့် ချွတ်ပြီး တောင်ရှည်တွေ၊ ခေါင်းပေါင်းတွေ ပြောင်းခဲ့ကြပါလိမ့်။ ဘာစကားကို ဘာကြောင့်များ ပြောခဲ့ကြပါလိမ့်။ ယခင်ထွေးပြီးသားကို ဘာဖြစ်လို့ ပြန်မျိုနေကြပြန်ပါလိမ့်။

သူတို့ချင်း တစ်သွေးတည်းတစ်သားတည်းကနေ သူ့လူကိုယ့်ဘက်သားလား ... ကိုယ့်လူသူ့ဘက်သားလား ... နှုများတော့လေ။ ဘယ်သူ့ကိုများ အောင့်ကာနမ်းဖို့ တန်းစီနေကြပါသလဲ။ နာဂစ်ဖြစ်စတုန်းက ဦးသိန်းစိန် (ယခုသမ္မတကြီး)သည် ဝန်ကြီးချုပ်ဘဝနှင့် ဒုက္ခသည်များအား သွားရောက် တွေ့ဆုံပြီး လက်ကလေးနှစ်ဖက်နောက်ပစ်ကာ 'ဘာများလိုအပ်ကြပါသလဲ'' ဟု နှစ်သိမ့်မေးမြန်းခြင်းကို ဒေသခံမိန်းမကြီးတစ်ဦးက ဦးသိန်းစိန် ပြန်သွားသောအခါ ''စိတ်ရှိတိုင်းပြောလိုက်ရရင် လင်ကအစ လိုနေတာ ပေါ့တော်..လို့ ဖြေချလိုက်ချင်တာ'' ဟု ပြောရှာကြောင်း ကြားဖူးပါသည်။ တောသူတောင်သားတွေဖြစ်သည့်အပြင် လောကခံရိုက်ချက်ကြောင့်တစ် ကြောင်း၊ မင်းစိုးရာဇာဆိုလျှင် ကြောက်စိတ်ရင်းစွဲကြောင့်တစ်ကြောင်း လင်သေသားဆုံး ပစ္စည်းပြုန်းသူ ဒုက္ခသည်များအနေနှင့် ရင်မဖွင့်ရဲကြပါ။

ခုတော့ ... ကျွန်မသိပြီ .. ဆိုသော ကြော်ငြာစာသားအတိုင်း ပြည်သူ လူထုသည် ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ကြ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ကြသဖြင့် ချေးစော်နံလှပါသော်လည်း ပြန်ထွက်ခွင့်မသာအောင် ဝဋ်ကြီးလှပုံကြောင့် မထွေးနိုင်၊ မအန်နိုင်ဖြစ်ရာက ပွင့်ကန်ထွက်၊ ပေါက်ထွက်ရန် တာစူနေကြ ပြီဖြစ်သည်။

နာဂစ်ကို ဧရာဝတီမြစ်ဝကျွန်းပေါ်သားတို့ မခန့်မှန်းနိုင်ခဲ့သော်လည်း မုန်တိုင်းအကြိမ် ၈၀ ကျော် ဒဏ်ခံဖူးသူ ရခိုင်သားတို့ကတော့ မုန်တိုင်း၏ အကြောကို သိပြီးဖြစ်လျက် မုန်တိုင်းအလာကို ကြိုတင်ကာကွယ်နေတတ် နေကြပေပြီ။

အလားတူပင် မြန်မာနိုင်ငံသားတို့သည်လည်း နှစ် ၅၀ ကျော် နိုင်ငံရေး မုန်တိုင်းဒဏ်ကို ခံစားပြီးပြီဖြစ်၍ ဘယ်ခြေလှမ်းရင် ဘယ်စခန်းဆီ အရောက် မြန်းကြမည့် အာဏာလက်ကိုင်ရှိသူတို့၏ တက်ခြေနှင့် တိုက်စစ်ကို ဖြတ်သန်း သိ၊ ခံစားသိတို့ဖြင့် မှန်းဆနေမိကြပြီဖြစ်သည်ကို အသိအမှတ်ပြုရန် အချိန် တန်သင့်လျော်ခဲ့ပါပေပြီ။

မိုးဦးလေဦး ဝသန်ကျူးခဲ့ပြီ။ အငြိုးနှင့် ရွာချပုံက လက်ဆေးမိုးမဟုတ်၊

တစ်ကိုယ်လုံး ရေချိုးရန် တန်သည့်မိုး။ အမှန်တော့ သည်မိုးသည်လေနှင့် မြန်မာတစ်နိုင်ငံလုံးအား ဆေးကြောပေးစေချင်လှသည်။ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တစ်နှစ်တာလုံး ခံစားခဲ့ကြသော ပြည်သူလူထု၏ ဒုက္ခ၊ သောက ပူဆွေးမျက်ရည်များနှင့် အကျပ်အတည်းပေါင်းစုံ၊ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော ဝေ့လည်လည်ပြဿနာများ။ လွှတ်တော်၊ အာဏာရှင်၊ ဒီမိုကရေစီ၊ ဥပဒေ၊ တပ်မတော်၊ အလုပ်လက်မဲ့ပြဿနာ၊ ဆန္ဒပြမှုများ။ မြေသိမ်းယာသိမ်း၊ တပ်ပိုင် . . တိုင်ပတ်၊ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး ဥပဒေ၊ ပုဒ်မပုဒ်ထီးများ။ NGO နှင့် INGO များ။ ပြည်တော်ပြန်များ။ ဖားတစ်ပိုင်းငါးတစ်ပိုင်း၊ ဝင်ကစွပ်များ၊ မျက်လှည့်လက်လှည့်များ၊ Made In Burma ဆက်တင်များ။ Actor များ။ မူးယစ်ဆေးဝါး၊ ကြယ်သီး၊ Night Club, Day Club၊ ဈေးမဖြတ်နိုင်သော ပိုင်ဆိုင်မှုများ။ လယ်တီသိမ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ မြစ်ဆုံကိစ္စ၊ ရောဝတီပေါ်က ရေကာတာများ၊ သံလွင်ပေါ်က ရေကာတာများ၊ ကချင်ပြည်နယ် စစ်ဘေးဒုက္ခသည်များ၊ တအာင်းပလောင်တပ်၊ UNFC၊ UWSA ဝ, တပ်၊ ဗိုလ်ချုပ်ဂွမ်မော်၏ အမေရိကန်ခရီး၊ ပင်လုံအိပ်မက်၊ သတင်းစာဆရာကြီး ဦးဝင်းတင် ဈာပန၊ ပန်းခွေများ၊ မျက်ရည်များ၊ ကမ္ဘာ့လာဘ်အစားဆုံး Position 5 မြန်မာနိုင်ငံ၊ ကိုရီးယား K: Pop Concert၊ တရားဝင်ပြည့်တန်ဆာပြဌာန်းခွင့်၊ တိုးမြှင့်မီတာခ၊ ၉၆၉၊ သမ္မတကြီးအသိအမှတ်ပြု မီဒီယာဥပဒေသစ်၊ ဒဏ်ငွေ ၃ သိန်းနှင့် ၁၀ သိန်းကြား၊ DVB သတင်းထောက် ပြည့်နှင်းဒဏ်၊ လင်နိုးမယားနိုးသတင်းလွှတ်လပ်ခွင့်၊ ဆင်ကြီးဂျွန်ခီ၊ ရွှေပြည်တော် မှော်တိုင်းဝေး . .

ထိုအရေးထိုအရာအားလုံးကို သည်မိုးသည်လေက ကြေပြုန်းတိုက်ခတ်ပစ်စေချင်လှသလို နိုင်ထက်စီးနင်းမှုများ၊ မတရားသဖြင့် ပိုင်ဆိုင်မှုများ၊ နားလှည့်ပါးရိုက်မှုများ၊ ဆင်သေဆိတ်သားရေဖုံးမှုများ၊ ဝန်ကြီးတစ်ပိုင်းဗိုလ်ချုပ်တစ်ပိုင်းများ၊ စူ့ထက်စူ လူစွမ်းကောင်းများ၊ အဝေးရောက်အဖွဲ့အစည်းများ၊ ရွှေရည်စိမ် ဒီမိုကရေစီ . . . စသည် . . . စသည်တို့ကိုလည်းပဲ။

၁၀–၅–၂၀၁၄ ရက်နေ့က ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊

မအူပင်မြို့ နည်းပညာတက္ကသိုလ်နံဘေးမှာ ကျင်းပပြီးစီးခဲ့တဲ့ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ၂၀၀၈ ဖွဲ့စည်းပုံပွဲကြီးတုန်းက နေပူပူထဲမှာ ဒီမိုကရေစီ လိုလားသူ လူဦးရေ ၂၀၀၀၀ ကျော် ဒီနေရာရောက်အောင် အိပ်ရာက ၄ နာရီထကြရတယ်။ ၅ နာရီမှာ စုရပ်အသီးသီးထားပြီး ရန်ကုန်ကနေ ထွက်လာခဲ့ကြပြီးတော့ မအူပင် လယ်ကွင်းပြင်ဆီ စုဝေးရောက်ရှိကြ။ လူထုဟာ အဲသည်လောက်ထိ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေးကို အာရုံရှေးရှုပြီး မိမိနိုင်ငံရဲ့ အနာဂတ်အတွက် စိတ်စောနေကြတာ။ တစ်ဖက်နဲ့တစ်ဖက် ရင်ဆိုင်ရာမှာ ခေါင်းဆောင် လိုအပ်တာကလည်း ဓမ္မတာပါပဲ။ အားကိုးလောက်ဖွယ် ခေါင်းဆောင်ဆိုတာ လည်း လူထုဘက်မှာရှိနေပြီ အဲဒီခေါင်းဆောင်နောက်မှာ မရေတွက်နိုင်တဲ့ ပြည်သူလူထုကြီး . . . . ။

"ဖွဲ့စည်းပုံပြင်ဆင်ရေး ဆန္ဒမရှိသူတွေမှာလည်း သူတို့ဆန္ဒ သူတို့ ဖော်ထုတ်ခွင့်ရှိပါကြောင်း၊ တစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်ဖြစ်ပါကြောင်း၊ သို့သော် ရည်ရွယ်ချက်နဲ့ လုပ်ပုံကိုင်ပုံနောက်ကွယ်က မည်သို့အခြေအနေရှိကြောင်းကို လေ့လာသုံးသပ်နေဖို့လိုကြောင်း ........"

"ပြည်သူတွေဘက်က ဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ ကာ၊ ဉာဏ်၊ ဝီရိယ လုံ့လစိုက်ထုတ်လုပ်ရမှာဖြစ်ကြောင်း၊ လူထုဆန္ဒကို အစွမ်းကုန်ဆောင်ရွက်နေတဲ့ကြားက ၂၀၀၈ ဖွဲ့စည်းပုံကိုပြင်ပေးမလာလျှင် ဘာလုပ်မလဲ ... ဆိုတဲ့ မေးခွန်းမျိုးကိုမကြိုက်ကြောင်း၊ မိမိဘက်က စေတနာမှန်ဖို့လိုကြောင်း၊ လုပ်ချင်တဲ့စိတ်မှာ ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့လုပ်ရမှာဖြစ်ကြောင်း...... မအူပင် ကွင်းပြင်ကြီးမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားခဲ့တဲ့စကားတွေပဲ ဖြစ်ပါတယ်။ အမေးရှိရင်အဖြေရှိတဲ့ သဘောနဲ့ အညီ လူထုခေါင်းဆောင်နဲ့လူထု ယခုလို စုစုစည်းစည်းတွေ့ကြဖို့မလွယ် လှပေမယ့်တွေ့ကြပြီဆိုတဲ့အခါ အဖြေမထုတ်နိုင်တာတွေကို မေးကြမြန်းကြပုံပါပဲ။

၁၇–၅–၂၀၁၄ ရက်နေ့မှာ ရန်ကုန်မြို့ တာမွေမြို့နယ် ဗိုလ်စိန်မှန်ပန်းခြံတွင်းသာမက အပြင်လက်ဖက်ရည်ဆိုင်တွေ၊ ပလက်ဖောင်းတွေပေါ်မှာပါ

လူထုကြီးဟာ ကျပ်သိပ်နေတော့တယ်။ လူတန်းစားပေါင်းစုံရဲ့ ဆန္ဒဟာ တစ်သဘောတည်းဖြစ်နေပေလိမ့်မယ်။

"၇၅ ရာခိုင်နှုန်းကျော်မှ ၄၃၆ ကိုပြင်လို့ရမှာဆိုတော့ ၂၅ ရာခိုင်နှုန်းထဲက တပ်မတော်သားတွေ ထောက်ခံပေးဖို့လိုတယ်။ စစ်သားတွေဖြစ်ပြီး သတ္တိရှိစွာနဲ့ နိုင်ငံကောင်းစားဖို့ ထောက်ခံပေးကြရမှာ" လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့စကားဟာ အားရစရာဖြစ်ပေမယ့် ဒီ ၁၀၀၀၀ ကျော်ခန့် လူစုကြီးထဲမှာ စစ်သားအယောက် ၁၀၀ တက်ရောက်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။ ပြည်သူလူထုနဲ့ တပ်မတော်ဟာ ခွဲခြားမရအောင် တစ်သားတည်းဖြစ်ရမယ့်အစား စိတ်ဓာတ်အရ ကွာခြားမှုတွေရှိအောင် စစ်ခေါင်းဆောင်တွေက ရိုက်သွင်းထားသလို စစ်သားဆိုတော့ အမိန့်နာခံဖို့ကလွဲရင် Robot တွေလို ထားရာနေ စေရာသွားခဲ့ကြတာ အားလုံးအသိပဲ။ ပြည်သူထဲက ပေါက်ဖွားတဲ့ တပ်မတော်ဟာ ပြည်သူ့သားသမီးတွေမို့ ပြည်သူနဲ့စိမ်းစိမ်းကားကားကြီး မဖြစ်စေချင်ပါ။ အတိုက်အခံတွေဘက်ကလည်း ဒီသဘောပဲရှိမှာ သေချာပါတယ်။

၁၈–၅–၂၀၁၄ ရက်နေ့ကျရင် ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရေး လူထုထောက်ခံပွဲတစ်ပွဲကို မန္တလေးမြို့မှာ ဆက်လက်ကျင်းပဦးမှာပါ။ နှစ်သောင်းသုံးသောင်းကျော်မယ့် ပြည်သူလူထုအင်အားနဲ့ ကြွေးကြော်သံတွေကို ကြားယောင်နေပါတယ်။ ၂၀၁၅ အနာဂတ်ကို မျှော်လင့်အားထားတဲ့ မျက်ဝန်းနဲ့ မျက်နှာသွင်ပြင်တွေကိုလည်း မြင်ယောင်နေမိပါရဲ့။ တစ်နွေလုံး ပူပြင်းတောက်လောင်ခဲ့တဲ့ အပူရှိန်တွေကို မိုးဦးလေဦးနဲ့ အနွမ်းပြေ၊ အပန်းပြေစေသလို ၁၉၆၂ ခုနှစ်က စပြီး လောင်မြိုက်လာခဲ့ကြတဲ့ ပြည်သူလူထုရဲ့ ရင်တွင်းအပူသောကတွေကို ပြေငြိမ်းအေးချမ်းသွားစေမယ့် ကိစ္စကြီးကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးရေးပါပဲဆိုတာ အထူးတလည်ပြောဖို့ မလိုတော့ပါ။

* * *

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသည် အိမ်နီးချင်းပီပီ ပတ်သက်ဆက်စပ်မှုများ တစ်နည်းမဟုတ်တစ်နည်း ရှိနေပေသည်။

နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုမှာတော့ သူတို့က ပဒေသရာဇ်စနစ်ကို ဆက်လက်ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံက ပဒေသရာဇ်စနစ်ကို အမြစ်ပါ ဆွဲနုတ်ခဲ့ကြပြီးပြီ။ သူလည်း နယ်ချဲ့ကိုလိုနီဖြစ်ခဲ့၊ ကိုယ်လည်း နယ်ချဲ့ကိုလိုနီ ဖြစ်ခဲ့၊ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံမှာ အာဏာအလွှဲအပြောင်းတွေဖြစ်ခဲ့ သလို သူတို့ဆီမှာလည်းဖြစ်ခဲ့သည်။ ခေတ်အဆက်ဆက်မှာ အာဏာရှင်တွေ၊ ကိုယ်ကျိုးရှာသမားတွေ၊ ဂိုဏ်းဂဏတွေ၊ ကြေးမြီတွေနှင့် ပတ်ချာပိုင်းပုံက လည်း အတူတူဟု ဆိုရမည်ပင်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းကစပြီး မြန်မာနိုင်ငံ မှာ ဆက်တိုက်ပွဲကြမ်းလာခဲ့သလို ၁၉၉၂ ခုနှစ်နောက်ပိုင်း ထိုင်းနိုင်ငံ၏ အရေးအခင်းများသည် လူထုနှင့်အာဏာပိုင်များ စစ်ကစားပွဲများအဖြစ် ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာနေသည်။ မြန်မာနိုင်ငံတွင်း၌ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်ချိန်တည်းကစားလာသူမှာ ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ သက်ဆင်ရှင်နာဝပ်၊ မတူခြားနားသည့်အချက်ကတော့ သက်ဆင်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ စီးပွားရေးဒလဟောကျဆင်းချိန်တွင် အခွင့်ကောင်းကြံ၍ နိုင်ငံခေါင်းဆောင်နေရာတစ်ခုသို့ တိုးမိသူဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကတော့ စစ်အုပ်ချုပ်ရေးခေတ်တွင် အစစအရာရာ မွန်းကျပ်နေရသော မြန်မာနိုင်ငံပြည်သူလူထုအတွက် ကောက်ရိုးတစ်မျှင် ပမာဖြစ်ခဲ့သည်။ ဘယ်လောက်ပင် ဆင်တူယိုးမှားဖြစ်သည်ဆိုပစေ၊ ထိုင်းနိုင်ငံ ပထမဝန်ကြီးချုပ် သက်ဆင်နှင့် နောက်ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်သည် မောင်နှမရင်းပီပီ သူတို့အချင်းချင်းလည်း စရိုက်သဘာဝ ပုလင်းတူဘူးဆို့ဖြစ် သော်လည်း မြန်မာ့လွတ်လပ်ရေး ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ ရင်နှစ်သည်း ချာများဖြစ်သော ဦးအောင်ဆန်းဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကား ပြဒါး တစ်လမ်း၊ သံတစ်လမ်းပင်တည်း။

ထိုင်းနိုင်ငံတွင်း ဂယက်သည် မြန်မာနိုင်ငံကို ရိုက်ခတ်သည့်နည်းတူ မြန်မာနိုင်ငံတွင်းဂယက်ကြောင့်လည်း ထိုင်းနိုင်ငံနှင့် တစ်ခါတစ်ရံ ကုန်သွယ်မှု

တွေ ပြတ်တောက်သည်အထိ ဖြစ်ပေါ်ခဲ့ပြီး၊ ပြုပြင်ပြောင်းလဲရေးကာလ များတုန်းကလည်း နှစ်နိုင်ငံလုံး မြို့ပြကျေးလက်ကွာဟမှု ကြီးမားသည်ထက် ကြီးမားလာပုံချင်းတူနေခဲ့သည်။ မြန်မာနိုင်ငံက တစ်ခုကံကောင်းသည်မှာ အထင်ကရအတိုက်အခံ ဒီမိုကရေစီအရေးလှုပ်ရှားသူများဘက်က ဆွေးနွေးညှိနှိုင်းမှုကို ယခုအချိန်ထိ တောင်းဆိုနေနိုင်သေးသည်မှာ ထိုင်းနိုင်ငံနှင့်မတူပါဟု ဆိုသော်ရနိုင်ပေသည်။

မေလ ၂၂ ရက် ညနေ ၄ နာရီခွဲမှာ ထိုင်းနိုင်ငံအစိုးရ၏ လုပ်ပိုင်ခွင့်များကို သိမ်းယူပြီး ထိုင်းတစ်နိုင်ငံလုံးအား ထိုင်းစစ်တပ်က အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း ကမ္ဘာကသိခဲ့ကြသည်။ ယခုအာဏာသိမ်းခြင်းသည် ၁၂ ကြိမ်မြောက်ဖြစ်ပြီး မအောင်မြင်သောအကြိမ်များပါထည့်တွက်ရလျှင် အာဏာသိမ်းမှု ၁၉ ကြိမ်မြောက်ဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် အကြိမ်ပေါင်းမှာလည်း ၁၇ ကြိမ်ရှိကြောင်း သုံးသပ်သိရှိရသည်။ နိုင်ငံရေး ဖြစ်စဉ်ပြောင်းလဲမှုအရ ထိုင်းနိုင်ငံသားများ၏စိတ်ခံစားချက်သည် တစ်သမတ်တည်းရှိမည် မဟုတ်သကဲ့သို့ ထိုင်းလူထု၏ ဒီမိုကရေစီသမ္မတနိုင်ငံပန်းတိုင်သည်လည်း ပျောက်ပျက်သွားမည်မဟုတ်ပေ။ ဒီမိုကရေစီ ရေကြောမြေကြောလိုက် .... မလိုက်ကတော့ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ ပြည်သူများ၏ခံစားမှုနှင့် တိုက်ရိုက်အချိုးကျပေလိမ့်မည်။

* * *

၂၀၀၈ အခြေခံဥပဒေကို ပြင်ရေးဆိုတဲ့ လူထုထုတ်ဖော်ပွဲ (မအူပင်မြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့)များကို ယခုတလောမှာ NLD ကဦးဆောင်ပြီး ကျင်းပပြီးခဲ့ပါပြီ။ NLD ရဲ့ အရှေ့မှာ အခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆန္ဒဖော်ထုတ်ပွဲတွေဟာ မြန်မာနိုင်ငံအနှံ့အပြား ပွဲပေါင်း ၇၀ ကျော် ရှိခဲ့တယ်။ လူထုက NLD ကို ရှေ့ဆောင်သလား . . .၊ NLD ကပဲ လူထုကို ရှေ့ဆောင်နေသလား . . .။ လူထုကတော့ ဘယ်သူမလှုပ်လှုပ် . . . ငါ့ဝမ်းပူဆာမနေသာတာ ကြာခဲ့ပြီပဲ။ ပထမတော့ လယ်ယာမြေတွေကို တပ်

ပိုင်သိမ်းမှုတွေအတွက် အရေးဆိုသံတွေ ညံနေတုန်းမှာပဲ ၂၀၀၈ အခြေခံ ဥပဒေပြင်ဆင်ရေးအတွက် ဆန္ဒဖော်ထုတ်ပွဲတွေက တစ်ပွဲပြီးတစ်ပွဲ ဆက်လာနေပါတယ်။ ပြည်သူလူထုဟာ ဘယ်အရာ ဘယ်ကိစ္စက ပိုအရေးကြီးတယ်ဆိုတာ ၁၉၆၂ ခုနှစ်ကတည်းက စစ်အစိုးရမူကြိုကျောင်းကနေ သင်ကြားပေးလိုက်မှုတွေကြောင့် ယခုဆိုရင် နှစ် ၅၀ ကျော် ၆၀ တွင်း ရောက်ခဲ့ပြီဆိုတော့ တတိယအရွယ်ရောက်ပြီလို့တောင် ပြောရမှာပါ။ လူငယ်ဆိုတာ ဖြစ်ရိုးဖြစ်စဉ် ကမူးရှူးထိုးနိုင်သေးတယ်။ ပထမအရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ ဥစ္စာ၊ တတိယအရွယ်မှာ ဘာဝနာရှာရမယ်လို့ အစဉ်အလာ စကားရှိပေမယ့်လည်း တတိယအရွယ်ရောက်အောင် မငြိမ်းချမ်းနိုင်သေးတဲ့ ပြည်သူလူထုခမျာ လမ်းမတွေပေါ် နေရောင်အောက်လျှောက်ကြရင်း ချွေးဒီးဒီးကျတဲ့အထိ လက်သီးလက်မောင်းတန်း အော်နေရဆဲပါ။ အဲဒီလူထုကြီးထဲမှာ ပထမအရွယ်ရော၊ ဒုတိယအရွယ်ရော၊ တတိယအရွယ်ရော အရွယ်(၃)ပါးလုံး ပါဝင်နေတာက အံ့ဩစရာမကောင်းပေဘူးလား။ နိုင်ငံခြားသားတွေမြင်ရင် အံ့ဩကြမှာပါ။ ပိုပြီးအံ့ဩမှာက အဲဒီလူအုပ်ကြီးထဲ သံဃာတော်တွေပါ ပါနေခြင်းကိုပေါ့။ မိမိနိုင်ငံသားချင်းတော့ ဘယ်သူကမျှ အံ့ဩမှာမဟုတ်ပါဘူး။ အကြောင်းသိချင်းတွေလေ။ ဘဝတူတွေလေ။ သံဃာတော်တွေဆိုရင်လည်း တစ်နိုင်ငံလုံးရဲ့ အပူဟပ်ခံရမှုတော့ မနေသာပေဘူးပေါ့။

အဲဒီပွဲတွေမှန်သမျှကို လူမှုကွန်ရက် ဟာစ်တိုင်ဂျာနယ်ကနေ နိုင်သမျှကူခဲ့ပါတယ်။ ဂျာနယ်အမည်ကိုက "လူမှုကွန်ရက်ဟာစ်တိုင်ဂျာနယ်"ဆိုတော့ "လူမှုကွန်ရက်"မှန်သမျှကို စိတ်ဝင်စားပြီး ကိုယ်စားပြုကြောင်း အထူးဖော်ကျူးစရာမလိုတော့ပါ။ ဟာစ်တိုင် . . . ဆိုတဲ့အမည်ကိုလည်း အကြောင်းမဲ့ အလွသက်သက်ယူထားခြင်းမှ မဟုတ်ဘဲ။ မည်သူမဆို လာဟာစ်လို့ရတဲ့နေရာဟာ "ဟာစ်တိုင်"ပါ။ လမ်းမတစ်လျှောက် ဟာစ်ကြွေးသံတွေဟာ ဟာစ်တိုင်ရဲ့ သံစဉ်တွေဆိုရင် ငြင်းကြမယ်မထင်ပါဘူး။

ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ဒို့ အရေး . . .

ပုဒ်မ ၅၉(ဃ) အလိုမရှိ . . .

**ပုဒ်မ ၅၉(စ) အလိုမရှိ . . .။**

ကျောင်းဖွင့်ရာသီမှာ မြန်မာနိုင်ငံမိဘပြည်သူများခမျာ ၂၀၀၈ အခြေခံ ဥပဒေပြင်ဆင်ရေးတို့၊ ရခိုင်–ဘင်္ဂလားဒေ့ရှ်နယ်စပ် တိုက်ပွဲသတင်းတို့၊ ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေးလား၊ ထပ်မံထိုးစစ်လားတို့ . . . စသဖြင့် တစ်နိုင်ငံလုံးအရေးအခင်းတွေထက် ထီး၊ ဖိနပ်၊ ကျောပိုးအိတ်အရေးနှင့် ရင်သွေးတို့ ကျောင်းအပ်ရေးသည် နံပါတ်(၁)ဖြစ်နေပါသည်။ နယ်အသီးသီးရှိ စာသင်ကျောင်းများတွင် မူလတန်းနှင့် အလယ်တန်းကို အခမဲ့ပညာရေးဟု နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထားသည်နှင့်အညီ ဘယ်ကျောင်းအပ်လိုလျှင် ဘယ်နှသိန်းဆိုတာတွေ ယခင်ကလည်းမရှိသည့်နည်းတူ ယခုနှစ်တွင်လည်း မကြားမိပါချေ။

သို့သော် . . .။ ထိုသို့သော်သည် ရန်ကုန်တိုင်း ရန်ကုန်မြို့ပေါ်ရှိ ကျောင်းအချို့တွင် ကျောင်းစတင်အပ်နှံရေး၌ ကျောင်းအုပ်ကို ဘယ်နှသိန်း၊ အတန်းပိုင် (သို့မဟုတ်) ချိတ်ပေးသူဆရာမအား ဘယ်နှသောင်းဆိုတာ တွေ ရှိနေဆဲဟု ကြားသိရပါသည်။ ခေတ်ပြောင်းချိန်မှာ မူပြောင်းသည်ကို အလေးဂရုမပြုဘဲ မိမိအတွက်ကိုသာ အလေးထားမြဲထားနေဦးမည်ဆိုပါလျှင် လူတွေကိုပါ ပြောင်းပစ်သင့်ပေပြီ။ သက်ဆိုင်ရာမှ စစ်တမ်းကောက်သလိုမျိုး လေ့လာစိစစ်မှုတွေပြုပြီး အရေးယူသင့်လှပါသည်။ မိဘတွေခမျာ တိုင်လျှင် တောလျှင် ကိုယ့်သားသမီး၏ ထိုကျောင်းတွင် နေသမျှကာလပတ်လုံး ဖိအား ပေးခံရမည့်အရေးကို မျှော်တွေးလျက် အသံကျယ်ကျယ်မျှ မဟာရဲအောင် ဖြစ်နေကြရှာသည်။

မြန်မာနိုင်ငံ၏ ပညာရေးသည် မြန်မာနိုင်ငံ၏ အနာဂတ်အရေးပင်ဖြစ်ပါ သည်။ လူမွဲစာရင်းဝင်နိုင်ငံအဖြစ် အခြားနိုင်ငံများမှ သနားကရုဏာပွားကာ ကျန်းမာရေးထောက်ပံ့ငွေ၊ ပညာရေးထောက်ပံ့ငွေများ အလုံးအရင်းနှင့် လှူဒါန်းနေချိန်၌ မြန်မာ အမျိုးသားအချင်းချင်း အဆီခပ်စားနေသည်ကား အလွန်ပင်ရှက်စရာ။ တောင်ဒဂုံ မူလတန်းကျောင်းတစ်ကျောင်း၌ ကျောင်းအုပ် ဆရာမကြီးသည် ရဲမှူးကတော်ဖြစ်သတဲ့၊ အသက်ပြည့်၍ ကျောင်းအပ်သူများ

အဖို့မှာ စည်းကမ်းအတိုင်းဖြစ်သော်လည်း ၅ နှစ်ပြည့်ရန် ၁ လလိုလျှင် ကျပ် ၁၀၀၀၀၊ နှစ်လလိုလျှင် ကျပ်၂၀၀၀၀၊ သုံးလလိုလျှင် ကျပ် ၃၀၀၀၀ စသဖြင့် ယခင့်ယခင်နှစ်များက ပြောင်ကျကျတောင်းယူခဲ့ကြောင်း၊ စာမေးပွဲမှာ ပ၊ ဒ၊ တ ရ၍ ဆုချီးမြှင့်ပွဲတွင် ဆုရလက်မှတ်ဘောင်ဖိုးငွေ ၁၀၀၀၀ ကျပ် တောင်းရာ အုပ်ထိန်းသူအချို့က ကိုယ့်သားသမီးတော်တာသိရရင် တော်ပြီ။ ဆုမယူနဲ့တော့ဟု မိမိ၏ကလေးများကို ဖျောင်းဖျရကြောင်း။ ယခုနှစ်မှစ၍ ထိုကျောင်းမျိုးတွေ အချိုးပြောင်းပြီလားဆိုတာ စောင့်ကြည့်သင့်ပေသည်။

ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူးရှင်များအား ရွှေတံဆိပ်ပေးရန် ကာယကံရှင်များကိုယ်တိုင် အလှူငွေထည့်ဝင်ရကြောင်း ရန်ကုန်မြို့မျက်နှာကြီး ကျောင်းများမှ သတင်းများလည်း ကြားဖူးပါသေးသည်။

ထို့ကြောင့် အကျင့်တွေ၊ စာရိတ္တတွေပြောင်းပါမှ နိုင်ငံကောင်းမည် ဖြစ်ပါကြောင်း။

* * *

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကို ကျေနပ်မှုမရှိ၍ တာဝန်မှရုပ်သိမ်းရန် တိုင်တန်းလိုပါက တိုင်တန်းလိုသူနိုင်ငံသား တစ်ဦးသည် အနည်းဆုံးသက်သေဆယ်ဦးဖြင့် ပြည်ထောင်စုရွေး ကောက်ပွဲ ကော်မရှင်သို့ တိုင်ကြားရမည်ဖြစ်ပြီး မမှန်မကန်တိုင်ကြား ကြောင်းတွေ့လျှင် တိုင်ကြားမှုတွင် ပါဝင်သူအားလုံးကို တည်ဆဲဥပဒေ အရ အရေးယူရမည်ဖြစ်ကြောင်းအဆိုကို တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်ဗိုလ်မှူးစိုးမိုးက ဇွန်လ ၁၂ ရက်တွင်ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တင်ပြလိုက်သည်..... (13.6.2014, 7 Daily) တဲ့ ။**

"ဒီဥပဒေကြမ်းကို ယခုလိုပြင်ဆင်ဖို့တင်သွင်းတာက တပ်မတော် သားလွှတ်တော်ကိုယ်စားလှယ်တွေကို အကာအကွယ်လုပ်ဖို့အတွက် ပြင်ဆင်လိုတဲ့ ရည်ရွယ်ချက်နဲ့တင်တာပါ။ ဥပဒေကြမ်းကော်မတီက

သူ့ရဲ့တင်သွင်းချက်တွေကို သုံးသပ်ရဦးမှာပါ''ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်ကြည်ညွှန့်က သုံးသပ်သည်...... (13.6.2014 , 7Daily) တဲ့ ။

တယ်လည်း တရားမျှတကြပါကလား ... လို့သာ အော်ချင်ပါတော့ တယ်။ တရားမျှတလွတ်လပ်ခြင်းနဲ့ မသွေတို့ပြေ ... တို့မြေ ... များ လူခပ် သိမ်းကင်းငြိမ်းစေဖို့ စိတ်တူညီမျှ ဝါဒဖြူစင်တဲ့မြေ ...၊ တို့ပြေ...၊ အဲဒီနိုင်ငံတော်သီချင်းကို ကျောင်းသူကျောင်းသားလေးများသာပဲ ဖြောင့်ဖြောင့် တန်းတန်းသီဆိုနိုင်ကြမှာပါ။ အသက် ၄၀ ကျော်ကနေ ၇၀ အတွင်းတွေ ကတော့ ကလေးတွေလို ဂျောင်းဂျောင်းပြေးဆိုနိုင်ဖို့ နှုတ်အ... ထစ် .... ငေါ့နေကြမှာ သေချာပါတယ်။ ဘာကြောင့်လဲ ... တဲ့။ ဖွန့် ၆ အရေးအခင်း (၇၄)၊ အလုပ်သမားအရေးအခင်း(၇၅)၊ သခင်ကိုယ်တော်မှိုင်းအရေးအခင်း (၇၆) တွေ နောက်ပိုင်းမှာ လူဖမ်းပွဲကြီးတွေ ကျင်းပစမြဲပါ။ မောင်မောင်စိုး .... ဆိုတဲ့ဆေးကျောင်းသားကို Wanted ဖြစ်တော့ ဖမ်းဟ.. ဆီးဟ. ပေါ့။ ရောဝတီတိုင်းသား ပုသိမ်ဖွား မောင်မောင်စိုးတစ်ယောက် လွတ် မြောက်သွားပြီး ဗမာပြည်ကွန်မြူနစ်ပါတီထဲ ရောက်ရှိနေချိန်မှာ အခြားသော မောင်မောင်စိုးတစ်ယောက် ဘုမသိဘမသိနဲ့ ထောင်ကျနေပါပြီ။ မှားဖမ်း တာလို့ သူတို့ကိုယ်တိုင်ပြောပေမယ့် အဲဒီဖြောင့်ချက်က လေထဲတင် ပျောက်ပြီး ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ပေါင်းများခဲ့ပေါ့။ အပြစ်ရှိသူ တစ်ယောက်မိဖို့ ဆယ်ယောက်လောက် ဖမ်းသင့်ဖမ်းရမတဲ့။ အဲဒါကို ဘီးစိပ်တိုက်တယ် ခေါ်.... ဆိုပဲ။

ဥပဒေက... တပ်မတော်သားအတွက်တစ်မျိုး၊ ပြည်သူလူထုအတွက် တစ်မျိုး... လား။ တပ်မတော်မှာမှ အထက်နဲ့အောက်ခြေအခွင့်အရေးချင်း မတူတာလည်း တိုင်းသိ ပြည်သိ ကမ္ဘာသိပါ။ 'ဘုရင့်ဂိုဏ်းသားများ' ဆိုတာ ကွဲပြားခြားနားနေခဲ့တာကြာပေါ့။ ခုတော့ သံဃာတော်တွေကအစ ဘုရင့် သံဃာတော်များနဲ့ ပြည်သူ့ဘက်သားသံဃာတော်များရယ်လို့ တသီးတသန့် စီဖြစ်ခဲ့ပြီ။ ရှေးခေတ်က ဘုရင် ကိုးကွယ်တဲ့ သံဃာတော်မြတ်ကို **'မင်း'**

ဆရာ ...ရယ်လို့ ခေါ်ဝေါ်သမုတ်ခဲ့ကြ။ မင်းကျင့်တရားနဲ့မညီရင် **မင်း** ဆရာက "**မင်း** ကို ဝေဖန်ချေချွတ်ပေးနိုင်သတဲ့။ ခုတော့ **မင်းအလိုကျ**.. **မင်းမိန့်အတိုင်း** ... **မင်းအာဏာ**နဲ့ Walkie Talkie တကိုင်ကိုင်.... ခေါင်းခါခါလည်ခါခါဖြစ်နေတဲ့ကိုယ်တော်တွေ TV Screen မှာမြင်တွေ့ကြရ။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ကြပြီလား။ လွန်ခဲ့တဲ့လတွေကပဲ သမ္မတကြီး ကိုယ်တိုင် အမိန့်စာထုတ်ပေးခဲ့ ....ဆို။ ခုတော့..ဘာလဲ။ မင်းမှာ သစ္စာ ...လူမှာကတိ.လို့မပြောချင်တော့ဘူး။ ထွေးပြီးသားတံတွေးကိုပဲ ..ပြန်..ပြန်မျို ....။ အကုသိုလ်ပွားလှပါတယ် ... ဘုရား။

အလို ....မဟာသန္တိသုခကျောင်းတိုက်ကြီးမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့ မွေးနေ့ပွဲကြီး ဂုဏ်ချီးကျင်းပနေပုံကို အိပ်မက်မက်ကောင်းနေ တုန်းမှာပဲ ရုပ်ရှင်သရုပ်ဆောင် ခင်သန်းနွယ်နဲ့ လှလှမိုးတို့ရဲ့ ရင်ပွင့်အောင် အော်လိုက်ပုံက "မတရားမလုပ်ကြနဲ့၊ ဒါ..ဒီမိုကရေစီနိုင်ငံလား" ဆိုတော့ မိုးဦးလေဦး အရုဏ်ဦးမှာ အမင်္ဂလာအတိ ပြီးခဲ့ရပါကြောင်း။ ။

* * *

၁၉၆၂ ခုနှစ်မှစ၍ လူစွမ်းလူစပြခဲ့သော စစ်အစိုးရသည် မြန်မာနိုင်ငံ တစ်ဝန်း နေထိုင်ကြကုန်သော ပြည်သူပြည်သားအပေါင်းအား ပွဲကြည့် ပရိသတ်သဖွယ် သဘောထားကာ ယနေ့ထက်တိုင် ကပြအသုံးတော်ခံနေပေ သည်။ ပွဲကြည့်ပရိသတ်မှာ ယနေ့ထိ လက်ခေါက်မှုတ်ခွင့် မကြုံသေးပေ။ လက်ခေါက်မှုတ်ရန်ဝေးစွ လက်ခုပ်သံပင် ကြားဖူးကြပါလေစ။ ကိုယ်တိုင်ကိုယ် ကျ လက်ခုပ်လက်ဝါးတီးကာ ထောပနာပြုဖူးပါစ။ ဇာတ်စင်ပေါ်သို့ ကြံဆစ်ရိုး ပြောင်းဖူးရိုးတွေ ကျမလာပါချေ။ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ဖြင့် ဇာတ် စင်ပေါ်တက်လာကြသူတွေမှာ ပြည်သူပြည်သားများပါတကား၊ ကျောင်းသား တွေပါတကား၊ သံဃာတော်များပါတကား၊ အစကနဦးမှာတော့ ပွဲကြည့် ပရိသတ်သာပဲလေ။ တောင်သူလယ်လုပ် ဓားမခုတ်သူက ခုတ်၊ ဝန်ထမ်းလုပ် သူကလုပ်၊ ကုန်သည်ပွဲစား လုပ်သူကလုပ်၊ တပ်မတော်ထဲဝင်သူကဝင်၊

အမတ်ဝင်ရွေးသူရွေး၊ ဝန်ကြီးဖြစ်သူဖြစ်၊ သမ္မတဆိုသည်မှာ နိုင်ငံ့ဦးသျှောင် ဟုသိထားကြသည်။ ရဲသားကြီးက ကိုလှရွှေ လူဆိုးဖမ်းလို့စောင့်ရှောက်ပေ . . . ဆိုသည်မှာ ဖတ်စာအုပ်ထဲမှာတဲ့လား။

ဘိန်းမှောင်ခိုရာဇာနှင့် ပိုလ်ချုပ်ကြီးအချို့ ဂေါက်သီးရိုက်ဖက်ဖြစ်သွားချေပြီ။ ငမြ . . . လို့ သတင်းစာထဲရေးသားရာမှ ဘိုမြပြန်ဖြစ်လာချေ။ ဟို . . . အမျိုးသမီးက . . . တစ်မျိုး၊ ပြည်ပအားကိုးပုဆိန်ရိုး . . . ဆိုတာတစ်မျိုးနှင့် အမျိုးမျိုးရှိရာမှ တော်လှန်ရေးနေ့(တစ်ဖြစ်လည်း) တပ်မတော်နေ့၌ ဗိုလ်ချုပ်တို့နှင့် ယှဉ်လျက်တွေ့လိုက်ရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်။ လက်ညှိုးညွှန်ရာ ရွှေဖြစ်ခဲ့သော အတွင်းရေးမှူး (၁)ဘဝမှ ပန်းစိုက်သမားလိုလို . . .၊ ပန်းချီကားရောင်းသူလိုလို။ တစ်ပွင့်လျှင် ဗမာကျပ်ငွေ ၁၀၀၀ တန် သစ်ခွနှင့် ပန်းချီကားတစ်ချပ်လျှင် ဒေါ်လာ (----)မည်၍မည်မျှ တန်ဖိုးစာတန်းများက မျက်လှည့်လား၊ လက်လှည့်လား။ တန်မင်းဆက်၏ နောက်ဆုံးဘုရင်က တရုတ်ပြည်တွင် နန်းကျဘုရင်အဖြစ် ဉယျာဉ်မှူးဘဝကို ခံယူခဲ့သည်ကိုပင် အားကျလေရော့ ထင့်။ တစ်ဗိုလ်ကျတစ်ဗိုလ်တက်ဆိုသည့်အတိုင်း ''စူ့ထက်စူ လူစွမ်းကောင်းတွေ''။ သူတို့ရင်အုံပေါ်က ဘွဲ့တံဆိပ်တွေကိုသုံးသပ်ကြည့်လျှင် ပြည်ပရန်ကို ကာကွယ်ခဲ့မှုတွေမပါ။ ဗမာ၊ ရှမ်း၊ ကချင်၊ ကရင်သွေးရင်းသားရင်း အချင်းချင်းတို့နှင့်ရင်ဆိုင် စစ်ခင်းခဲ့သော ပြည်တွင်းစစ်မှ ဆုလာဘ်များ၊ သေသေချာချာတွေးကြည့်လျှင် ဂုဏ်ယူရမည့်အစား ရင်နာစရာ။

ယနေ့ခေတ်ကာလတွင် ငြိမ်းချမ်းရေးအဖွဲ့ ၁၆ ဖွဲ့တည်ဆောက်နိုင်ခဲ့ပြီ.. တဲ့။ ငြိမ်းချမ်းရေးရယူခါစတွင် အချို့အဖွဲ့များက တိုင်းရင်းသားလူမျိုးစုချင်း မဟာမိတ်ဖွဲ့ထားကြသည်။ တစ်ဖွဲ့နှင့် နိုင်ငံတော်အစိုးရပြေသနာတက်ပါက ကျန်အဖွဲ့များက မဟာမိတ်ဘက်မှ ဝိုင်းကူရန်။ စစ်ပွဲဖြစ်ပွားလျှင်လည်း အစိုးရအား ဘုံရန်သူအဖြစ် ဦးတည်တိုက်ရန်။ ထိုအစီအစဉ် အကာအရံများကို နယ်ခြားစောင့်တပ်ဟူသော စစ်အစိုးရ၏ ပဥ္စလက်နည်းဗျူဟာ တစ်ခုက သွင်သွင်ကျိုးပျက်ပြိုကွဲအောင် ဖြိုခွဲခဲ့နိုင်ပါသည်။ တစ်သက်လုံး

လက်နက်ကိုင်လာသူတွေမို့ လက်နက်မအပ်ချင်ကြပေ။ စစ်အစိုးရက ပျော့သည့်နေရာဆီ ဝင်နှိုက်စားပစ်လိုက်ပေပြီ။ တစ်တိုင်ကို နှဲ့၍နုတ်လိုက်သောအခါ လေးစင်တိုင်ပြိုတော့ပြီ။ ဗမာဖြောင့်လျှင် တံစဉ်လောက်တော့ ကောက်သေးသည် . . . ဆိုသော ဥပမာ ဥပမေယျတွေ ပြုလာကြသည်။ နိုင်ငံတော်အစိုးရကို လူမျိုးစုက ဗမာလို့ပဲမြင်၏။ ဗမာဘုရင်တွေလက်ထက်ကတည်းက ငါတို့အတွက် ဘာလုပ်ပေးလဲ . . ဆိုသော စကားကို နားနှင့်ဆတ်ဆတ်ကြားဖူး၏။ ငယ်ငယ်ကလေးဘဝတုန်းက ခြေကလိမ်ကျသည်ဆိုသော ဝေါဟာရကို သတိရ၏။ မျက်လှည့် . . . လက်လှည့်နှင့်ခြေကလိမ်၊ ကွက်ကျော် . . . ကွက်ပျောက်ရိုက်မှုတွေ။

စစ်သားဆိုသည်မှာ သာမန်ယောကျ်ားတို့ထက် တည်ကြည်ရမည်။ ရိုးသားရမည်။ မှန်ကန်ဖြောင့်မတ်ရမည်။ သစ္စာရှိပြီး ရဲရင့်ရမည်ဟု မျှော်လင့်မိသည်မှာ လွန်ရော့။ ခု စာလေးကြော် . . .၊ ခုဆီထမင်း . . .။ နှစ်မျိုးလုံးရောလျက် ပွဲတော်တည်လိုက်ကြပြန်ပါပြီ။ ငါ ... ရှင်ဘုရင်၊ ဘယ်နှပတ် . . ပတ် . . ပတ်လား။ သမ္မတဆိုတာ ရုပ်သေးရုပ်လား။ မျောက်ကလည်း ကပြီးပြီ။ ဘီလူးဆိုင်းလည်း ထွက်ပြီးပြီ။ ပတ်ကြမ်းလည်း တိုက်ခဲ့ပြီ။ ဇော်ယောင်ဂျီယောင်ဆေးကြိတ်ဟန်လည်းဆောင်ခဲ့ပြီ။ ဝန်လေးပါးပြည်တည်ခန်းပြီးသည့်နောက် ပြည်ဖျက်ခန်းကား ရှည်ကြာလှချေသည်။ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ . . . သည်ချည်း။ ပုလဲပုတီးအသွယ်သွယ်၊ ဝန်ကြီးဌာနအသီးသီး၌ မောင်ပုလဲတို့တတွေ တွဲလွဲခိုလျက်သား အဆင့်ဆင့် အစီအရီ။ ဒိုင်းဝန်ကတော့ သစ်ခွပန်းပင်ရေလောင်းရင်းနာစေးသွားပြီဖြစ်၏။ "ခု . . . ကျွန်တော်က အာဏာလက်ရှိမဟုတ်တော့ကျွန်တော်နဲ့မဆိုင်တော့ဘူး။ ပြောခွင့်မရှိတော့ဘူးလေ . . ." တဲ့။ ပြည်နာလျှင်ငွေရှာကောင်းသူတို့ အရာရာကိုပြုပြင်တည်ဆောက်ကြဖို့ ခါးတောင်းကျိုက်ပြင်ကြချေပြီ။ ကျောင်းတိုင်များလဲပစ်ရမည်။ ဆေးရုံများ ဆေးသုတ်ရမည်။ ဘတ်ဂျက်၊ ဘတ်ဂျက် . . ဘတ်ဂျက်လာထား။ NGO, INGO များအပြင် အခြားပြည်ပနိုင်ငံများမှ ပေးစာကမ်းစာများ။ ဒါက ပညာရေး

အတွက်. . .၊ ဒါက ကျန်းမာရေးအတွက် ဒါက လမ်းပန်းဆက်သွယ်ရေး အတွက် . . .၊ ဒါက ဆင်းရဲသားပပျောက်ရေးအတွက်။ ပြည်ပအားကိုး ပုဆိန်ရိုး . . . ဆိုသောစကားကို တီထွင်ခဲ့သူတွေကပင် တစ်ပြည်လုံးအား ရှုံသွင်း ပြစားနေချေပြီ။

ကြေးတင် ကျွန်ဖြစ် နှံ့နစ်ရာမှ ရှန်းထဖောက်စင်ပေါ် တက်ကကြချိန်မှာ လယ်သမား၊ အလုပ်သမား၊ ကျောင်းသား၊ သံဃာတော်တို့ မကွဲမပြား တစ်သားတည်း ရှိကောင်းစွတကား။

၂၄-၆-၂၀၁၄ ရက်နေ့နံနက်က ရန်ကုန်ဘူတာကြီးနားမှာ အသက် (၁၂-၁၃) ဝန်းကျင်ကလေး ၁၅ ယောက်ကို လေလွင့်ကလေးတွေဆိုပြီး ရဲကဖမ်းလိုက်ကြောင်း သိရှိရပါသည်။ ထို့နောက်တော့ ကလေး ၁၂ ယောက် ကို ဘုန်းကြီးကျောင်း ပညာသင်ကြားရေး ဖွင့်လှစ်ထားသော ဆရာတော် အရှင်ဝေပုလ္လနှင့် ဆရာတော်တစ်ပါးတို့မှ ရဲစခန်းထောက်ခံစာ၊ ရပ်ကျေး ထောက်ခံစာနှင့်တကွ ကျောင်းထိုင်ကိုယ်တိုင်ကြီးလာနေပါလျက် ကျောင်းထိုင် ထောက်ခံစာအသီးသီးကို တင်ပြခဲ့ရပြီး အာမခံဖြင့် ထုတ်ယူခဲ့ရပါသည်။ ကျန်ရှိသည့် ကလေးငယ် ၃ ဦးအား ပြစ်မှုရှိတယ်ဆိုကာ ဖမ်းဆီးထား ကြောင်းနှင့် အဆိုပါကလေးများမှာ ဘူတာကြီးလမ်းဘေး စာသင်ဝိုင်းမှာ စာလာသင်သူ ကလေးငယ်များသာဖြစ်ကြောင်း အစရှိတဲ့သတင်းကို ဖတ်မိ တဲ့အခါမှာ ပြီးခဲ့တဲ့ရက်တွေက DVB သတင်းတစ်ခုမှာ ဖော်ပြခဲ့တဲ့ လမ်းဘေး စာသင်ဝိုင်းတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိတယ်။

အဘိုးတို့ အဖေတို့ခေတ်ကို ပြန်တွေးမိပါရဲ့။ ဘကကျောင်းများဟု ယနေ့ ခေါ်ဝေါ်အပ်သော ဘုန်းတော်ကြီးကျောင်းများ။ သျှောင်ပေစူးနှင့် ကျောက်သင် ပုန်းပိုက်ကာ ကျောင်းသွားကြတဲ့ခေတ်၊ အနည်းဆုံး ပရိတ်ကြီးကြေမှ လူဝတ်ဝိုင်း ကျောင်းထွက်ကြရပါတယ်။ ပရိတ်ကြီးမကြေဘဲ ကျောင်းနုတ်ပါက ဘုန်းတော် ကြီးက မိဘတွေကိုမကျေနပ်ပါ။ အဲဒီခေတ်ကလည်း လယ်သမားတွေမှာ စားဝတ်နေရေးပြဿနာတွေကြောင့် သားသမီးတွေကို သေစာရှင်စာ တတ် ရုံသာ သင်နိုင်ကြသူများခဲ့။ မျိုးဆက်နှစ်ဆက်သုံးဆက် ခုန်ကူးခဲ့ပြီဖြစ်ပေမယ့်

ကနေ့ခေတ်မှာလည်း သားသမီးခများ မိမိတစ်ဦးတည်းကျောင်းနေ ပညာသင် ခွင့်ထက် မိသားစုကိုငဲ့ပြီး တစ်အိမ်သားလုံးဝမ်းရေးအတွက် တစ်နိုင်တစ်ပိုင် ရှာနိုင်ဖွေနိုင်ဖို့ ကျောင်းစာသင်ခွင့်ကို စွန့်လွှတ်နေကြရဆဲပါ။ မိမိတို့ မြန်မာ နိုင်ငံဟာ အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ အများစုမို့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော လောကပါလတရား ၄ ပါးအနက် မေတ္တာနဲ့ ကရုဏာတရားလက်ကိုင်ထားသူများက ယနေ့ခေတ် အခြေအနေ မဲ့ရှာသူ ကလေးငယ်တို့အပေါ် စေတနာထပ်ဆောင်းပြီး ရောက်ရာ တွေ့ရာ နေရာတို့မှာ ပညာသင်ကြားပေးနေမှုများကို မုဒိတာမပွားနိုင်တဲ့ အစိုးရအဖြစ် စိတ်မကောင်းဖွယ် မြင်တွေ့ ကြားသိနေရပါတယ်။

မန္တလေးမြို့ ကျုံးဘေးမှာ ကျောင်းလွှတ်ချိန် စားဝတ်နေရေးအတွက် ပန်းရောင်းကြရရှာသူ ကလေးငယ်များကို ကူညီတဲ့အနေနဲ့ ပရဟိတ စိတ် ဝင်စားသူ လူငယ်တွေက ပန်းကူရောင်းပေးခဲ့ကြကြောင်းနဲ့ စာသင်ပေးဦး မယ့်နေရာက ၆၆ လမ်း၊ ၂၆–၂၇လမ်းကြား ရွှေပြည်မိုး လက်ဖက်ရည်ဆိုင် ရှေ့ဆိုတော့ သာဓုမခေါ်ဘဲ မနေနိုင်ခဲ့ပါ။ ပန်းရောင်းသူ ကလေး ၇၀ ကျော်ကို လူငယ်ဆရာ၊ ဆရာမလေး ၂၀ ကျော်က ပညာဒါနပေးနေပါသတဲ့။

ကမ္ဘာ့ကုလသမဂ္ဂ အထူးသံတမန် အိန်ဂျလီနာဂျိုလီက ထိုင်း–မြန်မာ နယ်စပ်ရှိ Ban Mai Nai Soi ဒုက္ခသည်စခန်းမှာ ကရင်နီဒုက္ခသည်တွေနဲ့ တွေ့ဆုံစဉ် သက်ကြီးရွယ်အိုတွေကို အားပေးနှစ်သိမ့် စကားပြောကြားပေးခဲ့ သလို ဒုက္ခသည်ကလေးသူငယ်များကိုလည်း အချိန်ပေးတွေ့ဆုံခဲ့ပါတယ်။ ဓာတ်ပုံထဲ တွေ့ရတဲ့ပုံကတော့ ဂျိုလီဟာ ကရင်ဝတ်စုံဝတ်ထားပြီး ဒုက္ခသည် ကလေးတွေကို ဘောလုံးတွေလက်ဆောင်ပေးရင်း စာနာမှုတွေ ပြခဲ့ပုံပါပဲ။ မြန်မာနိုင်ငံက ရုပ်ရှင်ဂီတ အနုပညာသည်တွေ အားကျလေ့လာစရာပါ။ အိန်ဂျလီနာဂျိုလီက ကုလသမဂ္ဂဆိုင်ရာ ဒုက္ခသည်များ မဟာမင်းကြီးရုံးအစီ အစဉ်နဲ့ ရေခြားမြေခြားကနေ လာရောက်တာဆိုရင်လည်း အသိအမှတ် ပြုကိုပြုရမှာပါ။ ပြည်တွင်းမှာနေပြီး စားဝတ်နေရေးအဆင်ပြေသူတွေက ကိုယ်ချင်းစာနာစိတ်နဲ့ ကမ္ဘာကျော်မင်းသမီးကြီးကို အားမကျသင့်ကြပေဘူး

လား။ ပြည်သူလူထုရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ ကျန်းမာရေးနဲ့ ပညာရေးကို အပေါ်ယံမန်းပြမဟုတ်ဘဲ အခြေခံကျကျ ပြုပြင်ပြောင်းလဲမှုတွေ ရုတ်ချည်း မပြုနိုင်သေးသည့်တိုင် ဘယ်ခြောက်ခါ ညာလှမ်းလို့ ဖမ်းဟယ် . . ဆီးဟယ် တော့ မပြုသင့်ပါကြောင်း။

ဇူလိုင်လထဲကို ရောက်ပြီဆိုရင် မြန်မာတစ်နိုင်ငံလုံးက 7 July ကို ပြေးသတိရကြပါတယ်။ ကျောင်းသားဆိုတာ ပြည့်ရင်သွေးပဲမဟုတ်လား။ ရင်သွေးတွေ မောင်းပြန်သေနတ်နဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခံရတဲ့နေ့။ ရင်သွေးတို့ရဲ့ သမဂ္ဂအဆောက်အအုံကို တိုက်ပွဲတွေမှာ အကြမ်းဖက်သုံးတဲ့ ဒိုင်းနမိုက်နဲ့ ဖြိုခွင်းရှင်းပစ်တဲ့နေ့။ နောင် ဥဒါန်းဘယ်မကျေစရာ အစဉ် အလာဆိုးတစ်ရပ်ကို ကမ္ဘည်းတင်မော်ကွန်းထိုးလိုက်တဲ့နေ့။ လွယ်အိတ်လေး ထဲမှာ ကျောင်းသင်စာအုပ်များနဲ့ ဖောင်တိန်သာ သယ်ဆောင်နေကျ ကျောင်း သားများဟာ မောင်းပြန်သေနတ်ကို စိတ်ဝင်စားရမှန်း သိသွားကြပါပြီ။ မိမိဘေးနားက ကျဆုံးသွားရှာတဲ့ကျောင်းသားအာဇာနည်တွေ . .၊ အလောင်း ကောက်ခွင့်သာသူ . .၊ အလောင်းတောင် ကောက်ခွင့်မသာသူ . .၊ ကျောင်းဝင်းတွင်းမှ ပျောက်ချင်းမလှ ပျောက်သွားသူတွေ . .၊ အချုပ် တွေမှာလား . .၊ ထောင်တွေမှာလား . .၊ ကျောင်း . . . အချုပ်နဲ့ ထောင်ကြားမှာ စာရင်းမဝင် အင်းမဝင် အသက်ဝိညာဉ် ဖြစ်ခဲ့ရသူတွေ၊ ကျောင်းက အပြီးအပိုင်ထုတ်ပစ်ခံရသူတွေ၊ လက်နက်ကိုင်သူတွေဘက်က အသက်ပေါင်းများစွာကို လွယ်လင့်တကူ ခြွေပြခဲ့တာကို ကိုယ်တွေ့ကြုံပြီး နောက်မှာ အတွဲ့အလှည့်အဖြစ် အဲဒီလက်နက် ကိုယ့်လက်ထဲရောက်အောင် နည်းနာလမ်းကြောင်းတွေရှာဖို့ စိတ်ကူးရကြပြန်ပါရော . . .။

7 July မှာ တက္ကသိုလ်ကျောင်းက ငွေလမင်းကို ငုပ်ထောင်သောင်းက ဖမ်းဆီးသုတ်သင်ခဲ့ကြရာမှ "အာဏာနဲ့ ပြည်သူ"ဆိုတာ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံရသူ . . ၊ ဖိနှိပ်သူနဲ့ ဖိနှိပ်ခံရသူအဖြစ် ခွဲခြားပြလိုက်သလိုပါပဲ။ စာသင်ကျောင်းနဲ့ အိမ်ကိုသာ အာရုံထားခဲ့သူတွေအဖို့ ရန်သူနဲ့ ပက်ပင်းကြုံ လိုက်ရတဲ့အခါ လက်ဦးမှုမဲ့ခဲ့ရတာ ဘာဆန်းသလဲ။ အတွေ့အကြုံက ကျောင်း

သားထုအတွက် အသိများစွာပေးခဲ့သလို နည်းနာတွေ ရှာဖွေဖို့လိုလာပြီဆိုတာ လက်ခံကြရတော့မယ်ပေါ့။ ဝံပုလွေကိုဖမ်းမိဖို့ ဝံပုလွေထက် မကောက်ကျစ်သည့်တိုင် ဉာဏ်များရမယ်ဆိုတာ ဘဝပေးအသိက ပြဋ္ဌာန်းခဲ့ပြီ။ အဲသလိုနဲ့ ကျောင်းသားတွေ သွေးမြေကျပြီးနောက်ပိုင်း ကျောင်းသားတော်လှန်ရေးကြီး စခဲ့တယ်။ ပြဿနာတွေဟာ ရန်ကုန်တက္ကသိုလ်မှာ စတင်မီးပွားထတောက်ခဲ့ပြီ။

တကယ်တော့ ကျောင်းသားဆိုတာ မိဘရင်ခွင်အုပ်ထိန်းမှုအောက်က နေပြီး အချိန်မှန် လက်ဝါးဖြန့် မုန့်ဖိုးတောင်းကာ ကျောင်းတက်ပညာသင်ကြားနေကြသူတွေဆိုတာ တစ်နိုင်ငံလုံးအသိပါ။ မိဘထံ မုန့်ဖိုးကို လက်ဝါးဖြန့်တောင်းတဲ့ လက်ဖဝါးတွေက ခေတ်စနစ်တောင်းဆိုမှုအရ လက်နက်ကိုကိုင်ဆုပ်ပြီး တိုက်ပွဲဝင်ဖို့ဖြစ်လာခဲ့တာဟာ ဘယ်သူတရားခံလဲ။ တက္ကသိုလ်ကျောင်းသားဆိုတာ ရပ်ထဲရွာထဲမှာ အများက အားကျချစ်ခင်လေးစားကြတဲ့ လူလား မမြောက်တမြောက်အရွယ်လေးတွေ။ တောထဲတောင်ထဲမှာ အငတ်ငတ် အပြတ်ပြတ်နဲ့ ကိုယ့်အသက်ကိုယ် စတေးကြဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ကြတဲ့ ဖက်ဖူးရောင်အရွယ်မှာ မိပစ်ဖပစ်၊ အသိုက်အမြုံနဲ့ တစ်ကိုယ်ရည်စာ အခွင့်အလမ်းတွေကိုစွန့်ပြီး ပြည်သူလူထုတစ်ရပ်လုံးအတွက် တိုက်ပွဲဝင်ခဲ့ကြတာ။ သူတို့ရဲ့ ဖောင်တိန်ကိုင်တဲ့ လက်နုနုလေးတွေနဲ့ ပြည်သူ့ကျောပေါ်က စစ်ဖိနပ်တွေကို အတင်းဆွဲခွာချဖို့ ကြိုးစားခဲ့ကြတာ။

စစ်အစိုးရရဲ့ မောင်းပြန်သေနတ်နဲ့ ပစ်ခတ်စီရင်မှု အရေးအခင်းကြီး 7 July မှာ မသေတဲ့ ကျောင်းသားအများစုဟာ ပဲခူးရိုးမနဲ့ မြန်မာပြည်အနှံ့အပြားက လက်နက်ကိုင်အဖွဲ့အစည်းတွေထဲ ဝင်ရောက်ဆင်နွှဲရင်း ပြည်တွင်းစစ်ရဲ့ အနိဋ္ဌာရုံအခန်းဆက် ဇာတ်လမ်းတွဲကြီးထဲမှာ သူရဲကောင်းပီသစွာ ကျဆုံးသူကျဆုံး . . .။ လက်နက်ကိုင်တော်လှန်ရေးထဲ လွတ်လွတ်ကျွတ်ကျွတ် သွားခွင့်မသာသူအချို့မှာလည်း နိုင်ငံရပ်ခြားတွေမှာ ရောက်ရာကြုံရာ အခြေချရင်း ရာဇဝင်ကြွေးကို မေ့မယ်မထင်ကြပါ။

ပြည်သူလူထုကိုလည်း မေ့မည်မထင်ပါ။ အမိမြန်မာပြည် ဒီမိုကရေစီ

မထွန်းလင်းလျှင်ဖြင့် ရင်လေးဖွယ်သာဟု ကျောင်းသားထုရင်တွင်း တအုံနွေးနွေး ဖြစ်ချိမ့်မည်။ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးနှင့် ကျောင်းသားသမဂ္ဂ အဆောက်အဦအတွက် ပွင့်သစ်အနာဂတ်ရှိသင့်ပေကြောင်း။

ညံမစဲ . . တို့ရဲ့ ကြွေးကြော်သံ × × ×

တစ်ဗိုလ်ကျ တစ်ဗိုလ်တက် ဆင်ကာ နွှဲခဲ့ပြန် × × ×

တို့ကျောင်းသားရဲ့ ကြွေးကြော်သံ × × ×

တစ်ပြည်လုံး မြိမ့်မြိမ့်သဲကာ ညံ × × ×

တက္ကသိုလ်ဗိမာန်မြေယံ × × ×

စစ်ချီတက်ဖို့ ခွန်းမိန့်ဟစ်ကြွေးညံ × × ×

(ရဲဘော်ခင်မောင်ကြီးရဲ့ ခွပ်ဒေါင်း အလံ သီချင်းမှ)

တစ်နေ့နေ့ တစ်ချိန်ချိန် ဒီမိုကရေစီခေတ်ကို ရောက်ဖို့ရှိသလား။ ရောက်ဦးမှာလား . . .။ လူကြီး သူမတွေက Long Long ago ခေတ်တွေ တုန်းက စစ်ဦးဘီလူးနဲ့ ကြုံခဲ့ကြကြောင်း ရှေးခေတ်ပောင်း အောက်မေ့ ဖွယ်မကောင်းသော်မှ ကြားဖူးနားဝရှိခဲ့ကြ။ ဒီမိုကရေစီခေတ်ဦးမှာ ဘီလူး . . . သရဲ . . . မှင်စာ စသဖြင့် မည်သည့်မကောင်းဆိုးဝါးနဲ့မျှ မကြုံချင် မဆုံချင်ကြပါ။ ကမ္ဘာစစ်တုန်းက ကမ္ဘာအနှံ့အပြားမှာ စစ်မီးတွေထတောက် ခဲ့သလို မြန်မာပြည်အနှံ့အပြားမှာလည်း စစ်ဘေးစစ်ဒဏ်မဟုတ်ပေမယ့် ဟိုနေရာမှာ မီးကြိုးတွေပြတ်လို့ လူဘယ်နှယောက် သေပြန်ပြီ။ ဘယ်နေ ရာမှာတော့ လိုင်းကားကြီးက အိမ်နဲ့ဆိုင်ခန်းတွေထဲ ဝင်အောင်းလို့။ လူကုံထံ ကားတစ်စီးကြောင့် ကား ၈ စီး ဆင့်ကဲတိုက်မိသွားတာ မဆင်မခြင်မောင်းတဲ့ ကားရှင်ဟာ အာမခံရသွားပြီး ကျန်ကားတွေနဲ့ ထိခိုက်ဒဏ်ရာရသူတွေ ခမျာမှာတော့ စတင်တိုက်မိသူက ကားနာသတင်း . . လူနာသတင်းလေးမျှ မေးဖော်မရ။ Unity . . Unity . . Unity နှစ်တစ်ကျိပ်တိတိ ထောင်ဒဏ် ကျခံလိုက်ရပေသော အယ်ဒီတာချုပ်နဲ့ သတင်းထောက်များ။ Bi မွန်းတည့် နေဂျာနယ်ခမျာ နေကွယ်ချိန် ကျရောက်တော့မှာလား။ အို . . နာ . . . သေဘေးနီးနေရာတဲ့ အဘိုးကို သူ့မိသားစုက (သား၊ သမီး၊ မြေးမြစ်များ)

ရန်ကုန်မြို့ ပလက်ဖောင်းပေါ်စွန့်ပစ်။ တာချီလိတ်မြို့က ၁၀ နှစ်သမီးအရွယ် မေသဇင်နဲ့ ခြောက်နှစ်သားအရွယ် သတိုးစောတို့ မောင်နှမနှစ်ယောက်ကို မိဘနှစ်ပါးက ဘယ်လိုနေ၊ ဘယ်လိုထိုင်ဆိုပြီး မှာကြားကာ ထွက်ခွာသွားခဲ့ကြတော့ ဖြူဖြူစင်စင် နုနုထွေးထွေး ကလေးရင်သွေးနှစ်ဦးဟာ တာချီလိတ်မြို့၊ ရွှေတိဂုံဘုရားအနီး မြောင်းထဲမှာ ၁၀ ညတိတိ ပုန်းအိပ်ခဲ့ကြရ။ နေ့လယ်ဘက်မှာ ဘုရားဆွမ်းတော်နဲ့ ထမင်းကျန် ဟင်းကျန်ကို တောင်းရမ်းစားသောက်နေဆဲ တာချီလိတ်မြို့ရှိ မဖွံ့မလူမှုကူညီရေးအသင်းက စောင့်ရှောက်ထားရပုံ . . .။ ရန်ကုန်မြို့တစ်ဖက်ကမ်းက ရွာသူကလေး ပိစိကွေးတွေ အသက် ၇ နှစ်၊ ၈ နှစ်၊ ၉ နှစ်အရွယ် ၃ ဦးဟာ တစ်ရပ်ကွက်တည်းမှာပဲ လအနည်းငယ်အတွင်း အဓမ္မပြုကျင့်ခြင်း ခံရပါသတဲ့။ အရပ်ရပ်နေပြည်တော် ကြားလို့မှ မလျော်စွတကား . . . ကြားကောင်းကြပါသေးရဲ့လား။

နိုင်ငံတော်သမ္မတကြီးက ရခိုင်လို၊ မိတ္ထီလာလို၊ မန္တလေးလို အရေးအခင်းတွေနဲ့ အဓိကရုဏ်းတွေ ဖြစ်ပွားအောင် ပြုရင် ထိရောက်စွာ အရေးယူတော့မတဲ့။ နောက်ထပ်ဖြစ်အောင် စောင့်ဦးမှာလား။ အရင့်အရင် ကိစ္စတွေ အပြေပေါ်ဖို့ မျိုးဆက်ဘယ်နှဆက် ရင်းရဦးမှာပါလိမ့်။

မင်းလည်တာကို တစ်ဖက်လူ မသိစေနဲ့ . . . ဆိုတဲ့ လူကြီးသူမတစ်ဦးရဲ့ ဩဝါဒစကားကိုသာ ကြားယောင်နေတော့ရင်း . . . . .။

* * *

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသော မြန်မာဆိုရိုးစကားသည် မြန်မာနိုင်ငံတစ်ဝန်းအတွက် မဟုတ်မူဘဲ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ပိုင်းနှင့် မြန်မာနိုင်ငံနယ်စပ်နေရာအချို့တွင်သာ နေ့ဆက်ညဆက်မပြတ်အောင် ရွာသွန်းနေသည်ကို သိရှိခံစားနေကြရပါသည်။ အထက်အညာမှာ ရွာစေချင်လှပါသော်လည်း စက်စက်မျှမရွာခဲ့ပါ . . . တဲ့။ မမျှတသော မိုးရေချိန်ကြောင့်တစ်နိုင်ငံလုံး ဒုက္ခရောက်ရသည်။ ရန်ကုန်မြို့ မြောက်ဥက္ကလာပ

မူလတန်းကျောင်းအချို့ ရေနစ်မြုပ်သဖြင့် ကျောင်းပိတ်ထားရသည်အဖြစ်။ ထိုအဖြစ်မျိုးများ အခြားအောက်မြို့အောက်ရွာ၌လည်း သတင်းတွေကြား နေရ၏။ လုပ်စားတော့ မိုးခေါင် . . . ခိုးစားတော့ခွေးဟောင် ဆိုသော လူကြီးသူမ စကားကို ပြင်ရတော့မည်။ မိုးများလွန်းလျှင်လည်း ငါက်လုပ် လက်စားများအဖို့ လုပ်ကိုင်ရှာဖွေစားသောက်ရန် မလွယ်ကူတော့ပါ။ မိုး အဆက်မပြတ်ရွာသွန်းမှုကြောင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့သည့်ကိစ္စကို ရပ်တန့်ထားရ၏။ ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ် အဖျား ခတ်မှုကြောင့် မြန်မာနိုင်ငံ ရှမ်းပြည်မြောက်ပိုင်းနှင့် ပင်လယ်ကမ်းရိုးတန်း နီးစပ်ဒေသများ၌ တောင်ပြိုခြင်း၊ ရေကြီးရေလျှံခြင်း၊ တံတားများ ကျိုးပျက် နစ်မြုပ်၍ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းတို့သည် ကုန်သွယ်ရေးကိုပါ နှောင့်ယှက်ပျက်စီးစေသည့်အပြင် လူသေလူပျောက်မှုများပါ ရှိလာပြီဖြစ် ကြောင်း၊ ရာသီဥတုမမျှတမှုကြောင့် မြန်မာတစ်နိုင်ငံတည်းတွင် အညာဒေသ တစ်မျိုး၊ အောက်အကြေဒေသတစ်မျိုး အပူဒဏ်နှင့် အအေးဒဏ်ကို မမျှတစွာ ခံစားရမှုကြောင့် ဖျားနာမှုတွေ ပေါ်နေသည်။ ရက်ရှည်တုပ်ကွေးအပြင် ငှက်ဖျားက နှိပ်စက်သေး၏။ သွေးလွန်တုပ်ကွေးကြောင့် အသက်ဆုံးသူများ အကြောင်းကြားသိနေရသည်။ ရာသီဥတု ဖောက်ပြန်လျှင် ကျန်းမာရေးအပြင် ပညာရေးပါ ထိခိုက်နိုင်ကြောင်း သင်ခန်းစာရကြပြီ။ ကြုံရာသင့်ရာနေရာ၌ စာသင်ကြားခြင်းကို နိုင်ငံတော်အစိုးရက စဉ်းစားပေးသင့်ပြီဖြစ်၏။ မိမိလည်း တာဝန်မယူနိုင်၊ တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းပံ့ပိုးဆောင်ခြင်းကိုလည်း အားမ ပေးဆိုပါက ကောက်ရိုးပုံစောင့်သည့် "သုနခ" လို ကိုယ်လည်းစားမရ၊ သူများ လည်း မကြည်ဖြူနိုင်ဆိုသောကိန်း မဆိုက်စေချင်ပါ။

နိုင်ငံတော်အစိုးရ၏ အခက်အခဲများကိုလည်း စာနာပါသည်။ သမ္မတ ကြီး၏ ဒုက္ခကိုလည်း တွေးကြည့်မိသည်။ မဟာသင္ကြီသုခ၊ တတ်ကြိုးပြတ်၍ ပြည်သူအချို့ သေဆုံးရသည့်ကိစ္စ၊ သမ္မတကြီးဖွဲ့စည်းထားသောသမ္မတ၏ အာဏာစက်အောက်ရှိ မီဒီယာသမားများအား စာနယ်ဇင်းကောင်စီကို ကျော်ခွပြီး အလွယ်တကူခေါ်ယူစစ်မေး၊ အချုပ်တန်အချုပ်၊ ထောင်တန်

ထောင်ပို့သည့်အခါ ပြည်သူအများက သမ္မတကြီးကိုသာ တိုင်တည်ကြ၏။ သမ္မတကြီးခမျာ လက်ကို ငါးရိုးမျက်လေသလား၊ မန္တလေးအရေးက တစ်မျောင့်၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ မြန်မာတစ်နိုင်ငံလုံး၏ သိမ်းဆည်းခံလယ်ယာမြေစာရင်းကို ၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းမှ စာအုပ်ထုတ်ဝေဖြန့်ချိမည့်အစီအစဉ်၊ KNU နှင့်အဆင်ပြေနေ၊ KIA နှင့် အဆင်ပြေဖို့ NCCT ညီလာခံအပြီးမှာ မျှော်လင့်ရနိုင်သော်လည်း စစ်ဘေး ဒုက္ခသည်စာရင်းသည် တအာင်းဒေသမှာ ပြင်းထန်လာသည့် စစ်ပွဲများ ကြောင့် ပိုတိုးလာဖွယ်ရာရှိ၊ ပြည်သူ့လွှတ်တော်အတွင်း PR စနစ် ဆွေးနွေး ရန် အတည်ပြု၊ ဟိုမှာလည်း PR ကိစ္စ၊ သည်မှာလည်း PR ကိစ္စ၊ အပြစ် ဒဏ်ခံ မီဒီယာများကိစ္စအတွက် လွှတ်တော်နာယကနှင့် သမ္မတတို့ သဝဏ်လွှာ အပြန်အလှန်ပို့ကြ၊ အယူအဆရေးရာမှာ တစ်သားတည်းမဖြစ်သလို အာဏာ ရေးရာမှာလည်း တစ်ပြေးညီ မဖြစ်သည့်တိုင် တက်ထောင်မောင်းနှင်း သူတစ်လူငါတစ်မင်း ဖြစ်နေခြင်းများအတွက် အုပ်ချုပ်သူတို့ကြား ဝါးအစည်း ပြေနေသလားဟု မှန်းဆကြည့်မိသလို ပြည်သူလူထုခမျာ ဘယ်သူ့ဘယ်ဝါကို အဖေခေါ်ရပါ့။ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများအရေးကိစ္စအတွက် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံသားတို့ စိုးရိမ်မှုမရှိကြရန်နှင့် ပြည်တော်ပြန် ပို့မည်မဟုတ်ကြောင်း ထိုင်းနိုင်ငံအာဏာသိမ်း ယာယီစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက သမ္မတကြီးထံ သဝဏ်လွှာပေးပို့သဖြင့် သဝဏ်လွှာ့ သဝဏ်လွှာများအနက် သည်သဝဏ်လွှာက သမ္မတကြီးအား စိတ်လက်ချမ်းသာစေမည်ဟု မျှော်လင့်ရပေသည်။

လာမည့် ၂၀၁၅ ခုနှစ် အမျိုးသားအားကစားပွဲတော်ကျင်းပချိန်၌ ၄ နှစ်တာ ခရီးကို တာဝေးပြေးခဲ့ရပြီးဖြစ်သော သမ္မတကြီးနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်မည်ဟု ကြွေးကြော်ခဲ့သော နိုင်ငံတော်အစိုးရ၏ ခြေလှမ်းသည် ပန်းတိုင်နှင့်နီးမည်လား . . . ဝေးမည်လား . . .။

မြန်မာနိုင်ငံတစ်ဝှမ်း ပြည်မနှင့်တောင်တန်းဒေသများ သွေးစည်းရေး အတွက် ရှုမျှော်ပြီး ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းက

တိုင်းရင်းသားများအား အခွင့်အရေးနှင့်တကွ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် အာမခံသည့် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ပါသော်လည်း စာချုပ်ချုပ်ဆိုပြီး ၆ လမပြည့်မီမှာပင် ဗိုလ်ချုပ်ခမျာ လုပ်ကြံခံခဲ့ရပါသည်။ ဗိုလ်ချုပ်တို့ကျဆုံးပြီး နောက်တက်လာသော အစိုးရအဆက်ဆက်က ပင်လုံစာချုပ်ကို ဗိုလ်ချုပ်နှင့် တိုင်းရင်းသားတို့ သဘောတူမျှခဲ့သည်များအား လိုက်နာအကောင်အထည် ဖော်ပေးရန် ပျက်ကွက်ခဲ့သည်မှစ၍ တိုင်းရင်းသားများဘက်က အစိုးရအပေါ် ယုံကြည်မှု ကပ်ဆိုက်လာခဲ့သည်မှာ ယခု ဒီမိုကရေစီရှေးရှုသော သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်တော်အထိပင်ဖြစ်သည်။ ယခုလတ်တလော အခြေအနေအရ ပြောရပါလျှင် သမ္မတကြီးဦးသိန်းစိန်အစိုးရက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို အာလယကြီးခဲ့သလို တိုင်းရင်းသားအဖွဲ့အသီးသီး ကလည်း အပစ်အခတ်ရပ်စဲရေးကို အခြေခံလျက် ငြိမ်းချမ်းရေးတည်ဆောက် ဖို့လိုလားကြသည်ကို တွေ့ရ၏။ ၁၉၈၉ ခုနှစ်မှစတင်၍ ၂၀၁၄ ခုနှစ်ကာလတိုင် အပစ်အခတ်ရပ်ရန် သဘောတူညီချက် ၁၄ ချက်ရှိခဲ့ဖူးပါသော်လည်း Heart to Heart မဖြစ်ခြင်းကြောင့် ဆွေးနွေးမှုများ လိပ်ခဲတည်းလည်းရှိနေဆဲသာ။ ယနေ့ခေတ်ကာလတွင် ဘယ်ပါတီ၊ ဘယ်အရောင်၊ ဘယ်အဖွဲ့အစည်းဆိုတာ ထက် ဘယ်လမ်းကြောင်းကို ဦးတည်သွားနေသလဲဆိုသောအချက်က အဓိ ကကျနေသည်။ သမ္မတကြီးဦးသိန်းစိန်က ငြိမ်းချမ်းရေးကို စိတ်ရင်းစေတနာ မှန်ဖြင့် ဖော်ဆောင်ပေးမှာလား. . . ။ တပ်မတော်တစ်ခုလုံးကို ဦးစီးကွပ်ကဲ ညွှန်ကြားခွင့်အာဏာပိုင်စိုးသူ တပ်ချုပ်ကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကပဲ ဖော်ဆောင်ပေးမှာလား. . . ။ ပြည်တွင်းစစ်ဒဏ်ကို နှစ်ပေါင်း ၆၀ ကျော်ကြာအောင် ခံစားနေရဆဲဖြစ်သော ပြည်သူလူထုကြီးသည် ငြိမ်းချမ်းရေး ဗိသုကာ ဘယ်သူဖြစ်မလဲလို့ ခုနစ်ပြည်ထောင်မင်းသားများအား ဖူးစာဘက် အဖြစ် ပန်းကုံးစွပ်ရွေးချယ်ရမည့် ဘုရင့်သမီးတော်ပမာ ရင်ခုန်စိတ်လှုပ်ရှား နေရသည်ထက် မိမိရင်ကိုခွဲ၍ စစ်ပြုနေဆဲနှစ်ဦးနှစ်ဖက် တပ်သားရဲဘော်များ စတေးပေး မဆုံးဖြစ်နေရသည်ကား ရင်နာစရာ။ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော လက်လုပ်လက်စားပြည်သူလူထုအဖို့ 2 NE 1 ၄ ဦး

ကိုလည်း စိတ်မဝင်စားပါ။ အလှမယ်ဘွဲ့ရသူတွေထံမှ ဆုတံဆိပ်ပြန်သိမ်းခြင်းကိုလည်း စိတ်မဝင်စားပါ။ Miss Globe international ပြိုင်ပွဲဝင်ရန် ဂျူးစံသာအစား လှယဉ်ကျေးကို ရွေးချယ်လိုက်ခြင်းကိုလည်း စိတ်မဝင်စားပါ။ စစ်ဘေးရှောင် ဒုက္ခသည်များအရေး တွေးပူမဆုံးနိုင်။ လေနဲ့မိုးနဲ့ ... အခြေမဲ့၊ ရိက္ခာမဲ့သော ဘဝများတွင် ပညာရေးကျန်းမာရေးတို့တော့ မတွေးဝံ့အောင်ရှိသည်။ ကလေးစစ်သား ၉၂ ဦးကို နုတ်ထွက်ခွင့်ပြုသဖြင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား သာဓုခေါ်မိပါသည်။ တိုင်းရင်းသားလက်နက်ကိုင် ဥမမည်စာမမြောက်တို့ကိုလည်း အိုးနှင့်အိမ်နှင့်၊ စာသင်ကျောင်းနှင့် Church ကျောင်းနှင့် ဘုရားသွားကျောင်းတက် ဖြစ်စေချင်ပါပြီ။

၈-၈-၈၈ အရေးအခင်းမတိုင်မီကာလတုန်းက မြန်မာနိုင်ငံ မဆလအစိုးရ သည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပေးချေရန်အကြွေး အမေရိကန်ဒေါ်လာသန်း ၃၅၀၀ ကျော်ရှိပြီး မြန်မာတို့လက်ထဲတွင် သန်း ၂၀ မှ ၃၀ ကြားသာ In Hand အဖြစ် ကိုင်ထားနိုင်ခဲ့သည်။ တစ်နိုင်ငံလုံး၏ စီးပွားရေးအခြေအနေချွတ်ခြုံကျမှုနှင့် ကုန်ဈေးနှုန်းအဆမတန် မြင့်မားမှုတို့ကြောင့် ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးပိနေချိန်တွင် ငွေစက္ကူအတုပေါ်ခြင်းကို အကြောင်းပြလျက် ၇၅ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန်များအား တစ်စုံတစ်ရာ အလဲအထပ်မပေးဘဲ Blind သိမ်းပစ်ခြင်းကြောင့် တစ်နိုင်ငံလုံး အတိဒုက္ခရောက်ခဲ့ဖူးသည်။ ငွေကြေးပြည့်စုံသူတို့အဖို့ မထောင်းတာလှသော်လည်း လက်လုပ်လက်စား လူထုလူတန်းစားနှင့် အဆောင်နေ တက္ကသိုလ် ကျောင်းသားကျောင်းသူတို့မှာ အကြီးအကျယ်ထိခိုက်နစ်နာခဲ့ရသည်။ ငိုချင်လျက်လက်တို့ဆိုသလို ဖြစ်နေစဉ် တက္ကသိုလ်ကျောင်းသားနှင့် ရပ်ကွက်သားအချို့ ခိုက်ရန်ဖြစ်ပွားမှုကို အကြောင်းပြု၍ အစိုးရပိုင်းမှ တရားမမျှတစွာ အုပ်ချုပ်ရေးနည်းနာဖြင့် ပြီးလွယ်စီးလွယ်ဖြေရှင်းမှုများကြောင့် ကျောင်းသားထုနှင့် ရပ်ကွက်သားတို့ ရန်ပွဲဆက်ရာ အစိုးရက အကြမ်းဖက်ဖြေရှင်းသည်အထိ ဖြစ်ပွားခဲ့သည်။ ထိုရန်မီးမှ တစ်နိုင်ငံလုံး ကူးစက်ကာ မီးတောက်မီးလျှံကြီးများအဖြစ် ပြောင်းသွားသည်။ လူဦးရေ သုံးထောင်ကျော် သေကျေပျက်စီး၍

အကျဉ်းထောင်နှင့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံသို့ ရောက်ရှိ စာရင်းမှာ ခန့်မှန်းမရနိုင်အောင်ပင်ရှိ၏။

ယခုနှစ်ပေါင်းများစွာ ကြာလာပြီးဖြစ်သော်လည်း နိုင်ငံတကာသို့ပေးရန် အကြွေးစာရင်းမှာ လျော့သွားသည် မရှိ၊ တိုးမြဲတိုးလာနေသလို နိုင်ငံတော် အစိုးရ၏ ဗလောင်းဗလဲ၊ အပြောင်းအလွဲများကလည်း မဆလအစိုးရ လက်ထက်ကထက် ပို၍ရှေ့သို့သာ ချီမြဲ။ ပိုမိုထူးခြားတိုးတက်လာသည့် စစ်အားပြု အုပ်ချုပ်ရေးမဏ္ဍိုင်ကို လက်ကိုင်ထားလာနိုင်သဖြင့် ငွေစက္ကူမျှ လောက်ကိုမသိမ်းတော့ပါ။ နိုင်ငံသယံဇာတ အရင်းအမြစ်များကို အငုတ်ပင် မကျန်အောင် ရောင်း၊ ပေါင်၊ ငှားရင်း ဖယားကျသည်ထက် ကျလာလေပြီ။ ပြည်သူ့ငွေစက္ကူတွေ မသိမ်းတော့ဘဲ ပြည်သူ့လယ်သိမ်း၊ ပြည်သူ့ယာသိမ်း၊ ပြည်သူ့မြေသိမ်း စီမံကိန်းများထွင်၏။ ပြည်သူ့ရင်တွင်း ဝင်ကြည့်လိုစိတ် မရှိကြသည့်ပြင် ပြည်သူ့သောက၊ ဒေါသ၊ မျက်ရည်နှင့် ကြေကွဲခြင်း တို့ကို ဥပေက္ခာပြုခဲ့ကြသော အုပ်ချုပ်သူဘက်တော်သား လက်ပါးစေတို့သည် ဓား ဓားချင်း၊ လှံလှံချင်း မဟုတ်မူဘဲ မီးသတ်ပိုက်၊ နံပါတ်တုတ်၊ မျက်ရည်ယိုဗုံး အဆင့်တို့မှ မီးလောင်ဗုံး၊ လှံစွပ်၊ ခေတ်မီလက်နက်တို့ဖြင့် အဆင့်တက် ဖြေရှင်း၏။ ပြည်တွင်းစစ်မှာ ဝေဟင်က လေယာဉ်ဖြင့် ဗုံးကြဲ၏။ ဥပေက္ခာ ပြုရေး၊ မပြုရေးထက် နိုင်လိုမင်းထက်ပြုရေးကိုသာ ရွေးရှု၏။ ပြည်သူလူထု တစ်ရပ်လုံးသည် ပြင်းသည်ထက်ပြင်းလာနေသော ဖိနှိပ်မှုများအောက်ဝယ် ပြားပြားဝပ်မျှ ကြောက်ရွံ့အားငယ်သွားဖို့ဝေးစွ၊ ဒူးထောက်အညံ့ခံဖို့ ဝေးစွ၊ မျိုသိပ်လည်စင်းခံဖို့ဝေးစွ၊ လက်နက်ကိုင်အင်အား (စစ်တပ်နှင့် ရဲအပါအဝင်) ၈သိန်းခန့်အောက်မှာ သန်း ၅၀ ကျော် လူထုကြီးက မိုးအဆုံး မြေအဆုံး အန်တုတိုက်ပွဲဝင်နေကြဆဲပင်။ သေနတ်အစား ပါးစပ်ပဲ အားကိုးစရာ ဘဝ များပေမို့ လမ်းမပေါ်မှာ၊ ကွင်းပြင်မှာ၊ ဟာစ်တိုင်မှာ ရင်ဖွင့်ပေါက်ကွဲ ဆန္ဒပြ ဖော်ထုတ်မှုတွေ။ အရာရောက်သည် မရောက်သည်အပထား ကျိန်စာတိုက်ရုံ သာတတ်နိုင်ရရှာတော့သော တောင်သူလယ်သမား၊ ယာသမား နင်းပြားများ ၏ ရင်ကွဲပက်လက်အော်ဟစ်ငိုကြွေးသံတွေ။ ထိုထို ပြည်သူလူထု၏ အသက်

အိုးအိမ်စည်းစိမ်တို့ကို အရင်းပြုပါသော်လည်း နိုင်ငံတကာအကြွေးများသည် လျော့ပါးသွားသည်မရှိ၊ ဒီရေပမာ တိုးလျက်ရှိနေသည်မှာလည်း တွေးရခက်ကြီးမဟုတ်ပါ။ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားသဖြင့် ပြည်သူလူထု၏ အပူမီးသည် ရှားမီးပမာ ဖြစ်ဆဲဖြစ်မြဲဖြစ်နေပါကြောင်း။

* * *

**(နေပြည်တော်၊ ဩဂုတ် ၁၅ ရက်-)** အစိုးရအနေဖြင့် အမှန်တကယ် မြေမဲ့နေသည့် ပြည်သူများအား မြေယာများချထားပေးကာ ဆင်းရဲမှုလျှော့ချရေးကို အစိုးရအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားရာမှာ

"မြေအသုံးချရေးစီမံခန့်ခွဲမယ်ဆိုရင် ဌာနဆိုင်ရာအသီးသီးက သုကဏ္ဍနှင့်သူရှိပြီးဖြစ်တဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ လုပ်ငန်းအဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ရာမှာ နှောင့်နှေးကြန့်ကြာနေကြောင်း တွေ့ရှိရကြောင်း"

"မြေကစားမှု (Land Speculation) နဲ့အတူ မြေဈေးနှုန်းများ အဆမတန်တက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ငွေကြေးကြွယ်ဝသူများအနေနဲ့ နိုင်ငံရဲ့ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံကြရမယ့်အစား ကားအရောင်းအဝယ်၊ မြေအရောင်းအဝယ်၊ ဘဏ်လုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရောင်းချတဲ့ လုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံလာကြတဲ့အတွက် မြေဈေးနှုန်းများကြီးမြင့်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခက်ခဲတုံ့ဆိုင်းလာခြင်း၊ ငွေကြေးဖောင်းပွမှု အန္တရာယ်ရှိလာခြင်း" ထိုထိုသောအခက်အခဲများနှင့် မကြုံကြိုက်စေရန် မြို့ပြကျေးရွာစီမံကိန်းများကို ပွင့်လင်းမြင်သာမှုရှိအောင် မြို့လူထုအား ချပြအသိပေးခြင်း၊ မြို့ကွက် ရွာကွက်ချဲ့ထွင်ပါကလည်း ပြည်သူလူထုနဲ့ပူးပေါင်းညှိနှိုင်းပြီး အများဆန္ဒဖြင့် မြေယာပြဿနာများ မရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှန်တကယ်မြေမဲ့ယာမဲ့ ပြည်သူများအား မြေယာချထားပေးခြင်းကို အစိုးရ

အနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဟု သမ္မတက ထပ်လောင်းပြောကြားခဲ့ပါသည်။

သို့ကလို သမ္မတနှင့်အပေါင်းပါများ၏ အလုပ်ရုံဆွေးနွေးပွဲမှ အဖြေထုတ်ရှင်းလင်းချက်များကို ဂျာနယ်သတင်းစာများမှ ဖတ်ရှုကြားသိလိုက်ရသော်လည်း ပြည်သူလူထုမှာ ဝမ်းပန်းတသာ လှုပ်လှုပ်ရှားရှားမဖြစ်မိ၊ တကယ့်နကမ္ဘတိ၊ ပြောရေးရှိတော့ပြော၊ နာရေးရှိတော့နာ၊ အဲဒီပြောဆို ကတိပေးချက်တွေက တကယ်လာချင်မှလာမှာ။ ယခင့်ယခင်က ခံစားချက်များရှိခဲ့ပြီးပြီလေ။ မိအေးအခါတစ်ရာတစ်ထောင်တစ်သောင်းမက နာခဲ့ကြပြီးခဲ့သည်မှာ ထပ်တလဲလဲမို့ မေ့ဖို့ရန် ကြားကာလမရှိခဲ့ပါချေ။ ရန်ကုန်မြို့မှထွက်လျှင်ပင် တိုက်ကြီး၊ မော်ဘီတစ်ဝိုက်၌ တပ်ပိုင်မြေ ဆိုသော ဆိုင်းဘုတ်နီများစွာကို မြင်ရမည်။ မွေးမြူရေးလိုလို၊ စိုက်ပျိုးရေးလိုလို၊ လိုလိုများစွာသည် ခြံစည်းရိုးခတ်လျက်တစ်မျိုး၊ ဆိုင်းဘုတ်အလျှိုလျှိုဖြင့် တစ်မျိုးမရိုးအောင် တွေ့နေရသည်။ တပ်ပိုင်မြေအဖြစ်သုံးရန် ပြည်သူလူထုကို ကြိုကြိုတင်တင် ချပြခဲ့ဖူးပါသလား။ နောက်နောင်ကော ချပြမည်လား။ စဉ်းစားစရာပင် မလိုပါချေ။ စစ်တပ်က သူစီးပွား၊ သူစည်းကမ်းများနှင့် သီးခြားနိုင်ငံငယ်တစ်ခုအဖြစ် တည်ဆောက်လာရာမှ ယခုတစ်ပြည်လုံးကို ငုံမိမတတ်ဖြစ်ခဲ့ပြီ၊ လယ်မြေများကို သိမ်းယူစဉ် အချို့ရိုးအလွန်းသော တောင်သူလယ်သမားတို့မှာသိမ်း၍ သိမ်းမှန်းပင်မသိကြ။ ပြန်ပေးတော့မှ သိမ်းသွားမှန်းသိတယ်ဟု အချို့က ရိုးရိုးကြီးပြောကြသည်။

တလောက ဧရာဝတီတိုင်းဘက်လှည့်စဉ် ကျုံပျော်လွှတ်တော်အမတ်နှင့် တွေ့ဆုံစကားပြောဖြစ်ရာ သူက အငြိမ်းစားဝန်ထမ်း လစာထုတ်ရန် လက်ရှိအလုပ်အကိုင် မရှိသူဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းကြောင်း၊ ဤဒေသအတွင်း နေထိုင်သူအစစ်အမှန်ဖြစ်ကြောင်းကို ရဝတထံမှ ထောက်ခံစာယူရမည် ပြောလာသဖြင့် သူ့လိုလွှတ်တော်အမတ်တစ်ယောက်က ၎င်းထောက်ခံစာများ လို၊ မလို စဉ်းစားကြည့်ပါဟု စိတ်ရှုပ်ထွေးသောမျက်နှာဖြင့် ဆိုသည်။ တိုင်းရင်းသားပီပီ ရိုးသားစွာဘွင်းဘွင်းကြီးပြောချလိုက်ခြင်းပင်။ သူနေရာမှာ

အခြားသူတွေ ဘယ်ပုံပေါက်ကွဲမည် မသိနိုင်။ သူ့ရင်ဖွင့်သံကို နားထောင်နေစဉ် အမေ့အား အထူးသတိရမိသည်။ အဖေဆုံးတော့ အသက် ၈၇ နှစ်၊ အဖေနှင့်အမေက အသက် ၉ နှစ် ကွာသည်။ အဖေဆုံးပြီး နောက်တစ်နှစ်မှာ အဖေ့ပင်စင်လစာထုတ်ရန် အမေဟာန်ပြင်တော့ လက်ရှိအချိန်တွင် အိမ်ထောင်ထပ်ပြုမထားကြောင်း ရပ်ကွက်ထောက်ခံစာပါရမည် . . တဲ့။ အမေစိတ်ဆိုးလွန်း၍ အဖေ့ပင်စင်လစာကို ထိုထောက်ခံစာပါမှ ထုတ်ယူရမည် ဆိုလျှင် မထုတ်ယူတော့ဟု ဆိုဖူးပါသည်။

မြန်မာနိုင်ငံတွင် မလိုအပ်သော "ပေါင်းပင်" ကဲ့သို့ ဥပဒေမျိုးများကို နုတ်ပစ်သင့်ပြီဖြစ်၏။ ထိုနည်းတူစွာပင် အောက်ခြေမှ ဖြစ်ရပ်များကို အတိအကျမသိနိုင်သော သမ္မတကြီးသည်လည်း တကယ်ဖြစ်လာမည်မဟုတ်သော စိမ်ခန့်ခွဲမှုများကို အလုပ်ရုံဆွေးနွေးပွဲမှသော်လည်းကောင်း၊ နိုင်ငံသို့ ကတိပေးပြောကြားမှုမျိုးတွင်သော်လည်းကောင်း အထူးသတိထားသင့်လှပါကြောင်း။

ယနေ့ဂျာနယ်အချို့တွင် နိုင်ငံရေးနှင့်အစိုးရအကြောင်းပြောပြီးရင်း ပြောချင်ချင် ဖြစ်နေကြသည်။ နိုင်ငံရေးဆိုသည်ကား တိုးတက်မှုနှင့် ယဉ်ကျေးမှုကို ဖော်ဆောင်သည့်အပြင် တရားဥပဒေလည်း မည်ပါပေသည်။ နိုင်ငံရေးဆိုတာ မာယာ၊ ညစ်ပတ်မှုလည်းဖြစ်ကြောင်း မလိုတမာ ပြောသူတို့သည် စပျစ်သီးချဉ်သူများသာဖြစ်၏။ လွတ်လပ်မှုနှင့် အခွင့်အလမ်းက နိုင်ငံရေးထဲ လှည့်လည်စီးမျောနေရာ အယူအဆချင်း မတူလျှင် မတူသလို ရန်သူတွေဖြစ်သွားနိုင်ချေသေး၏။ နိုင်ငံရေးကြောင့်ဖြစ်ရသော စစ်ပွဲများမှာ သွေးသားရင်းချာများ ရန်ဘက်ဖြစ်ပြီး သူသေကိုယ်သေ တိုက်ခိုက်ခဲ့ကြသလို၊ နိုင်ငံရေးကြောင့်လည်း စစ်မီးများငြိမ်းစေလျက် ဖီးနစ်ငှက်သည် ပြာပုံထဲမှ ထိုးထွက်ပျံသန်းနိုင်ပြန်ပါသည်။ နိုင်ငံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ဂုဏ်အင်္ဂါပညာရပ်နှင့်အတူ ခေါင်းဆောင်မှုအဖွဲ့အစည်းတစ်ရပ်ကိုလည်း ပြည့်စုံကုံလုံ ချောမွေ့ပြေပြစ်စေသည်အထိ နှစ်ကာလပေါင်းများစွာ၊ ခေတ်စနစ်ပေါင်းများစွာ ဖြတ်သန်းတိုက်စားရင်း တည်ဆောက်ဖွဲ့ယူကြရသည်။ ထိုသို့ဖွဲ့ယူကြစဉ် ပွန်းပဲ့တိုက်စားမှုများ၊ နိုင်လိုမင်းထက်ပြုမှုများ၊ ကာလပယောဂအခြေအနေထဲ

ဖြတ်ပြေးသော ဖြစ်ရိုးဖြစ်စဉ်ပဋိပက္ခများကို မကြုံချင်သော်လည်း ကြုံကြရစမြဲပင်။

ယနေ့ မြန်မာနိုင်ငံ၏ ပဋိပက္ခအခြေအနေမှာ နိုင်ငံရေးထက် အစိုးရအကြောင်းသည် မရိုးနိုင်အောင် ပုစ္ဆာအမျိုးမျိုးတို့ဖြင့် မြင်မြင်ကရာ ဖွချင်စရာချည်းဟုပင် ဆိုနိုင်ပေသည်။ အဘယ်ကြောင့်နည်း။ လက်ရှိအစိုးရသည် နိုင်ငံရေးပါးမဝသဖြင့် ပညာမဲ့သောမိဘနှယ် သားသမီးငိုလျှင် ပုရွက်ဆိတ်ကိုက်သလား၊ ထမင်းဆာလို့လား၊ မုန့်တောင်းတာလား၊ ရေဆာသလား၊ ပူလို့လား၊ အေးလို့လားဆိုတာ တွေးတောစဉ်းစားမနေပါ။ ဘာပဲဖြစ်ဖြစ် တုတ်နှင့်ခြောက်၍ မဆုံးတော့။ ဒေဝါကြီးလာလိမ့်မယ်၊ သရဲကြီးကုပ်ချိုးမယ်။ အရုပ်ဝယ်မပေးဘူး၊ ထိုင်၊ ထ အခါ ၁၀၀ စသဖြင့် မိမိရင်သွေးအား စိတ်ကိုသော်လည်းကောင်း၊ ခန္ဓာကိုယ်ကိုသော်လည်းကောင်း ညှဉ်းပန်းနှိပ်စက်ရန်သာ အခါမလပ် ကြံစည်၏။ အမှန်စင်စစ် အစိုးရဟူသည် ပြည်သူပြည်သားတို့အား မည်သို့မည်ပုံအုပ်ချုပ်ပြီး ပြည်သူ့အရင်းအမြစ်များကို အကန့်အသတ်ရှိစွာ ခွဲဝေအသုံးချတတ်ရမည်။ ကျန်းမာရေး၊ ပညာရေး အဓိကထားလျက် ယဉ်ကျေးမှု၊ စီးပွားရေးနှင့် အထွေထွေလုံခြုံငြိမ်းချမ်းစေရန် ဝန်ဆောင်မှုများကို ပြည်သူသို့ မုချမသွေပေးစေရမည်။ ပြည်သူ့ဘဏ္ဍာဖြင့် ပြည်သူအား အကျိုးပြု နိုင်ရေးသည် အဘက်ဘက်ခြမစားလျှင် တစ်စုံတစ်ရာဘာမျှ ခက်ခဲနေစရာ မလိုပေ။ ပြည်သူကို ရင်ဝယ်သားပမာ အုပ်ချုပ်ရမည်ထက် ညီရင်းအစ်ကိုမျှပင် သဘောမထားနိုင်သည်မှာ ထင်ရှားပြီးထင်ရှားနေသည့် . . . အစိုးရ။

ယခုတော့ ဘုရားအနေကဇာတင်သည့် အိမ်အပါးမှာ မျက်လှည့်ဝိုင်းကဘင်သံတဒိန်းဒိန်းပေးပြီး လူခေါ်သလိုဖြစ်နေလေသည်။ ထိုအခါမျိုးတွင်လည်း သူတော်ကောင်းတရားပွားများလိုသူတို့က ဘုရားအနေကဇာတင်ပွဲမှာ ကြည်ညိုသဒ္ဓါတရားဖြင့် ဆည်းကပ်နေမည်ဖြစ်ပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စားသူတို့က မျက်လှည့်ဝိုင်း၌ ဝေးကြပေလိမ့်။ အဓိကနှင့်သာမညအား ခွဲခြားစိစစ်ချဉ်းကပ်ရန် မြန်မာနိုင်ငံသားတို့အား သွန်သင်ညွှန်ပြနိုင်မည့် အသိပညာဝိုင်း

ဆိုင်ရာ၌ မိမိကိုယ်မှတစ်ပါး အားကိုးဖွယ်ရာမရှိပါကြောင်း။

* * *

မြန်မာနိုင်ငံတော်တွင် ခေတ်အဆက်ဆက် မှီတင်းနေထိုင်ကြကုန်သော ပြည်သူပြည်သားများသည် ၁၈၈၅ ခုနှစ်ကစ၍ ကိုယ့်မင်းကိုယ့်ချင်း ပျောက်ကွယ်ခဲ့သည့် နောက်ပိုင်း၌ မကြုံကြိုက်ဖူးသော သူ့ကျွန်ဘဝ၏ ခါးသည်းမှုများကြောင့် နယ်ချဲ့ကျူးကျော်ခဲ့သည့် တိုင်းတစ်ပါးသားတို့အား ရရာလက်နက်စွဲကိုင်ကာ အလျဉ်းသင့်သလို တော်လှန်ပုန်ကန်ခဲ့ကြသည်။ တိုင်းပြည်နှင့် အဝန်းတော်လှန်ပုန်ကန်သူ မျိုးချစ်တော်လှန်ရေးသမားများ အလျှိုအလျှိုပေါ်ပေါက်ခဲ့သည်။ သူ့ကျွန်ဘဝကို လည်စင်းမခံယူခဲ့ကြပါသော်လည်း တိုင်းရင်းသားတို့သည် သူ့နယ်နှင့်သူ၊ သူ့အစုနှင့်သူ သီးခြားစီ ဆန့်ကျင်လှုပ်ရှားခဲ့ကြသဖြင့် အုပ်ချုပ်သူနယ်ချဲ့အစိုးရက တစ်ကန့်စီ၊ တစ်သုတ်စီချေမှုန်းရင်း ၆၃ နှစ်ကြာမျှ ကျွန်သက်ရှည်ခဲ့ရလေသည်။ ဗြိတိသျှနယ်ချဲ့ကို ပုန်ကန်ဖို့အတွက် သခင်အောင်ဆန်းခေါင်းဆောင်သော လူငယ်အစုအဖွဲ့က ဂျပန်နိုင်ငံ ဟိုင်နန်ကျွန်းအထိ သွားရောက် စစ်ပညာသင်ကြားလာပြီး နယ်ချဲ့လက်မှ မြန်မာပြည်ကိုပြန်လည်သိမ်းယူနိုင်ခဲ့ပါသည်။ ထိုမှ ဂျပန်ခေတ်ကို ဖြတ်သန်းပြီးသော် ဗမာ့တပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်အောင်မြင်ခဲ့ရာ လူထု၏အားကိုးအားထားပြုဖွယ် အဖွဲ့အစည်းတစ်ရပ်အဖြစ်ထင်ပေါ်လာခဲ့သည်။ ၁၉၄၂ ခုနှစ် မေလကုန်ခါနီးတွင် နယ်ချဲ့အင်္ဂလိပ်လက်မှသော်လည်းကောင်း၊ ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်နေ့တွင် ဖက်ဆစ်ဂျပန် လက်အောက်မှသော်လည်းကောင်း လွတ်မြောက်အောင် တိုင်းပြည်အား ပြည်သူလူထုနှင့် တစ်သားတည်းဖြစ်သော ဗမာ့တပ်မတော်က ကယ်ထုတ်ပေးနိုင်ခဲ့ပါသည်။

လွတ်လပ်ရေးအတွက် အဓိကမဏ္ဍိုင်သဖွယ်ဖြစ်သော အမျိုးသားရေးစိတ်ဓာတ်ကို နေသူရိန် လူထုအစည်းအဝေးပွဲကြီးနှင့် လှုံ့ဆော်စည်းရုံးနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ နေသူရိန်မိန့်ခွန်းကို လူထုက တစ်ခဲနက်

ထောက်ခံခဲ့သည်။ ယင်းအစည်းအဝေးကြီးမှ မြန်မာနိုင်ငံလွတ်လပ်ရေး အတွက် အဓိကကျသော အမျိုးသားရေးလမ်းစဉ်များကိုလည်း ချမှတ်နိုင်ခဲ့ကြသည်။

**ဖက်ဆစ်ဝါဒ ကမ္ဘာမှာပျောက်ကွယ်သည့်အထိ တိုက်ရန်။**

**အတ္တလန္တိတ် ကြေညာချက်၊ တဟီရန်ကြေညာချက်အရ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရေး။**

**မြန်မာပြည်ကို ပြည်သူလူထုဆန္ဒအရ ပြန်လည်ထူထောင်ရေး။**

**မြန်မာပြည်ကို တိုင်းရင်းသားလူမျိုးအသီးသီးအားလုံးပါဝင်သည့် သဘောတူ လွတ်လွတ်လပ်လပ် ဖွဲ့စည်းထားသော တိုင်းပြည်အဖြစ် ထူထောင်ရေး။**

**ယခုလိုပါဝင်တဲ့ လူမျိုးအသီးသီးကို ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနိုင်ဖို့ အခွင့်အရေးပေးရေး။**

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ အရုဏ်ဦး၌ လုံးဝလွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံအဖြစ် စတင်ပေါ်ထွန်းလာခဲ့လေသည်။ လွတ်လပ်ရေးမရမီကပင်လျှင် နယ်ချဲ့တို့က တိုင်းရင်းသားများနှင့် ဗမာတို့ကို သွေးကွဲအောင် အမျိုးမျိုး သပ်လျှိုနားသွင်းခဲ့သဖြင့် ပြည်မတောင်တန်း မခွဲခြားဘဲ တစ်သားတည်းတစ်သဘောတည်း ဖြစ်စေရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်တစ်စုက အထူးလုံ့လထုတ်ကြိုးပမ်းခဲ့ကြရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း စည်းလုံးမှုမပြိုကွဲရေးအတွက် ခေတ်အဆက်ဆက် ကြိုးစားဆောင်ရွက်ကြရန် နောင်းလူတို့မှာ တာဝန်အသီးသီးရှိကြပါသည်။ သားရေး . . . သမီးရေး . ဇနီးအရေးထက် တိုင်းပြည်အရေးကို ပြန်လည်ရှေးရှုကြရန် အချိန်အခါ အခွင့်တစ်ပတ်ပြန်လည်ခဲ့ပြီ ဖြစ်လေသည်။ လက်ရှိအခြေအနေအရ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပူးပေါင်းရေးဆွဲနေသည့် နိုင်ငံရေးဆိုင်ရာ အပစ်အခတ်ရပ်မှုကြမ်းကို ရာနှုန်းပြည့်အောင်မြင်စေချင်လှသည်။ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ကွေ့ကာပတ်ကာလမ်းကြောင်း ရှာဖွေရသလို၊ နယ်ချဲ့

သွေးထိုးမှုနှင့် အထင်အမြင်လွဲမှားမှုတွေကို ချေဖျက်စည်းရုံးခဲ့ရသလို ယခုလည်း တိုင်းရင်းသားချင်း သဘောတူညီညွတ်ရန် ဟိုဘက်သည်ဘက်နားလည်မှုတွေရှိကြပါမှ ငြိမ်းချမ်းရေးစခန်းဆီ အရောက်လှမ်းနိုင်ပေမည်။ တစ်ဖက်လိုအပ်ချက်တွေကို တစ်ဖက်ကမသိကျိုးကျွံပြု၍မရ၊ ကိုယ်ချင်းစာနာစိတ်ဖြင့် ပြဿနာများကို ဖြေရှင်းပေးနိုင်ရမည်။ ထိုအရေးကိစ္စအားလုံး၏ ထက်ဝက်ခန့်ကို တပ်မတော်က တာဝန်ယူနိုင်စွမ်းပါ၏ ။ တစ်ချိန်ကလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့တပ်မတော်ကြီးကို ကိုင်တွယ်ကြီးကြပ် မောင်းနှင်ခဲ့သလို ယခုတိုင်းရင်းသားအားလုံးနှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးအပြည့်အဝရသည်အထိ ဆွေးနွေးကြဖို့ တပ်ချုပ်မှူးကြီးမင်းအောင်လှိုင်တွင် တာဝန်ရှိပြီး သူသာလျှင် စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ထင်မြင်ယူဆမိပါသည်။

နိုင်ငံတော်အစိုးရက မီဒီယာများအား ပြင်းထန်စွာအရေးယူပုံကို ပြန်လည်စဉ်းစားကြည့်လျှင် ပုဂံခေတ် အနော်ရထာဘုရင်မင်းမြတ် အုပ်ချုပ်စဉ်ကာလကို အမှတ်ရစေသည်။ အနော်ရထာက စစ်ရေးအရကိုယ်တိုင်စစ်ချီပြီး အပြန်လမ်း၌ မြန်မာ့ဘုရင်တို့ ထုံးစံအတိုင်း ဘုရားတည်ရာတွင် စစ်သည်တစ်ဦးကို အုတ်တစ်ချပ်စီ ကုသိုလ်ပါဝင်ရန် အမိန့်ချမှတ်သည်။ အပျော်လွန်သော ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးညီနောင် (ဗျတ္တနှင့် မယ်ဝဏ္ဏတို့၏သားများ)တို့၏ ကိုတာဖြစ်သော အုတ်နှစ်ချပ်လပ်သည်ကို အကြောင်းပြု၍ ဘုရင့်ရာဇဒဏ်သင့်ရာ ဘုရင်က 'ဆုံးမလိုက်ကြပါ'ဟု ပြောသည်ဆို၏။ မင်းသားနှစ်ပါးအား မျက်စိစပါးမွေးစူးနေသော အုပ်ချုပ်သူ မှူးကြီးမတ်ရာက ကြိုတုန်းကြိုခိုက် အပြတ်ရှင်းလိုက်၏။ ထိုမှစ၍ "ရွှေဖော့ရိုးနှင့် ဆုံးမနိုင်းတာဝါးရင်းတုတ်နှင့် အသေရိုက်သတဲ့" ဟု ဆိုရိုးပြုကြသည်။ ယခုလည်း သမ္မတကြီး၏ သဘောဆန္ဒ ဟုတ်မည်မထင်. . . ဟု ငဲ့ညာစွာ တွေးကြည့်မိတော့ အနည်းငယ်စိတ်သက်သာရာရ၏။ အုပ်ချုပ်သူနှင့် မီဒီယာကြားမို့ အဟပ်ကွာခြား နိုင်ပေသည်ဟုလည်း တွေးပေးနိုင်ပါသေးသည်။ မြန်မာနိုင်ငံသားတို့သည် ၃ နှစ်တိတိ ဖက်ဆစ်ဆန်စွာအုပ်ချုပ်ခဲ့သော ဂျပန်တို့ စစ်ရှုံးသည့်

အခါ ကိုယ့်ကို ပါးရိုက်နားရိုက်၊ မှုဒိမ်းကျင့်၊ ခေါင်းဖြတ်သတ်ခဲ့သော ထိုဂျပန်တို့ ကိုပင် မဟာမိတ်လက်က ကယ်တင်စောင့်ရှောက်ပေးခဲ့ကြောင်း သမိုင်းရှိခဲ့သည်။ ယခုလို ကိုယ်အမျိုးသားချင်းဆိုတော့ ဖေးဖေးမမ ညှာတာကာ တွေးပေးသည်ကား မဆန်းပေ။ သို့သော် မီဒီယာအချင်းချင်း ပြောကြဆိုကြသံတွေ ကြားမိပြန်တော့ ဖြစ်မှုဖြစ်ရလေဟုသာ ဆိုချင်တော့သည်။ "မန်းအောင်ငြိမ်းဖောင်ဒေးရှင်း"... ဆိုပဲ။ "ကြုံဖူးပေါင်၊ ဂုဏ်ထူးဆောင်"... ဟုသာ ညြချချင်ပါရဲ့။ သမ္မတလောင်းအတွက် ဆောင်းပါးရှဲဒိုးရေးတာ ငွေ ၁၀ သိန်းရတယ်ဆိုတော့ ယနေ့ထိ စာမူခကို နှုတ်ဖျားမှာ "ဘယ်ရွေ့ ဘယ်မျှ"ဟု တောင်းဆိုလေ့မရှိသော စာရေးဆရာ/ဆရာမ၊ ကဗျာဆရာ/ ဆရာမ၊ ဆောင်းပါးရေးဆရာ/ ဆရာမကြီးများသို့ စိတ်ဖြင့် ရည်မှန်းကန်တော့အပ်ပါ၏။

* * *

မော်ဒယ်လ် "အေးချမ်းမြတ်မိုး" အတွက် သားသမီးချင်း ကိုယ်ချင်းစာမိသည်။ နောက်နောင်ဘဝမှာ သမီးလေး အေးချမ်းမြတ်မိုး မော်ဒယ်လ်ဘဝနှင့် ကင်းဝေးပါစေ။ "မေမြတ်နိုး"အတွက်သာမက နိုင်ငံ့ကိုယ်စား လှုပါးဝခံရခြင်းက ရင်ထဲမျက်တက်တက်...။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၌ လူမိန်းမတို့ရှိရာအရပ်ဒေသတိုင်း၌ အချောအလှ အဟောဝတရှိမည်။ ကုန်ပစ္စည်းတစ်ခုနှယ် ဈေးကွက်ရှာခြင်းကိုတော့ မချီးကျူးနိုင်။ ဒါသည်လည်း အီဘိုလာရောဂါနှယ် တွေးကြည့်လျှင် ကြောက်မက်ဖွယ်။ အီဘိုလာကို ကြောက်သရွေ့ တဖြည်းဖြည်း လှိုက်စားလာနေသော လူကုန်ကူးမှုက ရှားရှားပါးပါး အလှတရားလေးတွေဆီ ဒုတ်ဒုတ်ထိရောက်ချေပြီ။ နိုင်ငံရပ်ခြားတွင် ခုနစ်လွှာက,ကြသလို မြန်မာမတွေက,ရဲကြမည် မထင်ပါ။ အရာရာကို မိမိရိုးရာ ယဉ်ကျေးမှုဖြင့် ပြန်လည်ထိန်းမတ်သင့်ပြီဖြစ်၏။ ရှေးလူကြီးသူမဆုံးမစကား၌ "အရှက်"နှင့် "အကြောက်" ဟူ၍ရှိရာ တစ်ခုနှင့်တစ်ခုဆက်စပ်ပတ်သက်နေပုံကို မမေ့သင့်ကြပေ။ ကိုယ့်အမျိုးဘာသာကို ကာကွယ်

စောင့်ရှောက်ရန်လည်း နိုင်ငံသားတိုင်း သတိချပ်သင့်လှသည်။ မိမိအကျိုးစီးပွားတစ်ခုတည်း သက်သက်ကို မျှော်တွေးလုပ်ဆောင်သူတိုင်း "ကိုယ်ကျိုးနည်းနည်းပါရင် နည်းနည်းမှားမယ်။ ကိုယ်ကျိုးများများပါရင် များများမှားမယ်။ တရားရှိရင် ကူသူများမယ်။ တရားမဲ့ရင် ကူသူရှားမယ်" ဆိုသော မော်စီတုန်း၏ အဆိုအမိန့်အတိုင်း ရလဒ်ကို ခံစားကြရပေမည်။

ထို့ပြင် "မတူလျှင်မတုနဲ့" ဆိုသော လူတိုင်းပြောနေကျ စကားတစ်ခွန်းလည်း ရှိသေးသည်။ ဂျပန်နိုင်ငံက အပြာမင်းသမီးများ ရင်သားတစ်ခါကိုင်ယန်း ၁၀၀၀၊ စင်ကာပူဒေါ်လာ ၁၂ ဖြင့် AIDS ရန်ပုံငွေရှာကြောင်း သတင်းကို အံ့သြဘနန်း ကြားသိရပြန်လျှင် ဂျပန်ခေတ်မီခဲ့သူ အဘိုးအဘွားများနှင့် Interview တွေ့မေးချင်စမ်းပါဘိ။ ဂျပန်ခေတ်အခါက ရန်ကုန်မြို့၊ ကန်တော်ကြီးတွင် ဂျပန်တို့က မိန်းမချင်း ဖင်ပေါက်ပွဲ ကျင်းပပေးဖူးကြောင်း သက်ကြီးစကား သက်ငယ်ကြားဖူးပါ၏။ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းအား ယခုရက်များအတွင်း ကျေးဇူးတင်ပြီးရင်း တင်မဆုံးနိုင်တော့ပါ။ ဂျပန်လက်အောက်ကသာ မလွတ်မြောက်ခဲ့ပါလျှင် မြန်မာနိုင်ငံမှ မ,သတ္တဝါများသည် ခေတ်နှင့်လျော်ညီစွာ မည်မျှ ....။

* * *

တစ်ခါတုန်းက ငြိမ်းချမ်းရေးအဖွဲ့တစ်ခုမှာ ဖြစ်ခဲ့သည်။ နှစ်နိုင်ငံနယ်စပ်တွင် မိမိနိုင်ငံတွင်းက တောတောင်ထူထပ်ပြီး ရာသီဥတုဆိုးသဖြင့် အနီးဆုံးအစိုးရရုံးစိုက်ရာမြို့သို့ လေးငါးရက် ခြေကျင်ခရီးသွားရသည်။ တစ်ဖက်နိုင်ငံသို့မူ ၂ နာရီခန့် လမ်းလျှောက်သွားလျှင် အနီးဆုံးမြို့ဆီသို့ ခရီးပေါက်၏။ ဒီတော့ ယဉ်ကျေးမှုအရ တစ်ဖက်နိုင်ငံ လွှမ်းမိုးမှုကိုခံရသည်။ ဘာသာစကားအရသော်လည်းကောင်း၊ ငွေကြေးသုံးစွဲမှုသော်လည်းကောင်း၊ အချို့ဆွေရေးမျိုးရေး ထုံးတမ်းစဉ်လာတို့သော်မှ ပုံသေကားကျပဟုဆိုရမည်။ သားယောက်ျားလေးမှာသာ အမွေဆက်ဆံခွင့်ရှိပုံနှင့် အိမ်သစ်တက်ပွဲ၊ မင်္ဂလာပွဲတို့ကအစ သူစိမ်းသက်သက်ကို ချစ်ခင်လိုလားလျှင် ဆွေမျိုးတော်စပ်ဖို့

ဝန်မလေးကြပုံမှာ အတူတူလို့ဆိုရမည်။ လက်ခံကျင့်သုံးသော နိုင်ငံရေး အယူဝါဒကလည်း ထိုနည်းနှင်နှင်ဆိုတော့ တစ်ခုနှင့်တစ်ခုချိတ်ဆက်နေသဖြင့် အဟပ်ကွာမှုသိပ်မရှိလှပဟု ထင်ရသည်။ ထို့ပြင်တစ်ဝ၊ သဘောကောင်း လွန်းသော မြန်မာနိုင်ငံသားတို့၏ စရိုက်သဘာဝလည်း ဖြစ်ပေသည်။ ကျွန် တော့်ကို သားတော်ပါလား .... ကျွန်မကို သမီးတော်ပါလား .... ဆိုလျှင် တော်ရုံတန်ရုံ ငြင်းပယ်ရိုးမရှိကြ။ ငါတို့ကိုခင်ရှာတယ် .... ဆိုသည်နှင့် အားနာမှု ပေါင်းလိုက်သော် ခေါင်းညိတ်ဖို့ ဝန်မလေးတော့ပြီ။ တောင်တန်း သားတွေဆိုတော့ပိုလို့ ... ပိုလို့ သဘောကောင်း။ အဲဒီမှာ မုန်လာဥလိုမျက်နှာ ဖြူဖွေးဖွေးတွေက "ဥက္ကဋ္ဌမွေးစားသား" ဆိုသောစကားနှင့် တောင်ပေါ်ဂိတ်တွေ ကျော်ဖြတ်..၊ မြစ်ကြီးနားမြို့ကပ်မိတော့ မှတ်ပုံတင်တွေလုပ်ကြ၊ မန္တလေး .... ရန်ကုန် ခြေစကြာဖြန့်ကြ၊ တစ်ယောက်လာလည်း ဥက္ကဋ္ဌ မွေးစားသား၊ နောက်တစ်ယောက်လာလည်း ဥက္ကဋ္ဌ မွေးစားသား၊ လူဝင်မှုကြီးကြပ်ရေး လည်း ငြင်းမရအောင် 'ယွမ်' တွေနှင့် ပိညပ်။ ဒီနေရာတွင် မြန်မာနိုင်ငံ သားများသည် မိန်းမကြီးတိုင်းကို 'အမေ'ဟု ခေါ်ဆိုလွယ်သော်လည်း တော်ရုံ လူကို 'အဖေ'လို့ ခေါ်ဖို့မလွယ်ရေးချမလွယ်။ အမေနှင့်အဖေတန်ဖိုးက ထိုနေရာတွင် တော်တော်လေးကွာခြား၏။ ဆွေရေးမျိုးရေး တော်စပ်ခွင့်ပေး သည်ကို တိုင်းတစ်ပါးသားတွေက သဘောကောင်းသည် မထင်ဘဲ 'ငတုံး' 'ငအ' .... 'ငပိန်း' တွေလို့ထင်လောက်ခဲ့ပြီ။ ပိုဆိုးသည်က **'သူကြီးဘုရား ရှာသားကောင်းမှုဆိုသလို၊ အလှူလက်ဖက်နှင့် မျက်နှာလုပ် ....'** ဆိုသလို၊ မိမိနာမည်ကောင်း (သဘောကောင်း၊ မနောကောင်းဘွဲ့ ) ရရန် သူတစ်ပါးပစ္စည်း(သို့မဟုတ်) အများပိုင်ပစ္စည်းကို တလွဲမသုံးသင့်ပေ။ မြန်မာ စကား 'သဘောကောင်းလျှင် ဝမ်းဖောင်းသည် .... ဆိုတာလည်း မမေ့သင့်၊ မိမိ အ,ကြောင်း၊ ညံ့,ကြောင်းကို အလွယ်တကူဖော်ပြခွင့်ရသည်မှာ အညာခံ ခြင်းဖြစ်၏။ အကျိုးလိုလို့ .... ညောင်ရေလောင်းခြင်းကို သတိရှိရမည်။

မိမိက အညာခံလိုက်ရခြင်းသည် တစ်ဖက်လူက မိမိအပေါ်အထင် သေးမှု၏ ပြယုဂ်လည်း ဖြစ်သည်။ သူ့ထက် IQ Power နိမ့်သည်ဟု

ယူဆသဖြင့်သာ လာရောက် ညာလိုင်းခြင်း မဟုတ်လား။ လက်နှင့်ခြေများတွင် အပိုပါလာသည်ကိုသာ မြင်ဖူးကြားဖူးပေသည်။ လက်ပွားလေး .... ခြေပွားလေးနှင့်ဟုသာ ဆိုကြသည်။ ဦးနှောက်အပိုပါလာသည်ကို မကြုံ... မကြားစဖူး။ ဦးနှောက်တစ်ခုချင်းအတူတူ ဘာကြောင့် အညာခံကြမလဲ။ တကယ်ချစ်သလား .... မချစ်ဘူးလား ...။ တကယ်အမျိုးတော်ချင်တာလား .... အခွင့်အရေးမျှော်တာလား ....၊ အားအားယားယား .....ဝါးတားတား ... လာလုပ်ခြင်းသည် ရိုးသားမှုကို အခြေမခံပါ။ နောက်ကွယ်မှာ တစ်စုံတစ်ရာမကရှိနေသည်။ သေးသေးလိမ်လျှင် သေးသေးလုပ်ကြမှု၊ ကြီးကြီးလိမ်လျှင် ကြီးကြီးလုပ်ကြမှုက လေိမ်ညာတို့ နောက်ကွယ်တွင် အသေအချာရှိမည်။

တစ်ပြည်လုံး အတိုင်းအကာကို လိမ်ပြီဆိုပါစို့၊ ငြိမ်ခံနေသင့်သလား ...၊ အရေးယူမှုပြုသင့်သလားဆိုတာ ဓမ္မစေတီခေါင်းလောင်းကြီးဖြင့် အဖြေထုတ်သင့်ပြီထင်၏။ အလိမ်မခံခြင်းဖြင့် နိုင်ငံတော်အား ကူညီကြပါစို့။ ။

မြန်မာနိုင်ငံတွင်းဝယ် သားသုံးသားတို့ တစ်စုတစ်ဝေးတွေ့ရဖို့ဆိုတာ ခဲယဉ်းပါဘိတောင်း။ သားသုံးသားဆိုရာမှာလည်း မြန်မာတစ်မျိုးသားလုံး သိပြီးတဲ့ ဘုရားသား၊ ကျောင်းသားနှင့် စစ်သားကိုဆိုလိုတာပါ။ အဲဒီသား (သုံးသား)တွေ ဆုံပြီဆိုရင် ဘာဖြစ်မလဲ။ အင်မတန်စိတ်ချောက်ချားတုန်လှုပ်စက်ဆုပ်ဖွယ်ရာတွေ ဖြစ်ပွားပေါ်ပေါက်တော့မည့် နိမိတ်ပါပဲ။ ကျောင်းသားနှင့် စစ်သားတွေ့ဆုံပွဲ၊ ဘုရားသားနှင့် စစ်သားတွေ့ဆုံပွဲတွေကလည်း ကောင်းသောနိမိတ်ကို ဆောင်သည်ဟု ခွင်းချက်မရှိမပြောနိုင်ပါ။ မဟာသံဃနာယက အဖွဲ့ဝင်ကိုယ်တော်ကြီးငယ်များအား နိုင်ငံတော်အစိုးရက ဆုတံဆိပ်၊ ဘွဲ့တံဆိပ်များအပ်နှင်းတော်မူသည့် အချိန်အခါလေးတစ်ခုသည်သာ ရိုကျိုးပျပ်ဝပ်ဦးနှိမ်ချသည်ကို မြင်ရမည်။ ကျန်အခါများသည်ကား မမြင်ဝံ့ မမြင်အပ် .... မကြားဝံ့မကြားအပ်စရာတွေချည်းပင်။ ကျောင်းသားလက်တွင် စာအုပ်နှင့်မင်တံ၊ ဘုရားသားတော်များလက်တွင် ဆွမ်းခံသပိတ်၊ စစ်သားလက်တွင် လူသတ်လက်နက်ရှိသည်။ သူတို့ကိုင်ဆောင် လက်စွဲရာတို့သည်

သူတို့ဘဝကိုပြဌာန်းထား၏။ ကျောင်းသားက စာပေသင်ကြားတတ်မြောက်ရန်၊ ဘုရားသားတော်တို့က ပဋိယတ္တိ၊ ပဋိပတ္တိ ဆည်းပူးကျင့်ကြံရန်၊ စစ်သားများက တိုင်းပြည်ရန်စွယ်ကာကွယ်ရန်ဟု ကိုင်ဆောင်လက်စွဲမှုအရ ယေဘုယျသိနားလည်ထားကြလေသည်။

ဦးသန့်အရေးအခင်းတုန်းက ဘုရားသားနှင့် ကျောင်းသားတို့ လက်ချင်းချိတ်ဆက်ကာ ဦးသန့် အလောင်းသယ်ရာ လမ်းတစ်လျှောက် ကာကွယ်ခဲ့ကြပုံကို မနေ့တစ်နေ့ကလိုပင် မြင်ကွင်းထဲ ဖျောက်ဖျက်မရနိုင်အောင် စွဲမြဲနေသည်။ ထိုမြင်ကွင်းမျိုးနှင့် ပုံသေကားကျဖြစ်သော မြင်ကွင်းမြင်ကွက်ကို ရွှေဝါရောင်တော်လှန်ရေးမှာ တစ်ဖန်ပြန်မြင်ခွင့်ရလိုက်သည်။ ထိုအခွင့်အရေးမျိုးကို အမှန်စင်စစ် ဘယ်တော့မှမမြင်မကြား ....မကြုံချင်လှပါ။ ချွေးဒီးဒီးကျသော သက်နိ်း၊ မနွမ်းမလျှဘဲမာန်ပါသောမျက်နှာ၊ အသံနှင့်ဟန်။ အဓိက ရင်တွင်းလှိုက်လှဲစွာခံစားနေရသည်ကား အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့အသံများ၊ ဘုရားသားနှင့်ကျောင်းသားတို့ အသံချင်းထပ်နေ၏။ ဘုရားသား၊ ကျောင်းသားနှင့် ပြည်သူလူထုအပါအဝင် သူရဲကောင်းများကား တစ်သားတည်းကျနေ၏။ တစ်ခြမ်းပဲ့ဗလီရှေ့တွင် ယင်းလူအုပ်လူတန်းရှည်ကြီးအား ရေသန့်ဘူးများဝေငှနေသူ ဘာသာခြားတို့မှာ မျက်ရည်စတွေနှင့်။ ဝတ်ရုံဖြူဆင်မြန်းသူ ခရစ်ယာန်ဘုရားသားတော် ဖာသာအချို့ကို ဗုဒ္ဓဘုရားသားတော်တွေကြားဝယ် မြင်လိုက်ရသည်။ မေတ္တာပို့အသံ၊ ချွေးစက်၊ မျက်ရည်တို့ လိမ်းကျံထားသော ရှင်တော်ဂေါတမပုံတော်နှင့် ဗိုလ်မျူပ်အောင်ဆန်းဓာတ်ပုံတို့ကို မြေမထိတမ်း လက်ဆင့်ကမ်းတိုင်တည်သမှုပြုကြသည်။ ကျောင်းသား၊ ဘုရားသားနှင့် ပြည်သူလူထုတစ်သားတည်းဖြစ်သော နေ့ရက်များသည် စက်တင်ဘာလလယ်မှစတင်လျက် သန္ဓေတည်ပေါ်ထွန်းလာခဲ့ပြီ။

လည်စည်းနီများကိုတော့ ယခင်က အနော်ရထာလမ်းတစ်လျှောက် ပလက်ဖောင်းများပေါ် ဟိုတစ်ဖွဲ့ သည်တစ်ဖွဲ့ ရံဖန်ရံခါမြင်ဖူး၏။ ဒီကနေ့စိမ်ချက်ရှိသတဲ့ ....။ လမ်းဘေးဈေးသည်တွေ ရှင်းနေ၏။ သွားသွားလာလာတို့က လည်စည်းနီများကိုရှောင်ကွင်းကာ ကိုယ်လိုရာခရီးသို့ ခပ်သုတ်သုတ်

နှင်ကြသည်။ သူတို့အပါးမှာ ရဲအချို့ကလွဲ၍ တခြားသူမရှိ၊ စိမ်ချက်ဆိုသည်မှာ အစဉ်အမြဲမဟုတ်ဘဲ တစ်ခါတစ်ရံများစွာ။ စိမ်ကိန်းဆိုသည်ကတော့ အပြတ်ရှင်းမည့်သဘော။ ဆူးလေလမ်းမကြီး တစ်နံတစ်လျား၌ တစ်ဖက်မှာကျောင်းသား၊ ဘုရားသားနှင့် ပြည်သူလူထုကြီး၊ တစ်ဖက်မှာကား ဆူးလေစေတီကျောထောက်နောက်ခံပြုလျက် လည်စည်းနီအုပ်စု။ နှစ်ဖက်ထိပ်တိုက်တွေ့သောနေ့က မြန်မာ့သမိုင်း အမည်းကွက်စွန်းလျက် ကမ္ဘာ့သမိုင်းတွင် အရှိင်းရာဇဝင် မော်ကွန်းထိုး ဖြစ်လေသောနေ့။

ထိုနေ့သည်ကား ၂၆–၉–၂၀၀၇ ရက်နေ့။ သား(သုံးသား)များအားလုံး တညီတညွတ်တည်း ရင်းနှီးချစ်ခင်စွာပေါင်းစည်း အပြစ်မမြင်သော နေ့ရက်အချိန်အခါကို အမိမြန်မာပြည်သည် ဘယ်အချိန်ဘယ်ကာလလဲ . . . ဆိုတာ မျှော်တလင့်လင့်ဖြင့်သာ။ ။

မြန်မာနိုင်ငံသည် ချောက်ထဲကျရန် လက်တစ်လုံး.. လက်နှစ်လုံး.. အလိုတွင် ရှိမနေပါ။ ချောက်ထဲတွင် အနေကြာခဲ့ပြီဖြစ်၏။ ထိုသို့ဖြစ်တည်မှုအပေါ် လက်ရှိနိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အပြစ်ဖို့နေမည်ဆိုလျှင်လည်း ရာနှုန်းပြည့် မမှန်ကန်နိုင်။ လူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုချင်းဖြစ်စေ၊ အပြစ်အနာအဆာ ကင်းမည်မဟုတ်ချေ။ အမှားလုံးဝ ကင်းသည့် ဘဝကို လူတိုင်းတောင့်တမည်သာ။ မိမိကိုယ်မိမိ အပြန်ပြန်အလှန်လှန်သုံးသပ်ရန်လိုပါသည်။ ရဲရဲကြီးရှုမြင်ရမည်။ ဘယ်တုန်းက ဘယ်လိုအမှားမျိုးကို ဘာကြောင့် လုပ်ဆောင်မိခဲ့ပါလိမ့်.. ပေါ့။ အချို့ကိစ္စတော်တော်များများမှာ အမှားနှင့်အမှန်ကို အချိန်ကာလတစ်ခု ဖြတ်သန်းပြီးပါမှ သိခွင့်ရလိုက်ကြသည်။ အချို့ကိစ္စကျတော့ စ,မလုပ်ခင်ကတည်းကပင်လျှင် မှားမှန်း သိသိကြီးနှင့် လုပ်ချလိုက်ကြခြင်း၊ အစီအစဉ်ရှိရှိ မှားယွင်းမှု။ “ငါ.. မှားသွားပြီ”၊ “ကျွန်တော်တို့.. မှားသွားတယ်” ဆိုတာ ဘာကြောင့်များ နှုတ်ထွက်တွန့်ဆုတ် ဝန်လေးနေကြပါသလဲ။ ဤသည်က မှားမှန်းသိသိ ကိစ္စများ..။

အချို့ကိစ္စများမှာတော့ ခေါင်းနှင့်ပန်းသဖွယ် ရှိ၏။ ကိုယ့်ဘက်က အမြင်တစ်မျိုး၊ သူ့ဘက်က အမြင်တစ်မျိုး၊ အမြင်မတူသည်နှင့်ပင် ကိုယ်အမှန်၊

သူအမှားဟု တစ်ထစ်ချ မစွဲသင့်ပေ။ သူ့နေရာမှာ ကိုယ်ဆိုလျှင်. . ဟူသော စိတ်ထားကာ တွေးကြည့်ပေးသင့်သည်။ ဘာအကြောင်းကြောင့်မှ တစ်ဖက်ကို နှိမ့်ချမဆက်ဆံသင့်ပါ။ အပေါ်စည်းမှာ နေသူများက အောက်စည်း၌ရှိသူများ အပေါ် တောင်းပန်ရိုးထုံးစံမရှိ . . . ဟုဆိုလျှင် သွင်သွင်ကြီး လွဲပါလိမ့်မည်။ အပေါ်စည်းလူများက မိမိအမှားများကို ဖွင့်ချတောင်းပန်လျှင် အောက်လူများ ခမျာ အရည်ပျော်မတတ်ခံစားနားလည်ကြမည်သာ။ သို့မဟုတ်ပါလျှင် အနာ များ တစ်စတစ်စ စုဆောင်းကြီးထွားလာသည့်တစ်နေ့မှာ ပြည်သူလူထုကြီး၏ အုံကြွမှုနှင့် ထပ်မံကြုံဆုံရနိုင်၏။ တစ်ခါလည်း. . မှား၊ နှစ်ခါလည်း. . မှား၊ သုံးခါလည်း. . မှား၊ အကြိမ်ကြိမ်အခါခါ မှားယွင်းမှုကို တုံ့ပြန်ရန် မရည် ရွယ်သော အကြွင်းမဲ့ သည်းခံခြင်းတရားဟူသည်မရှိ။ အယူများလျှင် ပေးဆပ်မှုများရတော့မည်မှာ ဓမ္မတာပင်။ ပြီးခဲ့သည်များအား ရေနှူးနေခြင်း မဟုတ်ပါ။ ဗိုလ်ချုပ်အုန်းမြင့်သည် သူပါးရိုက်မည် ပြောခဲ့သောရွာသို့ တစ်နိုင်ငံ လုံး၏ ပြစ်တင်ဝေဖန်မှုများ နောက်တွင် တစ်ခေါက်ရောက်ခဲ့ပြန်ပါသေး၏။ ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းတာတွေ လှူခဲ့ပါသော်ငြားလည်း မိမိပြုခဲ့ များသောဝစီကံမှုကို ဝစီကံဖြင့်ပင်တောင်းပန်ဖို့ စိတ်ကူးရှိခဲ့ပုံမရပါ။ အထက် ကလည်း တစ်စုံတစ်ရာ အရေးယူမှုမရှိသဖြင့် အမှားကို ''အမှား'' ဟုပင် သိမှသိပါလေစ။ ထိုမသိသော လူတစ်စုသည် နည်းမှန်လမ်းမှန်ကို မသိမမြင် မချင်း သူတို့လျှောက်သော ခရီးကား ကွေ့ကောက်မည်သာဖြစ်၏။ မှားမှန်း သိလျှင်. . ပြင်၊ လမ်းအသစ် ထွင်နိုင်ရပေမည်။

မြန်မာပြည်သူတို့အဖို့မူကား ရှင်ကြီးဝမ်းလည်း ဝင်ဖူး၊ ရှင်လတ်ဝမ်း လည်း ဝင်ဖူး၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးပြီဖြစ်၍ အမှားနှင့်အမှန်ကို မနည်းလှ သော အတွေ့အကြုံများအရ ပိုင်းခြားစိစစ်နိုင်ခဲ့ပြီဖြစ်သည်။ ၂၀၁၅ တွင် နောက်ဘုန်းကြီး၏ တစ်ချက်ပို အခေါက်မခံရအောင် ကြိုကြိုတင်တင် စဉ်းစား တွေးခေါ် မျှော်မြင်ရတော့မည် ဖြစ်၏။

* * *

ယခုတလောကြားလိုက်ရသည့် မဂ်လာသတင်းတစ်ခုမှာ ရခိုင်အမျိုးသားပါတီနှစ်ခုပေါင်း၍ ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌအဖြစ် ဒေါက်တာအေးမောင်အား နှစ်ဖွဲ့လုံးမှ ခန့်အပ်လိုက်ကြကြောင်း။ သို့ကလို ငြိမ်းချမ်းစွာလက်တွဲပေါင်းစည်းမှုမျိုးသည် ပြည်ထောင်စုအရေးထက် မျိုးနွယ်တစ်ခုချင်းမှာ ဦးစွာပထမဖြစ်ထွန်းပေါ်ပေါက်ဖို့ လိုအပ်လှပါသည်။ မိမိတို့ အမျိုးသားစည်းလုံးမှုသည် အဓိက ပဓာနကျပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုအရေး မျှော်တွေးရပါမည်။ သို့မှသာလျှင် သဘာဝကျမည်ဟု ယူဆမိပါသည်။ အကယ်၍များ KNU နှင့် ကျန် ၃ ဖွဲ့တွဲစပ်ပေါင်းစည်းမိမည်ဆိုပါလျှင် ....။ သည်နေရာမှာ ကြားပယောဂတွေကိုလည်း မေ့ထား၍မရပါ။ သမ္မတကြီးဦးသိန်းစိန်အား နောက်ထပ် ၅ နှစ် နိုင်ငံတော်အား ထပ်မံဦးဆောင်မှုပေးပါရန် KNU က ကြိုတင်မဲပေးနှင့်သည်မှာ ၂၀၁၃ နှစ်ဦးလောက်ကပင်။ နိုင်ငံတော်အစိုးရဘက်မှ မည်သည့်ငြိမ်းချမ်းရေးအဖွဲ့နှင့်မျှ တွေ့ဆုံခွင့်မရဖူးသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်လို ပုဂ္ဂိုလ်မျိုးနှင့် တွေ့ခွင့်ရသည်မျိုး၊ သမ္မတဦးသိန်းစိန်၊ သူရဦးရွှေမန်းကဲ့သို့ ပုဂ္ဂိုလ်မျိုးတွေနှင့်တော့ တစ်ခါမက ... နှစ်ခါမက .... သုံးခါမကဟုပင် ဆိုနိုင်ပါသေးသည်။ သည့်အတွက်လည်း ကားပါမစ်၊ သစ်ပါမစ်တွေ အလျှံပယ်ဆိုပဲ။ ဝ, အဖွဲ့ ၊ မုန်းလားအဖွဲ့စသောအစိုးရနှင့် သူတို့လောက် ပြေလည်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများသို့ပင် ငြိမ်းချမ်းရေးပွဲစားအဖြစ် အစိုးရကိုယ်စား ဆောင်ရွက်ပေးနေသည်ကို ချီးကျူးသင့်သည့်လား ...၊ ကိုယ့်အချင်းချင်း စည်းလုံးညီညွတ်စွာ လက်တွဲနေနိုင်ဖို့ မကြိုးစားသင့်ပေဘူးလား .... ဟု တွေးမိပေသည်။ ဩဂုတ်လ ၃၁ ရက်နေ့ ညီလာခံကနေ ရုတ်တရက်ထွက်ခွာပြီး UNFC မှာ အဖွဲ့ဝင်အဖြစ် ပါဝင်မှုကို ရပ်ဆိုင်းပစ်လိုက်ပုံကြောင့် UNFC အတွင်း KNU သတင်းက အတော်ပင် ပျံ့နေခဲ့ပြီးပြီ။ KNU အဖွဲ့ ဥက္ကဋ္ဌ မူတူးစေးဖိုးက နုတ်ထွက်ကြောင်း စာပေးပို့ပြီး နောက်တစ်ရက်မှာပဲ ဒုဥက္ကဋ္ဌ နော်စီဖိုးရာစိန်က တစ်ဖန် ဥက္ကဋ္ဌ မူတူးစေးဖိုးနှင့် သဘောထားချင်း ခြားနားစွာ ဖက်ဒရယ် ကောင်စီဝင် ကိုယ်စားလှယ်တွေ ရွေးချယ်ပေးပို့ခြင်း၊ မပေးပို့ခြင်းနှင့် ပတ်သက်၍ UNFC

ထံ စာတစ်စောင် ပေးပို့ခဲ့ပါသတဲ့ ။ KNU ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ နှစ်ဦးမှာပင် သဘောထားကွဲပြားခြားနားနေခဲ့ပြီ။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်၊ ပန်ခါးကျေးရွာ အထက်မှာ အစိုးရတပ်နှင့် တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/ TNLA)တို့ နာရီဝက်ခန့်ကြာ တိုက်ပွဲဖြစ်ရာ အစိုးရဘက်မှ ၁၀ ဦးကျော် ကျဆုံးခဲ့ကြောင်း၊ တိုင်းရင်းသားပူးပေါင်းတပ်ဖွဲ့များနှင့် အစိုးရတပ်တို့ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်၊ ပန်ဖျက်ကျေးရွာအနီးတွင်လည်း ၆ နာရီကြာခန့် တိုက်ပွဲပြင်းထန်ခဲ့ကြောင်း၊ ရှမ်းပြည်မြောက်ပိုင်း ကျေးသီးမြို့ နယ် တာဖာဆောင်တံတားအနီး၌ အောက်တိုဘာ ၂ ရက်က တိုက်ပွဲဖြစ်ရာ တစ်နာရီခန့်သာကြာသော်လည်း အစိုးရဘက်မှ ဗိုလ်ကြီး ၁ ဦးနှင့် စစ်သည် ၄ ဦးအပါအဝင် ၅ ဦးကျဆုံးခဲ့ကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကချင်၊ ရှမ်း၊ ပလောင် စသဖြင့် တိုင်းရင်းသားတို့ စုစည်းနေထိုင်ရာရွာများ တည်ရှိသဖြင့် တိုင်းရင်းသားပူးပေါင်းတပ်ဖွဲ့ဟု ဆိုသော အမည်နာမအရ လူမျိုးစုံပါကြပုံရလေသည်။ ကချင်အချင်းချင်း ၊ ရှမ်းအချင်းချင်း ပလောင်အချင်းချင်း တစ်ဖွဲ့တစ်စည်းတည်းဖြစ်လျှင်ကောင်း၏ ။ ဒေသအလိုက်နေထိုင်သော လူမျိုးချင်းတစ်ဖွဲ့တစ်စည်းတည်းဖြစ်လျှင် ပိုမိုကောင်း၏။ တစ်နိုင်ငံလုံး အတိုင်း အတာနှင့် နေထိုင်ကြသူချင်းတစ်ဖွဲ့တစ်စည်း၊ တစ်သဘောတည်းဆိုလျှင် အကောင်းတကာ့အကောင်းဆုံး။ ယခုတော့မူ ကချင်ပြည်နယ်အတွင်း၌ ၃ နှစ် ၃ မိုးမက သေနတ်သံ အမြောက်သံ ညံနေချိန်ဝယ် KNU က အစိုးရပိုင်းမှ ပေးသော Dinner များတွင် ခွက်ချင်းခတ်နေနိုင်ကြပြီ။ သည်လိုပုံဖြင့် တိုင်းရင်းသားတပ်ပေါင်းစုကြီး (ဝါ) ပြည်ထောင်စုတပ်မတော် ကြီးကို ဘယ်ပုံဖော်ဆောင်နိုင်ပါ့။

ပြည်တွင်းငြိမ်းချမ်းရေး မရသေးသမျှ၊ အပစ်အခတ်မရပ်ကြသေးသမျှ နှစ်ဖက်လုံး၌ အသေအကြေအပျက်အစီး၊ စစ်ဘေးဒုက္ခသည်နှင့် စစ်သုံးစရိတ်တို့ တသွင်သွင်တိုးပွားနေမည်သာ။ အပစ်အခတ်ရပ်ရေး၏ ပဏာမအဖြစ် တိုင်းရင်းသားတို့အား ဘိန်းစိုက်ပျိုးမှုလျှော့ချနိုင်ရေး အသိပညာပေး လုပ်ငန်း

များကို တိုင်းရင်းသားတို့အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် အစိုးရဘက်မှ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း တိုင်းရင်းသားများက ဆိုပါသည်။ ကရင်ပြည်နယ်တွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အစိုးရနှင့် DKBA တို့ တစ်ဖက်နှင့်တစ်ဖက် သူက စကျူးကျော်သည်၊ ငါက စကျူးကျော်သည်ဟု အငြင်းပွားနေခြင်းကို အောက်တိုဘာ(၄)ရက်နေ့၌ တောင်ငူမြို့တွင် ငြိမ်းချမ်းဆိုင်ရာကိစ္စများ ဖြေရှင်းဆွေးနွေးရာမှာ ပြေလည်သင့်သရွေ့ ပြေလည်ကာ အဖြေတစ်ခုရလိမ့်မည်ဟု မျှော်လင့်ရပေသည်။ 'စစ်' ဆိုသော အပင်ကို ဆက်လက်ရှင်သန်ခွင့်မပြုပါမှ စစ်သားရေသောက်မြစ်လည်း နှစ်ဦးနှစ်ဖက်တွင် တစ်စတစ်စ ကင်းရှင်းပပျောက်နိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါလျှင် ကမ္ဘာ့ ၉ နိုင်ငံစာရင်းဝယ် CPSA (ကလေးစစ်သား) စာရင်းအက်ဥပဒေနှင့် ငြိစွန်းသောနိုင်ငံအဖြစ် မြန်မာနိုင်ငံကို အမေရိကန်သမ္မတ အိုဘားမား၏ ဆုံးဖြတ်ထားချက်မှာ ဆက်လက် အတည်ပြုနေရမည်ပင်။ ကရင်ပြည်နယ်အတွင်းလက်ရှိဖြစ်ပွားနေမှုများကြောင့် ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးမှ အမေရိကန်တိုးရစ်များအား ခရီးသွားသတိပေးချက်ကို အောက်တိုဘာ ၁ ရက်နေ့က ထုတ်ပြန်ခဲ့ကြောင်းသိရသဖြင့် မိမိပြည်တွင်းရေးကို တိုင်းတစ်ပါးသားတို့ ပြစ်တင်ပြောဆိုမှုများအရ အနာပေါ် အနာထပ်နေခဲ့ရပြီ ဖြစ်ပါကြောင်း။ ။

* * *

နှစ်ပေါင်းများစွာ ကျဉ်းထဲကျပ်ထဲ ညှပ်ပူးညှပ်ပိတ်နေလာခဲ့ရသော မြန်မာနိုင်ငံသူနိုင်ငံသားများအဖို့ ၂၀၁၁ ခုနှစ်မှစ၍ ဦးသိန်းစိန် ခေါင်းဆောင်ခေါင်းရွက်ပြုသည့် အရပ်သားစစ်အစိုးရ တက်လာချိန်မှစပြီး သို့လော.. သို့လော ...စိတ်သည် ကိန်းအောင်းခဲ့ပြီဖြစ်၏။ ယခင့်ယခင်ကတော့ ဆန်လုပွဲတွေဖြစ်လိုက် ...၊ ငွေစက္ကူတွေ သိမ်းလိုက်..၊ ကျောင်းသားနှင့် ပြဿနာတက်လိုက်..၊ အကြမ်းဖက်သတ်ဖြတ်ဖမ်းဆီးနှိပ်ကွပ်လိုက်...၊ အလုပ်သမားနှင့် သံဃာတော်များနှင့် ရင်ဆိုင်လျှင်လည်း ထိုနည်းလည်း

ကောင်းသာပင်။ နတ်ဝင်သည်များပမာ နတ်ဝင်ရန်ပျိုးနေချိန်၊ အပီဝင်လျှင် ဝင်သည့်အတိုင်း နတ်ဒိုးနှင့်အတူ စိတ်ပါလက်ပါ မြူးကြွကခုန်၊ အကြီးအကျယ် စိတ်လွတ်ကိုယ်လွတ်မြူးတူး သောင်းကျန်းချိန်မှာ ပုလင်းကိုမော့ကာ ...မော့ကာ.. ကြက်ကြော်ကို ကိုက်ကာဖွဲ့ကာ၊ ဆိုင်းဆရာအား ဆုတော်လာဘ်တော်ချကာ၊ အချီတော် အချော့တော်များအား ခေါင်းတုန်တုန် လည်တုန်တုန် မေးတဆတ်ဆတ်လည်းထိုးရင်း သားတော်ကြီး .... သမီးတော်ကြီး.... နှင့် ဟိုဟာ သည်ဟာ ညွှန်ကြားမှုများ ဘာညာသာရကာ။ နတ်ထွက်သည့် အချိန်အခါလည်း ကျပါရော၊ အမောဆို့လျက် ပိုးလို့ပက်လက်လန်။ ထိုစဉ် နတ်ထိန်းကသာ ယပ်ခပ်ပေးဖော်ရပြီး ဘယ်သူဘယ်ဝါကမျှ နတ်ဝင်သည်ကို အလေးမထားတော့ပြီ။ သမ္မတကြီးဦးသိန်းစိန် အမှူးပြုသော အရပ်သားအစိုးရကို ထိုသို့မဖြစ်စေချင်ပါပေ။ ဆိုးဝါးသည့် ဖိနှိပ်အုပ်ချုပ်မှုများအောက်၌ နှစ်ပေါင်း ၅၀ ကျော်ခံစားခဲ့ကြရပြီမို့ "နောက်လာတဲ့မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ" မည်ကို စိုးတထိတ်ထိတ်ဖြင့် စောင့်ကြည့်နေမိပါသော ပြည်သူလူထုစိတ်တွင် သမ္မတကြီးဦးသိန်းစိန်က လေချိုသွေးနေသည်လား.... တကယ့်အုပ်ချုပ်ရေးပုံစံသည် ဒီမိုကရေစီအစိုးရဆိုသည့် အတိုင်း အစစ်အမှန်ပြောင်းလဲခဲ့ပြီလား..... ဆိုတာ သို့လော... သို့လော.....။

ယခုအချိန်မှာ နိုင်ငံတော်သမ္မတကြီး၏ ဒီမိုကရေစီအစိုးရသည် ယခင်အစိုးရနှင့် ကွာခြားမှုများရှိနေကြောင်း ပြည်သူလူထုက အထိုက်အလျောက် လက်ခံနိုင်ပြီဖြစ်သည်။ အတန်ငယ်ပွင့်လင်းလာသော စတုတ္ထမဏ္ဍိုင်အတွက် မီဒီယာလောကသားတို့ ရေးကွင်းရေးကွက်လေးများ ရလာတော့ပြီ။ မီဒီယာလောကသားတို့သည်လည်း ပြည်သူထဲအပါအဝင်ဖြစ်၍ ကျပ်ခဲ့၊ ညှပ်ခဲ့၊ သတ်ခဲ့ခြင်းများကို ထုသားပေးသားကျနေခဲ့ပြီးပြီ။ ကျပ်သည်ကို သိသလို.. ချောင်သည်ကိုလည်း ဘယ်ရွေ့ဘယ်မျှ အတိုင်းအတာဆိုတာ မသိမဟုတ်ပါ။ အခွင့်အရေးရခိုက် နိုင်ငံတော်အစိုးရအား.... ချလိုက်မည်.... တွယ်လိုက်မည်.... ဖွလိုက်မည်.... သယ်လိုက်မည်... ဟူသော တစ်ပြန်တစ်လှည့်အကွက်နင်းမည့် စိတ်ကူးစိတ်သန်းများမရှိကြပါ။

ဂျာနယ်တစ်ရာမှာ တစ်စောင်.. မ,တစ်ထောင် တစ်ကောင်ဖွားတွေတော့ ရှိကောင်းရှိမည်။ အများစုမှာ စတုတ္ထမဏ္ဍိုင်သမားများပီပီ ပညာတတ်များ ပေမို့ မရိုင်းကြပါ။ ကြာကြာဝါးမည့်သွား အရိုးကြည့်ရှောင်ရမည်ဆိုတာ ရှင်ကြီးဝမ်းလည်းဝင်ဖူး.. ရှင်ငယ်ဝမ်းလည်း ဝင်ဖူး.. သဖြင့် သိတတ်ကြသည်။ သည်ဆောင်းပါးရေး... သည် စာမူခပဲရပေမည်။ သမ္မတကြီးကိုယ်တိုင် အုပ်ချုပ်ရေးကို ဒီမိုကရေစီဖော်ဆောင်လျက် ပြောင်းလဲခဲ့ပြီဆိုတော့ မဏ္ဍိုင် ၄ ရပ်တွင် စတုတ္ထမဏ္ဍိုင်သည် အတက်ကြွဆုံး၊ တာဝန်အကျေဆုံးလို့တော့လည်း ပြောနိုင်ပါ၏ ။ သမ္မတကြီး စတင်ပြောင်းလဲခဲ့သည်အတိုင်း နိုင်ငံတော်၏လိုအပ်ချက်.. ဟာကွက်များကို လိုက်ပါပြောင်းလဲနိုင်ရန် အစိုးရအား ကူညီသည့်အနေနှင့်လည်းကောင်း၊ ဆုတ်ယုတ်ပျက်စီးခဲ့သမျှ တိုးတက်ကောင်းမွန်လာစေရန် ဆန္ဒစောခဲ့သည်များရှိကောင်းရှိနိုင်ပါသည်။ အမှန်စင်စစ် ဆန္ဒစောသည်ဟု.. မဆိုသာပါချေ။ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒသည်ကား အတော်ပင်လျှင် နောက်ကျနေခဲ့ပြီဖြစ်၏။ ထိုပြည်သူလူထု၏ ဆန္ဒနှင့်အာသီသများကို မိမိကိုယ်တိုင်ကိုယ်ကျ ဖြစ်ပျက်နေသည့်ပမာ ကူးယှက်ခံစားရေးဖွဲ့ပေးပြီး ပြည်သူ့ရှေ့နေရှေ့ရပ်သဖွယ် အားကြိုးမာန်တက်ဆောင်ရွက်ပေးနေသူများမှာလည်း စတုတ္ထမဏ္ဍိုင်သားများပင် ဖြစ်ပါပေသည်။ လက်ဆောင်ပေးသည့် ပုဆိုးတစ်ထည်၊ လွယ်အိတ်တစ်လုံး၊ တီရှပ်တစ်ထည်စသည်မှလွဲ၍ လာဘ်ပေးလာဘ်ယူဆိုတာလည်း မီဒီယာသမားတွေမှာ ရှာမှရှား။

နိုင်ငံတော်အစိုးရ၏ Good Government, Clean Government ကို ပြည်သူအများသည် လုံးဝဥဿုံ ယုံကြည်အားထားလိုက်ချင်ကြပါသည်။ "ဘာမှမဖြစ်ရင်.. ဘာမှမဖြစ်ဘူး" ဆိုသော ခေတ်စကားတစ်ခွန်းလို တစ်စုံတစ်ရာ အမှုပေါ်ပေါက်သောအခါ တစ်ညလုံးကိုက်တဲ့ ဂျပိုးဆိုပြီး ဖျစ်ခနဲနေအောင် ညှစ်မသတ်လိုက်သင့်ပါ။ မလိမ္မာတစ်ခါမိုက်ပါကလည်း ဝါးရင်းတုတ်နှင့် လည်မျိုဖြတ်ရိုက် အသေသတ်လိုက်မည့်အစား ရွှေဖော့ရိုးနှင့် ဆုံးမစေချင်ပါသည်။ ပြည်သူနှင့် အစိုးရသည် မည်သို့သောအကြောင်းနှင့်မျှ

ပြိုးသူ ရန်ဘက် မဖြစ်သင့်လှပါကြောင်း။

* * *

၂၀၁၅ ရွေးကောက်ပွဲ နီးလာလေလေ.. သမ္မတကြီး ဂနာမငြိမ် ဖြစ်လာလေလေ။ နိုင်ငံတော်သမ္မတဟူသည်မှာ သည်သို့ပင်ဖြစ်ရချေမည်။ ရှေးအစဉ်အလာ စကားလည်းရှိ၏။ နိုင်ငံ အုပ်ချုပ်သူသည် ညဥ့်သုံးယံတွင် တစ်ယံသာ အိပ်စက်ရာ၏.. တဲ့။ ဂျပိုးကိုက်၍ မဟုတ်ပါ။ တောင်စဉ်းစား မြောက်စဉ်းစားဖြင့် အိပ်စက်မပျော်နိုင်။ ဘယ်အရေးအခင်းကို ဘယ်လိုဖြေ ရှင်းရပါ့မလဲ.. ပေါင်းများစွာ။ ဟိုတလောက ဂျာမနီအပါအဝင် ၃ နိုင်ငံသို့ သမ္မတကြီးသွား၏။ ယခုလည်း အီတလီသို့ ယွန်းပြန်လေပြီ။ ဘယ်သူဘယ်ဝါ က ဘယ်ပုံလက်စောင်းထက်သည်ကို ပြည်သူတို့ စောင့်ကြည့်နေကြသည်။ မိမိကိုယ်ကျိုးထက် တိုင်းသူပြည်သားကောင်းစားရေးကို ရှေးရှုသော မည်သည့် ခေါင်းဆောင်ကိုမဆို ပြည်သူတို့ နှစ်ထောင်းအားရ ကြိုဆိုထောက်ခံရန် အသင့်။ အားကိုးထိုက်သူ ပီပါစေ..။

ရှေးခေတ် အုပ်ချုပ်ရေးစနစ်တွင် ဘုရင်က ဝန်ကြီးနှင့်မှူးမတ်တို့အပေါ် ဩဇာညောင်းသလို အောက်ခြေမှတက်လာသည်များကိုလည်း ဘုရင်က အလေးမထားဘဲ မနေပါ။ အလောင်းဘုရား၏ ဒုတိယသားတော် ဆင်ဖြူရှင် လက်ထက်၌ တာတာ(တရုတ်)တို့က လာရောက်စစ်ပြုရာ နေမျိုးသီဟသူ ရဘွဲ့ခံ စစ်သေနာပတိဦးစီး၍ ရန်သူတို့ကို ချေမှုန်းစေ၏။ ရှေးခေတ်က ယခုခေတ်လို T.E ကားကြီးများဖြင့် စစ်ချီ၍ မရပါ။ နယ်စွန်နယ်ဖျားအရောက် ခြေကျင်ချီကြ၊ စစ်ချီန်ကြာမြင့်ကာ စစ်ပန်းလျှင်လည်း ရာရှင်မရှိ.. ကောက် ဆန်မရှိ၊ စစ်စခန်းချရာနေရာ၌ ဆန်စပါးစိုက်ပျိုး စားသောက်ကြရသည်ဆို တော့ နှစ်ချီကြာမြင့်သည့်သဘော။ တရုတ်တစ်ရက်တို့က တစ်မျိုး၊ မိမိ စစ်သည်များကတစ်မျိုးဖြင့် မည်မျှစည်းကမ်း ကိုင်သည့်ဖြစ်စေ၊ ပြည်သူလူထု ခမျာ စစ်ဒဏ်ကို ခံကြရသည်သာ။ ပြည်သူ့ဒုက္ခကို ဘုရင်က လွယ်လွင့်တကူ မမြင်နိုင်၊ ရွှေထီးရွှေနန်း ရွှေကြငှန်းနှင့် လက်လုပ်လက်စားဘဝများကား

ကွာလှမ်းလွန်းလှလေသည်။ ထိုထက် စစ်မြေပြင်နှင့် ရွှေနန်းတော်သည် အလှမ်းဝေးပါဘိတောင်း။ မိမိဘက်ကလည်း အလေးသာခဲ့ပြီ။ တစ်ဖက်ရန်သူက အလျှော့ပေးလိုသည့်သဘောဆောင်သည့် လက်ဆောင်ပဏ္ဏာများက စစ်သေနာပတိ နေမျိုးသီဟသူရ မျက်မှောက်မှာ၊ မိမိဘက်က အရေးနိမ့်ပြီးမှ ငြိမ်းချမ်းရေးကို လက်ခံလျှင် တာတာတို့က အနိုင်ရသူပီပီ မိမိနိုင်ငံတွင်း ကျူးဝင်လာရော့မည်။ ယခုစစ်ရေးအခြေအနေအရ မိမိဘက်က အသာစီးရ တိုင်းဖိတိုက်လျှင် မိမိ စစ်သည်တို့ ပန်းသည့်ထက်ပန်းမည်။ ကျေးရွာ မြို့ခွန် မြို့ဖျား ပြည်သူအများအား စစ်ရှုံး၍ အထိနာသူများက ကျားနာခဲခဲသွားနိုင်သည်။ ယခုခေတ်အခေါ် မြေလှန်စနစ်ကျင့်သုံးက မခက်လော။ လက်နက်ကိုင်က ပြုသမျှကို လက်နက်မဲ့ပြည်သူတို့ မရှုမလှခံရချိမ့်မည်။ တိုင်းတစ်ပါးသားများပေမို့ တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ဖွယ်မမြင်။ ဘုရင့် အမိန့်ကို မခံယူတော့ဘဲ မျက်မှောက်ရေးရာ အခြေအနေအရ လက်ဆောင် ပဏ္ဏာများကို နေပြည်တော်သို့ ပို့ဆောင်စေပြီး တာတာတို့နှင့် စစ်ပြေငြိမ်းလိုက်တော့ပြီ။ ထိုသတင်းကို ဘုရင်ကြားသိလျှင် စစ်မာန်တက်စွာဖြင့် တစ်ဖက် နိုင်ငံတွင်းအရောက် ရန်သူတို့ကို မချေမှုန်း ကောင်းလား.. ဆိုပြီး ရာဇမာန် ရှကာ စစ်သေနာပတိနှင့်တကွ တပ်မှူး တပ်ချုပ်တို့၏ ဇနီးများ လက်ဆောင် ရရှိထားသော ပစ္စည်းများကို ကိုယ်စီ ခေါင်းရွက်စေလျက် နန်းရင်ပြင်ရှေ့၌ နေကုန်အောင် ရပ်နေစေ.. ဟု အမိန့်တော်မှတ်ကပြီ။ မှူးကတော် ချုပ်ကတော်များမှာ နောက်ဘေးပေါက်မှ တံစိုးလက်ဆောင်ကို လက်ခံသည်မဟုတ်ဘဲ ဘုမသိ ဘမသိဖြင့် ဘုရင် ပေးသော အပြစ်ဒဏ်ကို ခံခဲ့ကြရဖူးသော ရာဇဝင်အထောက်အထား ရှိ၏။

ယခုတော့ ဖယောင်းတိုင်နယ် မီးထွန်း၍ ရသော မုန့်(အစပ်ချောင်း)များကိစ္စကို နိုင်ငံနှင့်တကွမဖော်ပြဘဲ တစ်ဖက်နိုင်ငံဟုသာ သုံးနှုန်းရန် တားမြစ်ပိတ်ပင်ပါသတဲ့။ ဆင်ဖြူရှင်လက်ထက်ဆိုလျှင် ထိုဝန်ကြီးသည် ထိုအစပ်ချောင်းများ စုပေါင်းမီးရှို့ပြီး သပြိုဟ်ခံရနိုင်လောက်ပေသည်။ နောက်တစ်ဖန်

စစ်ကိုင်းမင်း (ဘကြီးတော်ဘုရား)လက်ထက်တွင် မိဖုရားမယ်နု တန်ခိုးထွား ပုံက မန်ကျည်းရွက်သော်မှ နုလိုက်တာဟု ပြောခွင့်မရှိခဲ့။ ထွက်လိုက်တာ‥ ဟုသာပြောရပါသတဲ့။ ကဲ‥ ယခုလည်း နို့မှုန့်ထဲ မယ်လမိန်းထည့် ရောင်း သူကို သေဒဏ်ပေးခဲ့ပြီးဖြစ်ပါလျက် ထိုနိုင်ငံ၏ထုတ်ကုန်အမျိုးမျိုးတို့ မရိုး မသားလုပ်နေကြခြင်းအပေါ် ကမ္ဘာ့တရားရုံး၌ တရားစွဲဆိုခြင်း မပြုရုံမျှမက နိုင်ငံကို နာမည်တပ်မခေါ်ဘဲ တစ်ဖက်နိုင်ငံဟုသာ သုံးနှုန်းရန်ပြောလာသည့် အခါ အခြားသောပတ်ပတ်လည်နိုင်ငံများအား မထောက်ထားတော့ပြီလော။ သို့မဟုတ် တရုတ်ကို တရုတ်လို့မခေါ်ဘဲ တစ်ရက်‥‥ခေါ်ရမလား၊ တာတာ‥ ခေါ်ရမလား ဆိုသည်ကို ထိုဝန်ကြီးကပဲ အကြံပေးတော်မူလှည့်ပါ ကုန်။

* * *

"သီတင်းကျွတ် ပွဲတော်ကြီးပြီးတော့ တန်ဆောင်မုန်း တန်ဆောင်တိုင် ဆီမီးကမြိုင်" ‥‥ ဆိုသော ခေတ်ဟောင်းသီချင်းက ယနေ့အထိရိုးမသွား သေး။ ဘာကြောင့်လဲဆိုတော့ သီတင်းကျွတ် ‥‥ တန်ဆောင်မုန်း စသောလ များက ဆယ့်နှစ်လရာသီစာရင်းထဲရှိမြဲမို့ပင်။ ကြောက်အိုး ဖောက်လျှင် ဒဏ်ငွေ ဘယ်လောက် ‥‥‥ ကြောက်အိုးရောင်းလျှင် ထောင်ဒဏ်ဘယ်မျှဆို၍ ဖတ်ဖူး သည်ကား နိုင်ငံတော်ထုတ် သတင်းစာများတွင် ဖြစ်သည်။ တစ်နှစ်အတွင်း ယာဉ်တိုက်မှုပေါင်း( )မှုဟု စစ်တမ်းကောက်ယူကြသလို၊ သီတင်းကျွတ်တစ်လ တည်းမှာကြောက်အိုးနှင့် အရေးယူခံရသူ ဘယ်နှဦးလဲဆိုတာ သိချင်စမ်းပါ ဘိတော့။ မြန်မာနိုင်ငံတွင် ထူးခြားသည်က ပေါ်တင်ထုတ်သော ဥပဒေများကို ထမင်းစားရေသောက်ချိုးဖောက်နေပါသော်လည်း အရေးယူချင်မှ ယူသည်။ မယူသည်ကများပါ၏။ သို့ဆိုလျှင် ဒီမိုကရေစီ ပြည့်လွန်းသည်ဟု ယူဆမလား။ မှားမည်။ အမိန့်ထုတ် မထားသော်လည်း၊ ဥပဒေပြဋ္ဌာန်းမထားသော်လည်း ကိုင်ချင်သည့်အခါ ထ,ကိုင်တတ်သည့် အမှုများစွာရှိခဲ့သည်။ ရှိနေမည်။ ရှိလိမ့်ဦးမည်။

အလွတ်တန်းသတင်းထောက် ကိုအောင်နိုင်(ခ)ကိုပါကြီးကို စစ်တပ်မှ ပစ်သတ်မှုနောက်ဝယ် အစိုးရနှင့် DKBA တိုက်ပွဲထဲမှာ ၃ ရက် ကြာနေခဲ့ခြင်းကို ဖိတ်မိနေသည်ဟု ယူဆမပေးခဲ့ပါ။ ၃ ရက်ကြာကာလတွင် ကိုအောင်နိုင် လက်ထဲဘာရှိပါသနည်း။ သေနတ်လား ...၊ အမြောက်လား ...၊ လားလားမျှမဟုတ်နိုင်ပါ။ သတင်းထောက်ဖြစ်၍ သူ့လက်ထဲ ကင်မရာပဲ ရှိချိမ့်မည်။ သူလည်း KKO တပ်ဖွဲ့သား စင်စစ်ဖြစ်ပါမူ စက်လှေငှား၍ အိမ်ပြန်လာမည်မထင်။ တိုက်ပွဲခွင်ထဲက မပြန်တမ်းရှိပေမည်။ နောက် .... ထွက်ပြေးလို့ ပစ်ဖမ်းရာ အသေမိသတဲ့။ ကိုအောင်နိုင်(ခ) ကိုပါကြီးကို သေရွာမှပြန်ခေါ်ပြီး မမေးနိုင်တော့သဖြင့် သူတို့ပြောသမျှဟု ဆိုရတော့မည်။ ပါလီမန်ခေတ်က ဘိန်းပစ်ဖမ်းသည်ဆိုသော စကားတစ်ခွန်းရှိခဲ့ဖူးသည်။ ထပ်ရှင်းရန် မလိုတော့ပါချေ။ စစ်အစိုးရခေတ်၌ အချို့ကျေးရွာများတွင် ညှော်စာရင်းစစ်ရင်း ချဲလက်မှတ်မိပါသတဲ့။ ထိုအိမ်ရှင်က NLD ဖြစ်နေခြင်းမှာ တိုက်ဆိုင်မှုတစ်ခုပဲလား။ ပါလီမန်ခေတ်က အမွေဆိုးတွေဆက်ခံနေပုံမှာ ကလေးကွက်ဆန်လွန်းနေပါသည်။ ယခုလည်း ကိုအောင်နိုင်(ခ) ကိုပါကြီးသည် ဒေါ်အောင်ဆန်းစုကြည်၏ သုံးရောင်ခြယ်အဖွဲ့ဝင် အမှတ်စဉ်(၄) ဖြစ်နေခြင်းသည်လည်း တိုက်ဆိုင်မှုတစ်ခုပဲလား။

လွန်ခဲ့သည့်နှစ်များက မြန်မာနိုင်ငံတရားဥပဒေစိုးမိုးရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်လာသူ ဒေါ်အောင်ဆန်းစုကြည် ရင်ထဲ ဘယ်လိုရှိမလဲ။ တချို့ဥပဒေများကို ပြဋ္ဌာန်းမထားဘဲ ကောက်ကိုင်သည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းများက အချင်းချင်းစုဝေးပြီးသကာလ နိုင်ငံတော်သမ္မတကြီးထံ တိုင်ရ တောရပြန်၏။ အဲဒီတော့လည်း သမ္မတကြီး၏ မဟာကရုဏာတော်ကြောင့်ဟု ကျေးဇူး ဥပကာရ တင်ကြရပြန်ပါသည်။ ရှေးရှေးတုန်းက ရွာများတွင် စုန်းဆိုတာရှိပါသတဲ့၊ သူက ဖမ်းစား ...၊ သူ့ကိုပဲ ပင့်ခေါ် ကုသခိုင်း၍ သူ့ကိုပဲ ပူဇော်ပသရ၊ ကယ်တင်ရှင်အဖြစ် ဖင်ဘူးတောင်းထောင်အောင် ကန်တော့ကြ၊ သူ့အသက်မွေးဝမ်းကျောင်းမှုက ခိုင်သပ။ ဘယ်လူနာကို ဘယ်လိုကုလိုက်တာ ... ဆိုပြီး အကျော်တစောကိုဖြစ်လို့၊ အခြားတစ်ပါးသော ကယ်တင်ရာ သမားတော်မရှိ

သော ရွာကလေးဝယ် စုန်းကဝေတို့ တန်ခိုး ထွားမြဲ။ မြန်မာနိုင်ငံတွင်လည်း ပဲ ......။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးအား အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အောက်တိုဘာ ၃၀ ရက်နေ့မှာ တယ်လီဖုန်းဖြင့် ဆက်သွယ်စကားပြောဆိုခဲ့ကြောင်း ဝါရှင်တန်သမ္မတ အိမ်ဖြူတော်သတင်းထုတ်ပြန်ချက်အရ သိရသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမား အဓိကပြောလိုသည့် အချက်မှာ "မြန်မာနိုင်ငံ၌ကျင်းပမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်သည့် ရွေးကောက်ပွဲမျိုးဖြစ်ရန်၊ အများစုလက်ခံယုံကြည်သည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်နိုင်ရန် .... တောင်းဆိုခဲ့ကြောင်း။ ၎င်းအနေဖြင့် နိုဝင်ဘာလအတွင်းမှာ မြန်မာနိုင်ငံ၌ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်မည်ဖြစ်၍ ယင်းအစည်းအဝေးမတိုင်မီ ကြိုကြိုတင်တင် ဖုန်းဆက်အကြောင်းကြားခဲ့ခြင်းပင်။ သတိပေးလိုက်သည် ဆိုလျှင်လည်း မမှား။ မြန်မာနိုင်ငံသမ္မတနှင့် အစိုးရအဖွဲ့၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမေရိကန်သမ္မတက ချီးကျူးပြောဆိုပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် အမြန်ဆုံးဆောင်ရွက်သင့်သည်ဟု တိုက်တွန်းအကြံပြုပါသတဲ့။ နောက်ဆက်တွဲအနေဖြင့် အများစုလက်ခံယုံကြည်သည့် ရွေးကောက်ပွဲကို ဖော်ဆောင်နိုင်ရေးအတွက်လည်း အမေရိကန်သမ္မတက တောင်းဆိုလိုက်ပါကြောင်း အိမ်ဖြူတော်ထုတ်ပြန်ချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံသားတို့သည် ယင်းသတင်းအပြည့်အစုံကို အိမ်ဖြူတော်၏ ကျေးဇူးကြောင့်သာ သိရ၏။ သမ္မတကြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့မှ ထိုသတင်းနှင့်ပတ်သက်၍ ထုတ်ပြန်ပြောကြားခြင်း လုံးဝ(လုံးဝ)မရှိ၊ မိမိတို့အိမ်တွင်းရေးကို အခြားသူ ဝေဖန်ပြောဆိုအကြံပေးမှုကို အိမ်သားတွေမသိစေအောင် ဖုံးဖုံးဖိဖိနေခြင်းကို လုံခြုံရေးဟု အကြောင်းပြဦးမည်လား။ မြန်မာနိုင်ငံ လက်ရှိအနေအထားထက် လွတ်လပ်ပွင့်လင်းမြင်သာမှုရှိပြီး

ကြွယ်ဝချမ်းသာသော နိုင်ငံတစ်နိုင်ငံဖြစ်ရေး ဆောင်ရွက်နေမှုများ ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်ရန် အမေရိကန်နိုင်ငံအနေဖြင့် တတ်စွမ်းသမျှ ကူညီပေးမည် .. ဆိုတာ မြန်မာနိုင်ငံသမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးအား အလေးအနက်ပြုပြောကြားသည်ဟု အိမ်ဖြူတော်ထုတ်ပြန်ချက်က ဆိုပါသည်။ အမေရိကန်သမ္မတကြီးက မြန်မာတစ်နိုင်ငံလုံးကိုယ်စားပြုအဖြစ် ထိုနှစ်ဦးကို ရွေးချယ်တိုင်တည်ပြောကြားလိုက်ခြင်းအတွက် ဝမ်းသာရမှာလား ...၊ ဝမ်းနည်းရမှာလား ...။ ဝမ်းသာရမည့်အကြောင်းသည် လူသားချင်း၊ နိုင်ငံချင်း၊ သမ္မတချင်း စာနာသော အမေရိကန်သမ္မတ၏ စေတနာ၊ မေတ္တာ လူ့ကရုဏာတရားအတွက်ဖြစ်ပါသည်။ ဝမ်းနည်းရမည်ဆိုလျှင်တော့ ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသားအရေးကို ရေခြားမြေခြား လူမျိုးခြားတွေကနေ ပူပေးမှ ပူရမှန်းသိတော့မည့်အဖြစ်လား။ ရေခြားမြေခြားလူမျိုးခြားတွေကလည်း နိုင်ငံကြီး နှစ်နိုင်ငံကြားက နိုင်ငံပိစိကွေးအတွက် ဘာကြောင့်များ ပူပင်ကြောင့်ကြနေကြရှာပါလိမ့်။

ပြီးတော့ တိုက်ဆိုင်လိုက်ပုံက အမေရိကန်သမ္မတသည် ယခင်ယခင်ရက်များက တရုတ်နိုင်ငံသို့သွားရောက် နှီးနှောပြီးသည့်နောက်ပိုင်းမှာမှ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်ထံ ဆက်သွယ်ပြောကြားလာမှု။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တရုတ်နိုင်ငံသို့ မကြာမီ သွားဦးမတဲ့ဆိုပဲ။ အိမ်သားချင်း မသင့်မြတ်သည်ကို အပြင်လူမှ "နင်တန် .... နင်တန် ရွှေပုဂံ" ဟု ပြေငြိမ်းရေး စေ့စပ်ဆောင်ရွက်ပေးခံရသည်ကား အမှန်တော့ ရှက်တတ်လျှင် ရှက်ဖို့ကောင်းပါသည်။ ကူညီမှုများကြောင့် ပြောရေးဆိုခွင့် ရှိနေသည်လား။ ပေးတာကျွေးတာ စားပိုးနင့်အောင်စားပြီး ကိုယ်ထင်ရာကိုယ်စိုးနေကြလို့ မရဘူး .... ဆိုသည့် သဘောများလား။ စားပြီး နားမလည် ဆိုသော သဘောသည် သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည် နှစ်ဦးတည်းသာ ရှက်ဖို့ မဟုတ်ချေ။ စားပိုးနင့်သူတိုင်းမှာ ပိုမိုတာဝန်ရှိကြပါပေသည်။ မြန်မာ့ပြည်သူအများတကာ့ အများစုသည် မစားရ ... မဝါးရ .... မကြွားရပါဘဲ Pre-democracy နိုင်ငံသားနနတို့ခမျာ နိုင်ငံတကာအလယ်တွင် မျက်နှာ

ငယ်ရုံသာမက ကျောထဲကစိမ့်စိမ့် အားငယ်ပြီးရင်းသာ အားငယ်နေရတော့ပါကြောင်း။

* * *

တန်ဆောင်မုန်းလ ရောက်ပြီဆိုလျှင် မြန်မာနိုင်ငံ၌ ပွဲလမ်းသဘင်တို့ ခြိမ့်ခြိမ့်ညံချိန်ပဲ ဖြစ်သည်။ ယခင့်ယခင် Long Long Ago တုန်းကတော့ နိုင်ငံသူနိုင်ငံသားတို့သည် အလှူရေစက် လက်နှင့်မကွာဆိုသည့်အတိုင်း ဆယ့်နှစ်လရာသီတွင် ဆယ့်နှစ်လပွဲတော်များ အချိန်အခါနှင့် ပွဲလမ်းသဘင် မပြတ်ကြပါ။ လှူဒါန်းနိုင်သော အခြေအနေများအရ ပြည်သူပြည်သားများမှာ လှူဒါန်းမှုအစုစုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရုံမက အပြိုင်အဆိုင်ဒါနပြုကြသည်အထိ။ ယခုခေတ်မှာလည်း အပြိုင်အဆိုင်ရှိသည်မှာ ရပ်ကွက်ချင်း၊ စာသင်ကျောင်းချင်း၊ မြို့နယ်ချင်း သူ့ထက်ငါကောင်း အလှူခံပုံ၊ လှူဒါန်းပုံ၊ စတုဒိသာကျွေးမွေးပုံကအစ မြင်နေကြားနေရသည်ကား အံ့ဩကုန်နိုင်ဖွယ် ဖြစ်သည်။ ရပ်ကွက်တိုင်းမှာ အလှူခံညံနေတော့သည်။ ရာသီစာပွဲတော်များသည် ပြည်သူလူထု ကပ်ရောက်နေသော ဝေဒနာကြီးများအား တဒင်္ဂတော့မေ့ မေ့ပျောက်ပျောက် ပေါ့ပေါ့လျော့လျော့ ဖြစ်စေသည်ကိုမူ ဝန်ခံကြရပေမည်။ ထိုသို့ဖြစ်ရန် စီမံကိန်းချ ဆော်ဩသူတို့ကား ချီးကျူးဖွယ်ကောင်းပေစွ။ “အိမ်နံပါတ်( )၊ ( ) လမ်းက ဦးဘယ်သူ ဘယ်ဝါ မိသားစုက သင်္ကန်း၅စုံနှင့် အလှူငွေ သုံးသောင်းကို လှူဒါန်းသွားပါတယ်။ အမှတ် ( )ရပ်ကွက်နေ ရပ်ကွက်သူ ရပ်ကွက်သားများ သင်္ကန်းတစ်စုံနဲ့ ငွေ ၁၀၀၀ကို လာရောက် လှူဒါန်းနိုင်ပါတယ်” ကြားနာရသည်မှာ မလှူဖြစ် လှူဖြစ်အောင် တိုက်တွန်း သလိုမျိုး ဖြစ်နေလေရော့သလား။ ဓမ္မာရုံနှင့် မဏ္ဍပ်တို့မှ အလှူခံပုဂ္ဂိုလ်များသည် ဘုရားတန်ဆောင်းတို့မှ အလှူခံများနှင့် မတူကွဲပြားစွာ ဒါနမင်္ဂလာဆိုက် အောင် ကုပ်ဆွဲပို့နေသလားထင်ရတော့ပြီ။ သာဓုပါ။

မည်သို့ဆိုစေ၊ ကုသိုလ်ရေးကိစ္စပြီးလျှင် အမျိုးသားရေးကိုလည်း စိတ်ဝင်စားဖို့ လိုသေးသည်။ ထို ကထိနမင်္ဂလာ ကထိန်ပွဲတော်သည် တစ်နှစ်

တစ်ကြိမ်ပေမို့ အမျိုးဘာသာအရအရေးပါသည့် မှန်သော်လည်း နှစ်စဉ်နှစ်တိုင်းကြုံနေကျလေ။ သည်နှစ် မလှုနိုင်လျှင် နောင်နှစ်ဆိုပြီး တေးထားနိုင်သေး၏။ အမှန်စင်စစ် ဤနှစ် တန်ဆောင်းမုန်းလဝယ် အရေးပါသည်မှာ အမျိုးသားနေ့၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ချုပ်က ညီလာခံကြီး ကျင်းပနိုင်ရန် စိုင်းပြင်းနေကြခြင်းမှာလည်း အနှောင့်အယှက်များစွာနှင့် ဆိုပဲ။ မကြာမတင်လများက လက်ရှိအစိုးရသည် သူ့လူများနှင့်သူ ပညာရေးဥပဒေကိုရေးဆွဲပြီးသကာလ အတည်ပြုပြဋ္ဌာန်းခဲ့ရာ မြန်မာနိုင်ငံအဝန်း အနယ်နယ်အရပ်ရပ်ရှိ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ တစ်ခဲနက် ကန့်ကွက်ဆန္ဒဖော်ထုတ်ပြခဲ့ကြသည်။ အထက်တန်းကျောင်းများမှအစ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမများအထိ။ အားလုံးဘဝင်မကျနိုင်သော ပညာရေးဥပဒေကို ဖွတ်ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သူတို့ဘက်ကအသင့်။ တစ်ချိန်က အင်္ဂလိပ်နယ်ချဲ့တို့ အုပ်ချုပ်ခံကာလတွင် မြန်မာတို့အား ပညာသင်ခွင့်ပေးသော်လည်း ယင်းတို့၏ ကိုလိုနီစနစ်ဆိုးကို ပံ့ပိုးအကျိုးပြုမည့် ကျွန်ပညာရေးကိုသာ အဓိကထားသည့်အနေနှင့် ရန်ကုန်တက္ကသိုလ်ဟု ဖော်ဆောင်ရာတွင်ပင် မြန်မာနိုင်ငံသားများ လက်မခံနိုင်သော ဥပဒေကြမ်းကို ဖွတ်အတင်း ပြဋ္ဌာန်းခဲ့၏။

၁။ မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုတည်းသာရှိရမည်ဖြစ်ပြီး လက်အောက်ခံကောလိပ်များသည်လည်း ရန်ကုန်မြို့၌သာ ရှိရမည်။

၂။ တက်ရောက်ခွင့်ရသော ကျောင်းသားတိုင်းသည် ကျောင်းအိပ်ကျောင်းစားနေရမည်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲမရှိတော့။ အစိုးရက High School Final ခေါ်သော အလယ်တန်းစာမေးပွဲကို အောင်မြင်ရမည်။

၄။ အင်္ဂလိပ်နှင့် အခြားဘာသာရပ်တစ်ခုခုကို ထူးချွန်အောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ပြုမည်။

၅။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းသည် တစ်ခါဖြေဆို၍ မအောင်မြင်ပါက နောက်နောင် ဖြေဆိုခွင့်မပြု၊ တက္ကသိုလ်မှထုတ်ပစ်မည်။

၆။ တက္ကသိုလ်ဝင်ခွင့်ရရှိပါကလည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်း စ၍ မသင်ရသေးဘဲ တက္ကသိုလ်ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ် နေရမည်။

၇။ ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေရသော်လည်း တက္ကသိုလ်ပညာရပ်များကို မလိုက်နိုင်သေးဟု သတ်မှတ်ခံရလျှင် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူခွင့်မပြုစေရ။

ယင်းဥပဒေကြမ်းကို ပြန်လည်ပြင်ဆင်ပေးရန်အတွက် တစ်နိုင်ငံလုံးရှိ ကောလိပ်ကျောင်းသားများ၊ ဂျီစီဘီအေအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဒေသအစည်းအဝေးများက တောင်းဆိုပါသော်လည်း နယ်ချဲ့အစိုးရ လုံးဝလျစ်လျူရှုကာ ဘုရင်ခံထံ တင်ပြအတည်ပြုချက်ရယူပြီး ၁၉၂၀၊ ဒီဇင်ဘာ ၁ ရက်နေ့မှစ၍ တက္ကသိုလ်ဥပဒေကို ဖွတ်ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့်ပင် ကျောင်းသားထုက ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်းမုန်းလပြည့်ကျော် ၁၀ ရက်မှာ အမျိုးသားရေး စိတ်ဓာတ်ဖြင့် အမျိုးသားဥပဒေကို မျှော်လင့်လျက် နယ်ချဲ့ပြဋ္ဌာန်းသော တက္ကသိုလ်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း စုပေါင်းညီညာစွာ အရေးဆိုခဲ့ကြသည်။ Y.M.B.A ဆရာတင်၏ ဗမာစာသည် ဒို့စာ၊ ဗမာစကားသည် ဒို့စကား၊ ဗမာပြည်သည် ဒို့ပြည်... အစရှိသော ကြွေးကြော်သံနောက်တွင် အမျိုးသားကျောင်းများ၊ ကောလိပ်များကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချို၊ ဆရာတော် ဦးဉာဏလို ပုဂ္ဂိုလ်များက ပါမောက္ခကထိကတာဝန်များကို စေတနာ့ဝန်ထမ်းအဖြစ် မဆိုင်းမတွ ပါဝင်လာကြခြင်းဖြင့် အမျိုးသားရေးလှုပ်ရှားမှုကြီးသည် နယ်ချဲ့တို့ မျက်ဖြူဆိုက်စေသည်အထိ ပေါ်ထွန်းလာခဲ့ပြီးလျှင် တက္ကသိုလ်အက်ဥပဒေကို မကျေနပ်၍ ကျောင်းသားများ စတင်အရေးဆိုရာနေ့ကြီးကို အမျိုးသားနေ့အဖြစ် အများသဘောညီစွာ သတ်မှတ်ခဲ့ကြသည်။

ယခုလည်း လာမည့် ၉၃ ကြိမ်မြောက် အမျိုးသားနေ့၌ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားညီလာခံကြီးသည် မိုးလာဖျက်၊ လေလာဖျက်၊

ဘယ်သူလာဖျက်ဖျက် မပျက်မကွက် ကျင်းပမည်ဖြစ်ကြောင်းကို ခြွင်းချက်မရှိ ယုံကြည်စွာဖြင့် မြန်မာနိုင်ငံ နိုင်ငံသူ နိုင်ငံသား အပေါင်းက နှစ်ထောင်း အားရကြိုဆိုသင့်လှပေကြောင်း။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရမည်ဖြစ်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေမူကြမ်းကို ယခုလက်ရှိအချိန်တွင် ဆွေးနွေးဆဲဖြစ်ပြီး ပြင်ဆင်သည့်ဥပဒေပုဒ်မများတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပုဒ်မ(၄၃၆/က)အရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ပြင်ဆင်ရမည့် ပုဒ်မများပါဝင်သည့်အတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးဥပဒေ အဖြစ် ပြဋ္ဌာန်းရန် ယင်းဥပဒေမူကြမ်းကို တင်သွင်းရခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥပဒေမူကြမ်းကော်မတီ၏ အစီရင်ခံစာအရ သိရသည်..တဲ့။ ထိုအတွက် ဥပဒေတစ်ရပ်လိုအပ်သဖြင့် ပြည်သူ့လွှတ်တော်က တာဝန်ယူ ပြုစုနေကြောင်း၊ ယင်းကော်မတီက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးမှ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းလျက် နိုဝင်ဘာ ၁၃ ရက်နေ့ ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ စတင်ဆွေးနွေးလျက် ရှိနေသည်မှာ ယနေ့ထက်တိုင်ပင်။

၂၀၁၁ ခုနှစ်မှ စတင်ဖွဲ့စည်းပါသော နိုင်ငံတော်အစိုးရအဖွဲ့အစည်း အတွင်းမှာပင် ပုဒ်မ ၄၃၆ ပြင်ဆင်ရေးသည် သမ္မတအပေါ်တွင် မူတည် ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ ပြောကြားချက်ကို သမ္မတက သဘောမတူကြောင်းနှင့် ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် လွှတ် တော်အမတ်များအား စည်းရုံးရန်မှာ ပြည်ထောင်စုလွှတ်တော်နာယကတွင် သာတာဝန်ရှိကြောင်း သမ္မတဦးသိန်းစိန်က တုံ့ပြန်ခဲ့သည်။ နိုဝင်ဘာလ ၁၈ ရက်နေ့ သူရဦးရွှေမန်း၏ သတင်းစာရှင်းလင်းပွဲနောက်မှာ ပေါ်ပေါက် လာသော ဘော်လီဘောပုတ်မှုပင်ဖြစ်သည်။ သူရဦးရွှေမန်းအဆိုအရ တပ်မ တော်အပေါ် သမ္မတက ဩဇာအသင့်အတင့်ရှိ၍ ပုဒ်မ ၄၃၆ အောင်မြင်ရေးမှာ သမ္မတနှင့် ကာချုပ်နှစ်ဦးအပေါ် မူတည်နေကြောင်း ရှင်းလင်းပွဲမှာ ပြောခဲ့၏။

သမ္မတကြီးကတော့ သူရဦးရွှေမန်းမှာသာ တာဝန်အပြည့်အဝရှိကြောင်း၊ ကာချုပ်နှင့်သက်ဆိုင်သော တပ်မတော်သားကိုယ်စားလှယ်များကမူ ပုဒ်မ ၄၃၆ မပြင်လိုကြောင်း လွှတ်တော်တွင် ဆွေးနွေးသွားပြီဖြစ်၏။ ထိုကိစ္စကိုလည်း ပုဒ်မ ၄၃၆ကို တပ်မတော်က တင်းခံထားခြင်းမှာ ကာ/ချုပ်တစ်ဦးတည်း၏ သဘောထားမဟုတ်ကြောင်း ပထမအကြိမ် လွှတ်တော် ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်ကျင်းပသော နိုဝင်ဘာ ၂၀ ရက်နေ့က လွှတ်တော်အစည်းအဝေးခေတ္တနားချိန်အတွင်း မီဒီယာများမေးမြန်းသည်ကို ကာ/ချုပ်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်ပေသည်။ အမယ်ဘုတ်ကယ့် သူ့ချည်ခင်ဖြစ်နေသော ပုဒ်မ ၄၃၆ ပြင်ဆင်ရေးသည် ၂၀၁၄ ကုန်ခါနီးလေ မျက်ဖြူဆိုက်လေ ဖြစ်နေရော့သလား။ နိုဝင်ဘာလ ၂၀ ရက်နေ့က ဗွီအိုအေနှင့် သမ္မတကြီးတွေ့ဆုံမေးမြန်းခန်း၌ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးသည် ပထမဆုံးမှာ လွှတ်တော်၏တာဝန်ဖြစ်ပြီး ဒုတိယမှာ ပြည်သူလူထု၏ တာဝန်ဖြစ်ကြောင်း၊ ဘယ်ပုံဘယ်နည်း လုပ်သင့်သည်ကို အစိုးရကသော်လည်းကောင်း၊ တပ်မတော်ကသော်လည်းကောင်း ညွှန်ကြားပေးပိုင်ခွင့်မရှိကြောင်း သမ္မတကြီးက ပြတ်သားစွာဆိုသည်။

၎င်းချည်ခင်ထွေးကို ရှင်းလင်းရန် ၈၈ မျိုးဆက်က တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်းမည်ဟု ဆိုလာပြန်ပါသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ပတ်သက်၍ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၏ အချက် ၅ ချက်ပါသော သဘောထားထုတ်ပြန်ချက်အရ **မြန်မာ့နိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသားတစ်ရပ်လုံး၏ လိုအင်ဆန္ဒမှာ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဖြစ်ကြောင်း၊ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်သော ပြည်ထောင်စုလွှတ်တော်၏ဆွေးနွေးဆုံးဖြတ်အကောင်အထည်ဖော်မှုများသည် ပြည်သူလူထု၏သဘောထားနှင့် လှုပ်ရှားဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြု လေးစားထင်ဟပ်ရန် လို**

ကြောင်း၊ တိုင်းရင်းသားဒေသများတွင် လက်ရှိဖြစ်ပွားနေသော စစ်ရေးတိုက်ခိုက်မှုများသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို များစွာထိခိုက်စေကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်စနစ်တည်ဆောက်ရေးတို့အတွက် ပုဒ်မ–၄၃၆ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မျက်ခြည်ပြတ်ခံ၍ မရကြောင်းစသဖြင့် ၎င်းတို့၏ သဘောထားကို အသိပေး ပြောကြားခဲ့သည်ဟု သိရသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်ရေးနှင့် ပတ်သက်၍ ဟစ်တိုင်ဂျာနယ်မှ အစဉ်တစိုက် လှုပ်ရှားခဲ့သော ဖော်ဆောင်မှုများ၊ အချိန်ကာလနှင့် ငွေကြေးပမာဏတို့သည် တစ်နိုင်ငံလုံး မျှော်လင့်လျက်ရှိသော ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် ပထမဦးစွာ ကနဦးအခြေချခဲ့သော အုတ်မြစ်တစ်ချပ်ဖြစ်ခဲ့သည်ကို ကျေနပ်အားရလျက်. . ။

* * *

နိုဝင်ဘာလ ၂၉ ရက်နေ့ရောက်တိုင်း မြန်မာပြည်သူတို့အတွက် အမှတ်ရကောင်း ရသင့်သည်ကား 'ပါတော်မူနေ့' ဖြစ်ကြောင်းပင်။ တိုင်းတစ်ပါးနယ်ချဲ့လက်အောက်မှာ ကျွန်စဖြစ်ခြင်းနေ့ မဟုတ်ပါလား။ 'ကျွန်' ဆိုတဲ့ အနှတ္တသညာသည် ကြားရသူအဖို့ နားဝင်မချိုနိုင်သည့်အပြင် ဘဝအရဆိုပါကလည်း ဓားမနောက်ပိတ်ခွေး. . ဟု ဆိုရမလား။ ကျွန်စုပ်ပစ်တဲ့ သရက်စေ့. . ဟု ဆိုခံရလျှင် နာလိုက်သည်ဖြစ်ခြင်း။ လူ့ဘဝထဲတွင် အောက်တန်းနောက်တန်းကျစေသောအဖြစ်ကို ငြင်းဆန်ခုခံပိုင်ခွင့် မရှိပြီ။ ပူပူနွေးနွေးကျွန်ဘဝရောက်ရသူများတွင် ငိုကြွေးနာကြည်းခဲ့သူများ၊ သူ့ကျွန်မခံတော်လှန်လိုသူများ၊ အချိန်အခါ အခြေအနေကို အသုံးချ ကိုယ်ကျိုးရှာသူများ၊ အားမတန် ကံကိုသာပုံချ၍ နေတတ်အောင်နေသူများ. . စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ရှိကြရာတွင် မြန်မာတို့ ဘုန်းမီးနေလတောက်ပခဲ့သော ကုန်းဘောင်မင်းဆက်၏ မီးရှူးတန်ဆောင်သဖွယ်ဖြစ်သော အလောင်းမင်းတရား

ဦးအောင်ဇေယျ၏ အရှိန်အဝါသည် မြန်မာသက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် လေပြင်းတစ်ချက်တိုက်၍ ဟုပ်ခနဲငြိမ်းသည့်ပမာ အမျိုးဂုဏ်၊ ဘာသာဂုဏ်၊ သာသနာဂုဏ်တို့ မီးသဂြိုဟ်ခံခဲ့ရပြီဖြစ်သည်။ ဆီးဘန်နီ ဆရာတော်က ဤသို့ ဖွဲ့ခဲ့လေသည်။

သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်၍
ကုန်းဘောင်နေမီး၊ မထိန်ညီးက
တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်
ထီးသုဦးနန်းသုဦး၊ မြို့သုဦးသုည
သုဦးသုံးဝဖြင့်၊ သုဦးရပြန်လစ်
သုညခေတ်ဝယ်၊ လူဖြစ်လာရပေ
တို့တတွေသည်၊
သေသော်မှတည့်၊ ဩော်... ကောင်း၏။

အကယ်၍များ ဆီးဘန်နီဆရာတော်ကြီးသာ ယနေ့ခေတ်အခါ အခြေအနေများကို သိရှိပါလျှင် ဘယ်သို့ဘယ်ပုံ ရေးဖွဲ့ပါဦးမည်နည်း။ သူ့ကျွန်ဘဝရောက်ရစဉ်က မြေမှာ လူးလိမ့်ငိုကြွေး၊ ရင်အစုံကို တအုန်းအုန်းထုကာ အရှင်နှစ်ပါးတို့ ပါတော်မူရပုံကို ညှိုးချုံးကြေကွဲရသူတို့သည် အမျိုးသားရေးမှိုပူဆွေးကြပါသော်လည်း တရားနှင့် ဆင်ခြင်ထောက်ရှုကာ သူ့ကျွန်ဘဝကို တော်လှန်သူတို့က တော်လှန်ရင်း တိုက်ပွဲဝင်ခဲ့ကြသည်။ သူ့ကျွန်ဘဝမှ သေကြောင်းကြံလျက် မိမိဘဝကို အဆုံးစီရင်ကြသည် မရှိခဲ့။ ယခုတော့ နေ့စဉ်သတင်းစာများကို ကြည့်ပါ။ ယောကျ်ားဖြစ်လျှင် သစ်ပင်မှာ ကြိုးဆွဲချ၊သေဆုံးမှုများကို မဖတ်ချင်ဘဲ ဖတ်နေရ၏။ ဘယ်မြို့ ဘယ်ရွာ၊ ဘယ်ရပ်ကွက်က အမျိုးသမီး ပိုးသတ်ဆေးသောက်လျက် ဘဝတုံးစီရင်မှုတွေ၊ ကိုယ့်ကိုယ်ကို သတ်သေမှုတွေ တစ်နေ့တခြား တိုးပွားဖွံ့ဖြိုးလာနေသော တိုင်းပြည်၊ နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးမှာ သူ့ကျွန်ဘဝထက်ပင် အောက်တန်းနောက်တန်းကျခဲ့ပါပကော။ ကျွန်အောက် သဘောက်တဲ့လား။

၄ ပွင့် ဆိုင်ချင်ဆိုင်၊ ၆ ပွင့် ဆိုင်ချင်ဆိုင်၊ ၁၄ ပွင့် ဆိုင်ချင်ဆိုင်၊ ၅၁ သန်းပွင့် ဆိုင်ချင်ပဲ ဆိုင်ကြပါကုန်လော့။ ဒေါက်တာအေးမောင်ပဲ ကယ်နိုင်မလား . . ။ ဒေါ်အောင်ဆန်းစုကြည်+မင်းကိုနိုင်ပဲ ကယ်နိုင်မလား . . ။ KNU ခေါင်းဆောင်က သမ္မတ + ကာ/ချုပ်နှင့်တွေ့ပြီး ဘာဖြစ်လာလိမ့်မလဲ။ ထူးမခြားနား၊ မီးရေစုံသား၊ ရောင်တော်ထွေပြား၊ ထူးထွေ . . ညာရွှေတည့် အံ့ရာသော်ဝ် . . အပြင် ရုပ်ရှင်သရုပ်ဆောင် ဆရာမြတ်လေးရေးသည့် ဇာတ်ဝင်သီချင်းတစ်ပုဒ် (ဝမ်းနည်းဝမ်းသာ ရုပ်ရှင်ဇာတ်ကားထဲမှ) ကို ကြားယောင်မိပြန်ပါသည်။

သန်းခေါင်ထက် ညဉ့်နက်ပါတယ် . .

ချွေးတော်သိပ် ခေါင်းအညိတ်ဝယ် . .

အညာလွယ်သူ အမိုက်အမဲတစ်ယောက်မယ် ငိုပွဲဆင်ရတယ် . . တဲ့။

သည်သို့သော မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်အတွင်း လာရောက်လည်ပတ်သော နိုင်ငံတကာခေါင်းဆောင်များအား အံ့ဩပါဘိ။ ယခုလည်း နော်ဝေဘုရင်မင်းမြတ်နှင့် မိဖုရားကြီးက လာချေဦးမတဲ့။ ကျွန်ုပ်တို့ နိုင်ငံသားအားလုံး ပျော်ရွှင်ကြည်နူးနေကြသည်ဟု ထင်ပါသလား။ ကျွန်ုပ်တို့နိုင်ငံ သာယာစည်ပင်နေသည်ဟု မှတ်ယူကြပါသလား။ တကယ့်တကယ်တော့ . . မြန်မာတစ်နိုင်ငံလုံး၏ မရှုနိုင် မရှိုက်နိုင်အောင် ဖြစ်ပျက်ကြုံတွေ့ခံစားနေရသော ဒုက္ခသုက္ခအလုံးစုံသည် စာသ၍ ကုန်နိုင်ဖွယ်မရှိ။ ဩော် . . ဆီးဘန်နီကို လွမ်းတရပါဘိ . . ။

* * *

၁။ လာမည့် ၁၁-၁၂-၂၀၁၃ နေ့သည် ၁၃၀၀ ပြည့်အရေးတော်ပုံ ၇၅ နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် ၃၉ နှစ်မြောက် ဦးသန့်အရေးအခင်း နှစ်ပတ်လည်နေ့ဖြစ်ပါသည်။

၂။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးသည် နယ်ချဲ့အင်္ဂလိပ်၏ ဖိနှိပ်သွေးစုပ်အမြတ်ထုတ်မှုကို ဖွင့်ချတိုက်ခိုက်သော အမျိုးသားရေး

လုပ်ရှားမှုဖြစ်သည်။ ၁၉၃၈၊ နိုဝင်ဘာ ၃၀ တွင် အာဇာဝက သခင်ဘိုးလှကြီး ခေါင်းဆောင်သော ရေနံမြေအလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ပြည်သူများ ပူးပေါင်းပါဝင်ခဲ့ကြပါသည်။ ဗိုလ်အောင်ကျော်အပါအဝင် ၃၁ ဦး အသက်ပေးခဲ့ရပြီး ၂၀၀၀ ကျော် ဖမ်းဆီးခံခဲ့ရသည်။

၃။ ဖဆပလ စစ်အစိုးရအလိုမရှိ၊ ဒီမိုကရေစီရရှိရေး ဒို့အရေး၊ ကုလသမဂ္ဂအတွင်းရေးမှူး ဦးသန့်အား ထိုက်တန်စွာ နေရာပေးရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော ကျောင်းသားများ၊ သံဃာတော်များ၊ ပြည်သူများကို ရန်ကုန်တက္ကသိုလ်အတွင်း စစ်မြေပြင်လို ချေမှုန်းခဲ့ပေသည်။

၄။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအတွက် အဖိနှိပ်ခံရသော လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးသည် ဖောက်ပြန်သော အစိုးရအဆက်ဆက်အား အနုနည်း၊ အကြမ်းနည်းဖြင့် တော်လှန်တိုက်ခိုက်သော အစဉ်အလာများ ရှိခဲ့ကြပေသည်။

၅။ ယနေ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲရန် တစ်မျိုးသားလုံး စုစည်းညီညွတ်ကြရန် လိုအပ်ပါသည်။

၆။ (က) အလုပ်သမားများဘဝ သာယာတိုးတက်ရေး၊ (ခ) မတရားသိမ်းထားသော လယ်ယာမြေများအမြန်ပြန်ပေးရေး၊ (ဂ) နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မဲ့လွှတ်ပေးရေး၊ (ဃ) မတရားသင်းဥပဒေနှင့် မတရားသော ဥပဒေများ ဖျက်သိမ်းရေး၊ (င)၂၀၀၈ ဥပဒေအား ကိုယ်လိုရာ ကွက်မပြင်ရေး၊ (စ) ထာဝရငြိမ်းချမ်းရေးအတွက် အဟန့်အတားများ ဖယ်ရှားရေး၊ (ဆ) ပြည်သူလူထု စားဝတ်နေရေး အဆင်ပြေရေး အမြန်ဆောင်ရွက်ရန်။

အမျိုးသားပြန်လည်သင့်မြတ်ရေး ကွန်ရက်၊ ၇၄/၇၆ နိုင်ငံရေးအင်အား

စု၊ နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားကွန်ရက်၊ ၇၀ ပြည့်နှစ် တက္ကသိုလ်ရွှေရတုကျောင်းသားဟောင်းများ စသဖြင့် အဖွဲ့အစည်း ၄ ဖွဲ့ကနေ ၃၉ နှစ်မြောက် ဦးသန့်အရေးအခင်း နှစ်ပတ်လည် ၃-၁၂-၂၀၁၃ ရက်နေ့ အထက်ပါထုတ်ပြန်ချက်သည် ယနေ့ကာလအထိ တစ်နှစ်တာအတွင်း သိသိသာသာ တစ်စုံတစ်ရာ ထူးခြားပြောင်းလဲလာသည်ဟု မတွေ့ရသေးပေ။ ယနေ့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဦးသန့်အရေးအခင်း နှစ် ၄၀ ပြည့်မြောက်ခဲ့ပြီး ၁၃၀၀ ပြည့်အရေးတော်ပုံကြီးသည်ကား ၇၆ နှစ်တိုင်ခဲ့ချေပြီ။ ဗြိတိသျှတို့ ပြဋ္ဌာန်းသော ပညာရေးဥပဒေကို လွန်ခဲ့သောနှစ်ပေါင်း ၇၆ နှစ်တုန်းက ကျောင်းတော်သားတို့ ဆန္ဒပြကန့်ကွက်ခဲ့ကြသလို ယနေ့အစိုးရ ပြဋ္ဌာန်းသော တရားဥပဒေကိုလည်း အမြို့မြို့အနယ်နယ် ကျောင်းသားထုက ဆန္ဒထုတ်ဖော်ကန့်ကွက်နေကြသည်မှာ သတင်းစာ၊ ဂျာနယ်များတွင် စဉ်ဆက်မပြတ် တွေ့မြင်ဖတ်ရှုနေရဆဲဖြစ်၏။ ပုံတူကားကျ အုပ်ချုပ်မှုသည် ပြည်သူလူထုဘက်က ကြည့်လျှင် အတူတူနှင့် အနူနူ.. ဟု ဆိုရချိမ့်မည်။ နှစ်လတစ်ကြိမ်တွေ့ဆုံနှုန်းဖြင့် ကာ/ချုပ်နှင့် KNU အဖွဲ့အစည်း တွေ့ဆုံဆွေးနွေးနေကြသည်ကို စိတ်ဝင်စားရမည်ထက် ပို၍ဆွေးနွေးသင့်သည်ကား သေနတ်သံမစဲသေးသော၊ အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုတို့ လက်စမသတ်နိုင်သေးသော ကချင်ပြည်နယ်ရှိ KIO, KIA တို့နှင့် မညှိနှိုင်းသင့်ပြီလား။ ပြည်သူတစ်ရပ်လုံးကတော့ ကာ/ချုပ် ကြီးအား ရောင်ရာဆီလူးစေချင်လှသည်။ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် အလိုမရှိ.. ဟု ကာ/ချုပ်ကြီးက ပေါ်ပေါ်ထင်ထင် မြွက်ကြားလိုက်ပြီး တစ်ပတ်မကြာမီမှာပင် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ ဖွဲ့က ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA) အမည်ရှိ ဖက်ဒရယ်တပ်မတော်တစ်ရပ်ကို ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ဗွီအိုအေသတင်းဌာန၏ ဒီဇင်ဘာလ ၂ ရက်နေ့ ထုတ်ပြန်ချက်အရ သိရှိကြရပေပြီ။ ယင်းတပ်မတော်သစ်သည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အဓိကအခန်းကဏ္ဍမှ ပါဝင်လိမ့်မည်.. လို့ UNFC တွဲဖက်အတွင်းရေးမှူး၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ဆိုပါသတဲ့။

နိုင်ငံတစ်နိုင်ငံ၏ တပ်မတော်တစ်ခုသာ ရှိသင့်ကြောင်းကို လက်ရှိအစိုးရက ကိုင်စွဲထားသည့်ပြင် ပြီးခဲ့သည့်အပတ်က ဗွီအိုအေနှင့် တွေ့ဆုံမေးမြန်းခန်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်က ထုတ်ဖော်ပြောကြားပြီးဖြစ်၍ ပဋိပက္ခအသွင်ဆောင်လာပြီဖြစ်သော ဟိုဘက်သည်ဘက် လက်နက်ကိုင်အရေးကိစ္စသည် ငြိမ်းချမ်းရေးလမ်းစဉ်အတိုင်း စားပွဲပေါ်မှာပင် လက်နက်ကိုင်အချင်းချင်း အေးအေးဆေးဆေးဖြင့် ပြေလည်အောင် ညှိနှိုင်းသွားဖို့ဆိုတာ..။

* * *

၂၀၁၄ ခုနှစ်သည် နေဂင်ချိန်သို့ ရောက်နေလေပြီ။ တစ်နှစ်ကုန်ဆုံးလုဆဲဆဲ ဇရာဒုမ္မလကျခဲ့ပြီလား။ အမှုအခင်းတွေကို ရက်ပေါင်း ၃၅၀ ခန့် ဖြတ်သန်းခဲ့ရပြီမို့ ပင်ပန်းနွမ်းလျနေခဲ့ပြီ။ ဘယ်လိုအမှုအခင်းတွေများလဲ.. ဆိုပြန်တော့ တရားမှုထက် မတရားမှုတွေကများ..၊ လက်တစ်လုံးခြား.. ကွက်ပျောက်ရိုက်၊ ဘူးခါငြင်းဆန်.. ခုတ်ရာတခြား ရှရာတလွဲ.. အပ်နှင့် ထွင်းရမည်ကို ပုဆိန်တမမ.. ဆရာများ သားသေ.. ဘိန်းစားချင်း တစ်လုံးပိုရှူ.. သူတစ်လူ ငါတစ်မင်း.. သေမထူး နေမထူး.. အရှူးက တစ်မူးသာ။ ကုန်လွန်တော့မည့် နှစ်ဟောင်းကို ပြန်စောင်းငဲ့ကြည့်မိတော့ လွမ်းလောက်စရာရယ်လို့မရှိ။ တော်ပါဘီ.. တန်ပါဘီ..၊ အန်ချင်စရာ အတိပြီးသည်များကို လုပ်ဝံ့လုပ်ရဲကြသည့် သတ္တိများအပေါ် အံ့ဩမဆုံးဖြစ်ရင်း ပြီးတာတွေ ပြီးပါစေတော့.. လို့ပဲ နှလုံးသွင်းရမည်လား။ သာသနာရေး၊ လူမျိုးရေး၊ ငြိမ်းချမ်းရေးကိစ္စများသည် ယခင့်ယခင် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကျဖြစ်သော လူမှုရေး၊ စီးပွားရေးတို့ထက် မနှိုင်းယှဉ်သာအောင် ကွာခြားခဲ့ပြီဖြစ်သည်။ မကောင်းဘက်သို့ ရှေးရှုပေါက်ဖွားစေခဲ့သဖြင့် ၂၀၁၄ သည် မီးစာကုန် ဆီခန်းနေပြီဖြစ်သော်လည်း နှမြောစရာ တစ်စက်ကမျှမရှိ။

နှစ်ကုန်ခါနီးပါမှ အာဆီယံနိုင်ငံထဲမှာ အပါအဝင်ဖြစ်သော ကိုရီးယား

နိုင်ငံကို ဟစ်တိုင်ဂျာနယ်မှ အကယ်ဒမီပေးချင်စိတ်တွေ ပေါ်လာရသည်။ မိမိတို့ဂျာနယ်က "သရဖူပေး၍ လူကုန်ကူးခြင်းကို ကာကွယ်ကြ" ဆိုသော ဆောင်းပါးကို "လူထုအသံ ထင်ဟပ်စေရမယ်" ဆိုသော ဂျာနယ် Slogan အတိုင်းဖော်ပြခဲ့ရာ ယခုဘဝင်ကျစရာတွေ တွေ့ခဲ့ပါပြီ။ ကိုရီးယားနိုင်ငံက မေမြတ်နိုး မှန်ကန်ကြောင်း.. အမှန်တရားဘက်က ရဲရဲကြီး ရပ်တည်ပြလိုက်သည်ကို ပြည်သူအများ ဖတ်ရှုပြီးဖြစ်သည်။ ယခုတစ်ဖန် ကိုရီးယားဘူဂရောင်းတက္ကသိုလ်က မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်အား နိုင်ငံရေးသိပ္ပံဂုဏ်ထူးဆောင် ပါရဂူဘွဲ့ နှင်းအပ်လိုက်ပါချေပြီ။ "မိမိအနေနဲ့ မြန်မာနိုင်ငံပြည်သူတွေ လိုလားတောင့်တခဲ့တဲ့ နိုင်ငံရေး.. လူမှုရေးနှင့် စီးပွားရေးစေတနာအပြည့်ဖြင့် ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်မှုအပေါ်မှာ ဒေသဆိုင်ရာအသိုင်းအဝိုင်းများမှ အသိအမှတ်ပြုနိုင်ပြီလို့ ယုံကြည်မိပါတယ်" ဆိုပြီးဘွဲ့ချီးမြှင့်တဲ့ အခမ်းအနားမှာ ဦးသိန်းစိန်က ပြောကြားပါသတဲ့။ မိမိနိုင်ငံသား၊ မိမိတို့သမ္မတက ယင်းကဲ့သို့ ဂုဏ်ထူးဘွဲ့ထူးရခြင်းကို နိုင်ငံ၏ လူများစုက ကောင်းချီးပေးမည်ဖြစ်သော်လည်း သမ္မတကြီးအား သည်ထက် ဇာတ်ရှိန်မြှင့်ဖို့ လိုလားတောင့်တနေကြသည်။ သမ္မတကြီးက ၁၂ ပွင့်၊ ၆ ပွင့်ကိစ္စတွေကို ပြတ်ပြတ်ကြီးမပြောဘဲ "တစ်ခုမှ မငြင်းပါဘူး။ တူတာတွေ ပေါင်းလုပ်ပြီး မတူတာတွေ ဆက်ဆွေးနွေးမယ်" ဆိုတဲ့အကြောင်း သမ္မတရုံးဝန်ကြီး ဦးအောင်မင်းကတစ်ဆင့် ပြောကြားမှုကို ကြားသိရသောအခါ ဘာတွေတူပြီး ဘာတွေမတူတာလဲ.. လို့ ဆက်စဉ်းစားမိပြန်ပါသည်။ ခေါင်းဘက်သည် ပန်းဘက်နှင့် မတူနိုင်သလို ပန်းဘက်ကလည်း ခေါင်းဘက်နှင့် သွင်သွင်ကြီး ခြားနားနေနိုင်ပါသည်။ ယင်းအခြေအနေကို ညှိမည်ဆိုလျှင် ကပ်ကမ္ဘာဆုံးတိုင် မျှော်လင့်ချက် မမြင်နိုင်ပါ။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ၁၂ ပွင့်ဆိုင်တွေ့ဆုံရန် တိုက်တွန်းကြောင်း အဆိုကို အတည်ပြုပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ယင်းတောင်းဆိုမှုသည် ဆွေးနွေးပွဲများ မဖြစ်မြောက်စေရန် ဦးတည်ကြောင်း.. တဲ့။ တိုင်းရင်းသားမျိုးနွယ်စု

ကြီး ခုနစ်မျိုးပါဝင်သည့် ၁၂ ပွင့်ဆိုင် ဆွေးနွေးပွဲတွေ့ဆုံဆွေးနွေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ယခုလအတွင်း အတည်ပြုခဲ့ခြင်းပင်။ ဟုတ်ပါပြီ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက ပြည်လုံးကျွတ် အပစ်အခတ်ရပ်စဲရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (NCCT) သို့ အဆိုပြုထားပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ထိုင်းနိုင်ငံမှာ တွေ့ဆုံဆွေးနွေးကြရန် အစီအစဉ်ရှိကြောင်း ဦးလှမောင်ရွှေ ပြောကြားချက်အရ သိရသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် မြန်မာအစိုးရက ကမ်းလှမ်းပါသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများက မည်သို့မျှ တုံ့ပြန်မှုမရှိသေးကြောင်း NCCT မှ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ဗွီအိုအေသတင်းဌာနသို့ အတည်ပြုပြောကြားခဲ့ပြန်သည်။ ယခုဒီဇင်ဘာလ ဒုတိယပတ်အတွင်းမှာပင် အစိုးရတပ်မတော်နှင့် ကေအိုင်အေအပါအဝင် မဟာမိတ်တပ်ပေါင်းစုတို့ ရှမ်းပြည်နယ် မြောက်ပိုင်း၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားသည်ဆိုသဖြင့် ငြိမ်းချမ်းရေးအတွက် ရင်အေးဖွယ် အရိပ်အယောင် မမြင်သာသေး... ဟုသာ ခန့်မှန်းရတော့မည်။ သို့ဆိုလျှင် အပစ်အခတ်ရပ်ပါက ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးကြမည်ဆိုသော ချိုးငှက်ကူသံသည် အတုလေလော... အစစ်လော...။

တိုက်ပွဲနှင့် ပစ်သံခတ်သံများသည် ၂၀၁၄ ခုနှစ်ကုန်ခါနီး၌ မီးစာကုန်ဆီခန်းဖြစ်နေငြားသော်လည်း ၂၀၁၅ ငြိမ်းချမ်းရေးအတွက် ငြိမ်းခါနီးတစ်ချက်ထတောက်သော မီးတောက်ကလေးသာ ဖြစ်ပါစေ... ဟု ဆုတောင်းရင်း...။

* * *

၂၀၁၄ ခုနှစ်သည် အမောဖောက်နေပြီဖြစ်သည်။ အမောဖောက်နေသော ၂၀၁၄ ခုနှစ် ကုန်ခါနီးလေ မြန်မာနိုင်ငံ၏ အရပ်ရပ်အခြေအနေသည်

ငြိမ်းခါနီး မီးတောက်ပမာ ဆိုရမည့်အလား မဖွယ်မရာ အမှုအခင်းများနှင့် အသုံးတော်ခံ၍ မဆုံးနိုင်အောင်ရှိသည်။ အနောက်ဘက်တံခါးပေါက်မှ ခိုးဝင်သူတွေ၊ တစ်ဦးလျှင် မြန်မာကျပ်ငွေ ၁၀ သိန်းရယူပြီး ခိုးသွင်းပေးသူ မိမိနိုင်ငံသားတွေ၊ ၁၁ နှစ်သမီးကို မုဒိမ်းမှုကျူးလွန်ရန်ကြံစည်သူ၊ သမီးရင်းနှင့် မှောက်မှားသူ၊ စီးပွားရေးကြောင့် ကြိုးဆွဲချသေဆုံးမှု.. ပိုးသတ်ဆေးသောက် အဆုံးစီရင်မှုတွေ၊ နိုင်ငံရေးကို ခုတုံးလုပ်အသုံးချကာ ပြည်ပအကူအညီ၊ ပြည်တွင်းအကူအညီများကို သုံးပြီး ခပ်တည်တည် သူရဲကောင်းလုပ်နေသူတွေ..၊ 420 ဖြင့် အရေးယူမခံရခင် အချိန်မီထွက်ပြေးတိမ်းရှောင်သူတွေ၊ လယ်မြေယာမြေ အသိမ်းခံရသည့်အပြင် အမှုအခင်းနှင့်တစ်မျိုး၊ ထောင်သွင်းအကျဉ်းကျခံရခြင်းတစ်ဖုံ၊ တရားလိုက တရားခံဖြစ်၊ တရားခံအစစ်က ဘေးကင်းရာ၊ မသမာသူတို့ အောင်ပွဲခံပုံများ၊ နတ်ဖျားမှ ငြိမ်းချမ်းရေး တွင်တွင်အော်ပြီး သေနတ်ပြောင်းဝမှ ကျည်ဆန်အော်တိုထွက်စေသူများ၊ ဆင်သေကို ဆိတ်ရေနှင့် ဖုံးသည့်အခါ မလုံမခြုံဘဲ ပေါ်သည့်နေရာများအား ကျီးထိုးခွေးဆွဲဖြစ်မည်မှာ သဘာဝပင်။ မြန်မာနိုင်ငံကြီးသည် ဆင်သေ၊ ဒီမိုကရေစီဖော်ဆောင်နေသည်ဆိုသော အပွင့်ပါသော ယူနီဖောင်းချုတ် အစိုးရသည် ဆိတ်ရေ၊ နိုင်ငံအတွင်း၌ အချောင်သမားများသည် နိုင်ငံရေးလောကတွင်းမှာပင် မကြုံဖူးအောင် ပွားခဲ့ပြီဖြစ်သည်။ ကျီးနှင့်ခွေးနှင့်တူသော အချောင်သမား စိတ်လေ စိတ်လွင့် လူလေလူလွင့်များကား ဘိုးဘိုးအောင်၏ ဝ,လုံးကဲ့သို့ ပွားသည်ထက် ပွားခဲ့ချေပြီ။ တောမီးလောင်လျှင် တောကြောင်ကလည်း လက်ခမောင်းခတ်ပေလိမ့်ဦးမည်။ တောကြောင်လား.. တောဂေါ်ဇီလာလားတော့မသိ၊ ဗုဒ္ဓရုပ်ပွားတော်ပုံကို အသုံးပြု၍ DJ ဖျော်ဖြေပွဲကြော်ငြာခဲ့သည့် ဂက်စ်တိုဘားအမှုကို သာသနာညှိုးနွမ်းစေမှု ဥပဒေပုဒ်မ ၂၉၅ အပြင် ပုဒ်မနှစ်ခု ထပ်တိုးစွဲချက်တင်သောအခါ အပေါင်းပါ ၃ ဦးလုံးက အပြစ်မရှိဟု ငြင်းဆိုသွားကြောင်း သိရသည်။ ဘယ်သူ့တွင် အပြစ်ရှိပါသနည်း.. ဆိုသော မေးခွန်းကို ဖြေဆိုရမည့်သူများအဖြစ် ဆိုင်ရှင်နှင့် မန်နေဂျာတို့၏ မိဘလေးပါးတွင် တာဝန်မရှိပြီလော။ ထိုဆိုင်ရှင်နှင့်

မန်နေဂျာသည် ဗုဒ္ဓဘာသာဖြစ်လျှင် သူတို့အနေနှင့်လည်းကောင်း၊ မိဘအနေနှင့်လည်းကောင်း မိမိအယူဝါဒအတွက် ၁ ရာခိုင်နှုန်းမျှ မစဉ်းမစားလုပ်ဆောင်ခဲ့ကြပုံရ၏။ သူ့မိဘတွေက ဘယ်ပုံသွန်သင်ခဲ့လဲ..၊ မိဘမျက်နှာမထောက်ထားကြပြီလားဆိုတာ၊ စီးပွားရေးမှ စီးပွားရေးပဲလား၊ ဗုဒ္ဓမျက်နှာထက် ငွေမျက်နှာက အရေးပါသတဲ့လား။ ဘာသာရေးကျူးကျော်ခံရမှုသည် ဘာသာဝင်တိုင်းကို ထိခိုက်ပွတ်တိုက်မှုပင်ဖြစ်သည်။ ဘာကြောင့်များ ဒီလောက်ရဲကြပါလိမ့်။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း လေးစားစိတ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ရှေးရှုမှုတစ်ရပ်ပင်ဖြစ်သည်။ ကမ္ဘာ့သြဇာကြီးမားသူများဖြင့် ဖွဲ့စည်းထားသော The Elders အဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်နေ့အထိ မြန်မာနိုင်ငံခရီးစဉ်အပြီး တိုက်ခိုက်ခြင်းများ အဆုံးသတ်ပြီး အားလုံးပါဝင်သော ဖက်ဒရယ်နိုင်ငံသစ်တည်ဆောက်မှု စတင်နိုင်ရန်အတွက် လက်ရှိအခွင့်အလမ်းကို ရယူကြရန် ပဋိပက္ခများတွင် ပါဝင်တိုက်ခိုက်နေကြသော အဖွဲ့များကို တိုက်တွန်းကြောင်း ထုတ်ပြန်ချက်ကို ဖတ်ရှုရသည်။ ၎င်းအဖွဲ့သည် မြန်မာနိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးအပြေရှာလိုက်သည့်အခါ..

"တိုက်ခိုက်ခြင်းများကို အပြီးသတ်ရပ်စဲခြင်းက ပထမခြေလှမ်းဖြစ်ရပါမယ်။ ဒီလိုဆန္ဒရှိနေတယ်ဆိုရင် ကျွန်တော်တို့ ခရီးစဉ်အတွင်းမှာ ဘက်ပေါင်းစုံက ကြားသိခဲ့ရပါတယ်။ ဒီဆန္ဒတွေကို လက်တွေ့လုပ်ဆောင်ချက်တွေအဖြစ် ချက်ချင်းပြောင်းလဲပစ်ရပါမယ်။ ယုံကြည်အားကိုးနိုင်လောက်တဲ့ စောင့်ကြည့်ထိန်းကျောင်းမှုစနစ်နဲ့ တခြားယုံကြည်မှု တည်ဆောက်ခြင်း လုပ်ဆောင်ချက်တွေက အနိမ့်အဆင့်ကနေ အမြင့်ဆုံးအဆင့်တိုင်အောင် အဆင့်တိုင်းမှာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ အထောက်အကူပေးပါလိမ့်မယ်"

*(The Elders အဖွဲ့ဝင် ဖင်လန်နိုင်ငံသမ္မတဟောင်း မာတီအာတီဆာရီ)*

"မြန်မာနိုင်ငံက အပြောင်းအလဲတွေက ပြောစမှတ်ပြုလောက်ပါတယ်။ တစ်ချိန်တည်းမှာပဲ သာတူညီမျှမရှိခြင်းက တိုးပွားနေတယ်ဆိုတာလည်း ထင်ရှားနေပါတယ်။ လူ့အဖွဲ့အစည်းအတွင်းက အဆင်းရဲဆုံးသူများအနေနဲ့ စီးပွားရေးပွင့်လင်းလာမှုရဲ့ အကျိုးအမြတ်တွေကို ရယူခံစားနိုင်ဖို့ လိုအပ်နေပါသေးတယ်။ လူ့အဖွဲ့အစည်းအတွင်းက လူသားအားလုံး ကောင်းကျိုးအတွက် ဆက်လက်ဖြစ်ပေါ်နေမယ့် အပြုသဘောဆောင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေကို အားပေးလိုပါတယ်"

*(The Elders အဖွဲ့ဥက္ကဋ္ဌ ပရိုဟာလမ်ဘရန့်တ်လန်း)*

ပြည်တွင်းနိုင်ငံရေး၌ အပွင့်တွေနှင့် အချိန်ကုန်နေချိန်ဝယ် မိမိတို့ နိုင်ငံအား ခဏတာ လာရောက်လေ့လာပြီး သုံးသပ်အကြံပြုချက်များအပေါ် ယခင့်ယခင်ကလိုပင် ဘာသာလဝါ ဓန သွားကြလိမ့်ဦးမည်ဆိုတာကိုလည်း သံသယမရှိစွာဖြင့် ...။

❖